မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၃)
အမှတ် (၂၆၉)

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ကနေဒါနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇူလိုင် ၁

၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် ကျရောက်သော ကနေဒါနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ္စတာ ဒေးဗစ်ဂျွန်စတန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၅ ကော်လံ ၅ ❁

နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် လော့ယန်မြို့ မဟာစိနပဘာ ရွှေတိဂုံပုံစံတူစေတီတော် ထီးတော်တင်မင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို

နေပြည်တော် ဇွန် ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ပေကျင်းမြို့မှ ဟေနန်ပြည်နယ် လော့ယန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး လော့ယန်လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ရောက်ရှိကြရာ ဟေနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကျန်းကွမ်းကျွေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လော့ယန်မြို့ မြင်းဖြူဘုရားကျောင်းတော်သို့ ရောက်ရှိလေ့လာကြပြီး မဟာစိနပဘာ ရွှေတိဂုံပုံစံတူစေတီတော် ထီးတော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ဟေနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာရှဲ့ဖုကျန်း (Mr.Xie Fuzhan) က လော့ယန်မြို့ တုန်းရှန်းဟိုတယ်၌

စာမျက်နှာ ၃ ကော်လံ ၅ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ မဟာစိနပဘာ ရွှေတိဂုံပုံစံတူစေတီတော် ထီးတော်တင်မင်္ဂလာ အခမ်းအနားတွင် စိန်ဖူးတော်အား လှည့်လည်အပူဇော်ခံစဉ်။ (သတင်းစဉ်)

အောင်ပန်း-ပင်လောင်း-မိုးဖြဲ-လွိုင်ကော်လမ်းပေါ်ရှိ ဘီလူးချောင်းတံတား(မိုးဖြဲ)တည်ဆောက်ပြီးစီး

နေပြည်တော် ဇွန် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် အောင်ပန်း-ပင်လောင်း-မိုးဖြဲ-လွိုင်ကော်လမ်းပေါ်ရှိ ဘီလူးချောင်းတံတား(မိုးဖြဲ)ကို သံကူကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါအောင်ပန်း-ပင်လောင်း-မိုးဖြဲ-လွိုင်ကော်လမ်းပေါ်ရှိ ဘီလူးချောင်းတံတား(မိုးဖြဲ) ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၃) ကတာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည်ပေ ၃၆၀၊ အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီ ရှိကြောင်း သိရသည်။ တံတားပေါ်ဖြတ်သန်းသွားလာကြသော ယာဉ်များအတွက် ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်

စာမျက်နှာ ၈ ကော်လံ ၅ ✻

ယနေ့ မာတိကာ

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘရာဇီးတောင်ပိုင်းနေပြည်သူ ၅၀၀၀၀ ကျော် နေအိမ်များမှ ရွှေ့ပြောင်း စာမျက်နှာ » ၄

နေအိမ်၌လူမရှိဘဲ ဖုန်းအားသွင်းခဲ့ရာမှ မီးလောင်မှုဖြစ်ပွား စာမျက်နှာ » ၁၃

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မိုးပွင့်အဆင့် (၆)စီမံချက်

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် မွေးရာပါ နိုင်ငံသားများအတွက် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းတို့ကို ထုတ်ပေးလျက်ရှိပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးတစ်ယောက်အနေဖြင့် နိုင်ငံသားဖြစ်မှုအတွက် အရေးကြီးပါသည်။ နိုင်ငံသားတိုင်းသည် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူများဖြစ်ရပါမည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူ နိုင်ငံသားတစ်ဦးအနေဖြင့် သွားရေးလာရေးမှအစ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေနိုင်မည်ဖြစ်ပါသည်။ နိုင်ငံသားဖြစ်မှုအတွက် အခွင့်အလမ်းများစွာ ရှိပါသည်။ မွေးရာပါနိုင်ငံသားမှန်သမျှ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

ဤသို့ မွေးရာပါနိုင်ငံသားများအတွက် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းကို ဖြေလျှော့မှုများ ဆောင်ရွက်ကာ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်ပြီး တစ်နေရာတည်း(One Stop Service) ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မေလကုန်အထိ မိုးပွင့်စီမံချက်အဆင့်(၁)မှ အဆင့်(၅)အထိ နိုင်ငံတစ်ဝန်းကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ဖန် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်း၏ ဒုတိယအဆင့်ဖြစ်သော မြေပြင်တွင် ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းများ ပြီးစီးသဖြင့် မိုးပွင့်အဆင့်(၆) စီမံချက်ကို လာမည့် ဇူလိုင် ၁၇ ရက်မှစတင်ကာ ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤမိုးပွင့်စီမံချက်ဖြင့် တစ်လတွင် နှစ်ရက်သတ်မှတ်ကွင်းဆင်းဆောင်ရွက်မည်ဖြစ်၍ ကျန်ရက်များတွင် မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကြေညာချက်ထုတ်ပြန်ထားပါသည်။

ဤသို့ မိုးပွင့်စီမံချက်ဆောင်ရွက်ရာတွင် သွေးနှောပြည်သူများအတွက် အခြေခံမှတ်တမ်းများဖြင့် တိုက်ဆိုင်စိစစ်ရန် လိုအပ်ချက်အရ မြို့နယ်ရုံးများတွင်သာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် တာဝန်ကျဝန်ထမ်းများနှင့်အတူ နော်ဝေနိုင်ငံအခြေစိုက် (Norwegian Refugee Council-NRC)အဖွဲ့မှလည်း ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ ဤကဲ့သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်နေရာတည်း (One Stop Service) ဖြင့် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးနေချိန်တွင် အရွယ်ရောက်သူ အားလုံးက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိ မဖြစ်ရလေအောင် ပြုလုပ်ထားကြရန် ထပ်ဆင့်အသိပေးနှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

CLAIMS DAY NOTICE

M.V MALACCA HIGHWAY VOY:NO(174S)

Consignees of cargo carried by M.V MALACCA HIGHWAY VOY: NO (174S) are here by notified that the vessel will arrive on about 3-7-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃၀

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇွန် ၂၈ ရက် နံနက်ပိုင်းက မြတ်နိုးသူကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း အခြေအနေ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၄)က ကျောက်ပန်းတောင်း မြို့နယ် ပုပ္ပားတောင်ကလပ်တောင်ခြေမြေပြိုမှုကို ကွန်ကရစ်ဘိုးပိုင်များရိုက်ပြီး အဆင့်(၃)ဆင့် Cap Beam ပြုလုပ်၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ကျောက်ပန်းတောင်း-ငွေချို-ချောက်လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု၊ ဆိပ်ဖြူ-ကန်တော-ပေါက်လမ်းအား ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့မှ လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အထူးစီမံကိန်းကြီးအဖွဲ့(၃)က တည်ဆောက်နေသော အရှည် ၃၁၈၀ပေရှိ အမှတ်(၁)ပေါက်တံတား(အုန်းတော) တည်ဆောက်ရေးလုပ်ငန်းများ အထူးစီမံကိန်းကြီးအဖွဲ့(၃)က တည်ဆောက်နေသော အရှည်၃၁၄၀ပေရှိ အမှတ်(၂)ပေါက်တံတား (ရေပြာ)တည်ဆောက်ရေးလုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆိပ်ဖြူ-ကဇွန်းမ-ကံပြားလမ်းအပိုင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ကံပြားလမ်းဆုံမှတစ်ဆင့် စလင်း-စေတုတ္တရာလမ်း (စလင်း-ကံပြားလမ်းအပိုင်း)အား လမ်းခွဲခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ စလင်း-ပွင့်ဖြူ-မင်းဘူးလမ်းနှင့် နေပြည်တော်- တောင်ညို-မြို့သစ်-ကန်ပြား-မကွေးလမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာပြုပြင်စရာ

နေ့စဉ် ကားသုံးလေးစီး ဘီးချော်ကျနေသည့် လမ်းလယ်ကောင်က ရေဆင်းမြောင်းပေါက်ကြီး

ဗဟန်းမြို့နယ် ဖိုးစိန်လမ်းနှင့် နတ်မောက်လမ်းသွယ်(၁) လမ်းဆုံ (မြန်မာ့အလင်းသတင်းစာတိုက်အဝင်လမ်းလယ်ကောင်)တွင်အကျယ်(၃×၂)ပေခန့်ရှိ ကျွံကျရေမြောင်းပေါက်ကြီးဖြစ်နေသည်မှာ ရက်သတ္တတစ်ပတ်ခန့် ရှိနေပြီဟု ဆိုသည်။ နေ့စဉ် ကားငယ်သုံးလေးစီး ရေမြောင်းပေါက်ချိုင့်ထဲ ဘီးချော်ကျလျက်ရှိနေသည်။

ယင်းကဲ့သို့ ဘီးချော် ကျတိုင်း အနီးရှိ လမ်းဆုံ ဆိုက်ကား ဂိတ်မှ ဆိုက်ကားနင်းသူများနှင့် ခရီးသွားများက ဝိုင်းဝန်းမတင် ကူညီပေးနေရသည်ဟုဆိုသည်။ အမြင်မတော်သူအချို့က မြောင်းပေါက်ကြီးအလယ်တွင် ဝါးလုံးတိုင်စိုက်၍ သတိပေးအနေအထား ပြုလုပ်ပေးသော်လည်း ကားကြီးများဝင်လျှင် မလွတ်သဖြင့် ဝါးလုံးတိုင်ကို ဆွဲနုတ်ဖယ်ရှားလွှင့်ပစ်လိုက်၍ ထပ်မံဝါးလုံးတိုင်စိုက်မည့်သူ မရှိဟု ဆိုသည်။ လမ်းမှာအဝင်အထွက်ယာဉ်သွားလမ်း ၁၈ ပေခန့် ရှိသော်လည်း ဘိလပ်မြေဖျော်စက် ကားကြီးများ အဝင်အထွက်များ၍ လမ်းပေါက်ကျွံကျခြင်းဖြစ်သည်ဟု ပတ်ဝန်းကျင်နေသူများက ပြောသည်။ ကားတစ်စီးဆိုလျှင် ရှေ့ဘန်ပါကျိုးပဲ့ပျက်စီးသွားသည်ဟု မျက်မြင်တစ်ဦးက ပြောသည်။ **အောင်သန်း(တောင်ညွန့်)**

တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

တောင်ငူ ဇွန် ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်၏ တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက တောင်ငူမြို့ ကန်လမ်းရှိ ဟုတ်ဝမ်ခန်းမ၌ကျင်းပရာ သဘာပတိပညာရေးကွန်ရက် နာယက ဆရာကြီး ဦးစံတင်(လ/ထ တိုင်းပညာရေးမှူး-ငြိမ်း)က အမှာစကားပြောကြား၍ အထွေထွေအတွင်းရေးမှူးဒေါက်တာဘဆွေက ပညာရေးကွန်ရက်၏ ၂၀၁၃-၂၀၁၄ ခုနှစ် နှစ် ပတ်လည်လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်၏ နှစ်ပတ်လည် ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေး အဖွဲ့ခေါင်းဆောင် ဦးအောင်မင်းက လည်းကောင်း၊ တောင်ငူမြို့နယ် ပညာရေးမှူး ဦးတင်အောင်က မုဒိတာစကားကို လည်းကောင်း၊ မြန်မာစာပါမောက္ခ (ငြိမ်း) ဆရာမကြီး ဒေါက်တာဒေါ်မာမာဝေက "ပညာဆဋ္ဌဂံမှ အနားဖွဲ့မျဉ်းများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလှူရှင် KMA ဖောင်ဒေးရှင်းမှ CEOဆရာကြီး ဦးလှမြင့်က မုဒိတာစကားကိုလည်းကောင်း ပြောကြားခဲ့ကြသည်။

ထို့နောက် ပညာရေးကွန်ရက် နာယကဆရာမကြီး ဒေါ်ချစ်ချစ်(ငြိမ်း)က ပညာရေးကွန်ရက်၏ လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို နာယကဆရာကြီး ဦးစံတင်က KMA ဖောင်ဒေးရှင်းမှ CEO ဆရာကြီး ဦးလှမြင့်သို့လည်းကောင်း၊ နာယက ဆရာမကြီး ဒေါ်ချစ်ချစ်က ရန်ကုန်မြို့မှ အလှူရှင် ဒေါ်စိန်အေးမောင်နှမတစ်စုတို့အားလည်းကောင်း၊ ကျန်အလှူရှင်များသို့ အလုပ်အမှုဆောင်အဖွဲ့မှ ပေးအပ်လိုက်ကြသည်။

ညှို့ခံဖျော်ဖြေ

အဆိုပါ အခမ်းအနားတွင် ကျောင်းသား ကျောင်းသူလေးများက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုညှို့ခံဖျော်ဖြေခဲ့ကြသည်။

(၁၁၅)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟေနန်ပြည်နယ် လော့ယန်မြို့မှ နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတအား ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးကျော်ဆန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာစဉ်။
(သတင်းစဉ်)

❋ *ကျောဖုံးမှ*

ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်ကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ငါးခုအနက် နောက်ဆုံး အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ကို စတင်ထမ်းဆောင်ပြီး နောက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုလုံး၏ လုပ်ငန်းအခြေအနေအပေါ် သုံးသပ်ကြည့်လျှင် တိုးတက်သည့်အပိုင်းများ အမြောက်အမြားတွေ့မြင်ရသကဲ့သို့ မတိုးတက်သေးသည့် အပိုင်းများလည်း တွေ့မြင်နေရပါကြောင်း၊ အချို့နေရာများတွင် မတိုးတက်သည့် အပြင် ပကတိအခြေအနေအရ ကျဆင်းနေသည့် အခြေအနေမျိုး ရောက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ ခေတ်အလျောက် ပြောင်းလဲတိုးတက်လာသည်ကို ပြည်သူလူထုက လက်ခံကြိုဆိုကြမည် ဖြစ်သော်လည်း ကျဆင်းသွားသည်ကိုတော့ လက်ခံနိုင်ကြမည်မဟုတ်ပါကြောင်း။

ထို့ကြောင့် အခြေအနေအရပ်ရပ်ကို ဆန်းစစ်ပြုပြင်နိုင်ရန်အတွေ့အကြုံရင့်ကျက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပအဖြေရှာကြခြင်း ဖြစ်ပါကြောင်း၊ နောက်ဆုံးအလုပ်ရုံဆွေးနွေးပွဲဖြစ်သည့်အတွက် ပြီးခဲ့သည့်အပတ်များက ဆွေးနွေးပွဲဆုံးဖြတ်ချက်များ၊ အကြံပြုချက်များသည် ယခုနှင့် အနာဂတ်နိုင်ငံတော်၏ လိုအပ်ချက်များနှင့် အနီးစပ်ဆုံးဖြစ်ရန်လိုအပ်ပါကြောင်း။

တစ်နိုင်ငံလုံးရှိ ကျန်းမာရေးဌာနအားလုံးတွင် လိုအပ်သည့် လက်ထောက်ဆရာဝန်၊ အထူးကုဆရာဝန်မှစ၍ အဆင့်ဆင့်သော ဝန်ထမ်းများ ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်သည့် အကြံပြုချက်၊ ဆုံးဖြတ်ချက်၊ စီမံချက်ဖြစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့သည့် လိုအပ်ချက်များနှင့် လွဲချော်သွားသည့် ခေါင်းစဉ်ဆွေးနွေးခြင်းမျိုး မဖြစ်စေရန်လည်း သတိချပ်ရမည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် ဆရာဝန်၊ သူနာပြု၊ သားဖွားကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများ လိုအပ်သည့်နေရာများတွင် အပြည့်အဝခန့်ထားပေးနိုင်ရေး၊ ပိုလျှံနေသည့် အရင်းအမြစ်ကိုလည်း အကျိုးရှိရှိအသုံးချနိုင်ရေး၊ နိုင်ငံတကာရောက် မြန်မာနိုင်ငံသား အရင်းအမြစ်များ လာရောက်နိုင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍအားပေးမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

လိုအပ်ချက်ကို အမြန်ဆုံးဖြည့်နိုင်ရန် ဒီပလိုမာသင်တန်းများ ဖွင့်မည်ကို သဘောကျသူများ ရှိသကဲ့သို့ သဘောမကျသူများလည်း ရှိပါကြောင်း၊ နှစ်ဖက်စလုံးက အကြောင်းပြချက်များ မှန်နေပါကြောင်း၊ ဘွဲ့လွန်ကို လျှောက်ထားစေရာတွင် ဒီပလိုမာသင်တန်းကို ဖြတ်ကျော်သွားရန်နှင့် မဟာဘွဲ့ကို သီးသန့်စီလျှောက်ထားရန် အယူအဆနှစ်ခုကြား အငြင်းပွားလျက်ရှိပါကြောင်း၊ မဟာဘွဲ့ကို လေးငါးကြိမ်လျှောက်ထားပြီး မရနိုင်သည့်သူများ ဒီပလိုမာဘက်ကို လျှောက်လာမည်ဆိုသည့် မျှော်လင့်ချက်ဖြင့် သီးခြားစီ ခွင့်ပြုခဲ့သည်ဟု သိရှိရပါကြောင်း။

လျှောက်ထားသည့်စာရင်းများအရ နိုင်ငံတော်၏ လိုအပ်ချက်ကို မည်သို့မျှ ဖြည့်နိုင်မည်မဟုတ်သည့်အတွက် ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ခရီးစဉ်များတွင် တင်ပြကြသည့် လူ့စွမ်းအားလိုအပ်ချက်သည် ကြီးမားပါကြောင်း၊ လက်ရှိအခြေအနေတွင်လည်း လိုအပ်ချက်များစွာရှိပါကြောင်း၊ လိုအပ်ချက်များကို မဖြည့်ပေးနိုင်သမျှ လူတန်းစားအလွှာအားလုံး အသက်အန္တရာယ်ရှိနေမည်ဖြစ်ပါကြောင်း၊ ထို့အတွက် မိမိတို့အားလုံးတွင် တာဝန်ရှိပါကြောင်း။

ကုသမှုအရည်အသွေး မြှင့်တင်ရေးတွင်လည်း ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ၊ စက်ပစ္စည်းကိရိယာ၊ ဝန်ထမ်းအဆင့်ဆင့်အတွက် နည်းပညာသင်တန်း၊ စံကုထုံး ကုနည်း လမ်းညွှန်ထုတ်ဝေရေး၊ လူနာညွှန်းပို့ဆိုင်ရာ ကွန်ရက်ရေးဆွဲရေး၊ ပြည့်စုံသည့် လူနာတင်ယာဉ် စနစ်ပေါ်လာရေး၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းရေးစသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါကြောင်း။

ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုတွင် ကျေးလက်နှင့် မြို့ပြဆင်ခြေဖုံးအထိ လွှမ်းခြုံနိုင်ရေး၊ ဒေသန္တရကျေးလက် ကျန်းမာရေးဌာနနှင့် ဌာနခွဲများတိုးချဲ့ရေး၊ အခြေခံ ကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သား အရည်အသွေးပြည့်ဝရေး၊ သားဖွားဆရာမများ၏ အဓိကတာဝန်ကို တာဝန်ပေးရေး၊ ကျောင်းကျန်းမာရေးလုပ်ငန်း မြှင့်တင်ရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် မလွန်ကဲရေး၊ ကျန်းမာရေးပညာမြှင့်တင်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုတွင် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့်အချိန်တွင် လူတိုင်း၏ ကိုယ်ပိုင်ဝင်ငွေမှ ကျသင့်ငွေ ပေးချေသည့် အချိုးအစားလျော့ကျစေသော စနစ်မျိုးရှိလာစေရေး၊ သာတူညီမျှရှိသည့် ကျန်းမာရေးအာမခံစနစ်ရရှိစေရန် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းပါဝင်သည့် စနစ်မျိုးရရှိရေးတို့ကိုလည်း အကြံပေး ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍ ဖွဲ့စည်းပုံပြင်ဆင်ရေး ခေါင်းစဉ်အောက်တွင်လည်း အုပ်စုများဖွဲ့၍ ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းအားလုံးကို ကွပ်ကဲချုပ်ကိုင်နေရသည့် ဦးစီးဌာန(၇)ခု၏ တာဝန်များစီမံခန့်ခွဲကြရာတွင် ဦးစီးဌာနတစ်ခုချင်းစီ၏ ဝန်နှင့်အား မျှတနိုင်နင်းစွာ ဆောင်ရွက်နိုင်ရန်သည် အရေးကြီးဆုံး ဖြစ်ပါကြောင်း၊ ထမ်းဆောင်ရမည့် တာဝန်နှင့် ပေးထားသည့်အင်အား မမျှတပါက လုပ်ငန်းစွမ်းဆောင်နိုင်မှုကျဆင်းပြီး လုပ်ငန်းတစ်ရပ်လုံးအပေါ် အကျိုးသက်ရောက်နိုင်ပါကြောင်း။

ဝန်နှင့်အား မျှတသော်လည်း လုပ်ငန်းများဖရိုဖရဲဖြစ်ပြီး ပီပြင်ပြီးပြတ်အောင် မလုပ်နိုင်ခြင်းသည် ဝန်ထမ်းများ၏ စွမ်းရည်ကျဆင်းနေခြင်းနှင့် ကြီးကြပ်မှုအားနည်းခြင်းတို့ကြောင့် ဖြစ်နိုင်ပါကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန(၇)ခုတွင် လုပ်ငန်း အများဆုံးသည် ကျန်းမာရေးဦးစီးဌာနဖြစ်ပြီး ဝန်ကြီးဌာနလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းကို တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် ကျန်းမာရေးကဏ္ဍ ဖွဲ့စည်းပုံပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ မအားလပ်သည့်ကြားက ကြွရောက်ဆွေးနွေးပေးကြသည့် အသိပညာရှင် အတတ်ပညာရှင် ဆရာ ဆရာမကြီးများအနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် နိုင်ငံတကာနှင့် ယှဉ်ပြီး နိုင်နိုင်နင်းနင်း စီမံခန့်ခွဲသွားနိုင်စေရန်နှင့် ကျန်းမာရေးကဏ္ဍ ဖွဲ့စည်းပုံပြင်ဆင်နိုင်ရေးအတွက် ဆွေးနွေးအကြံဉာဏ်ပေးကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို စတင်ကျင်းပရာ အမျိုးသားကျန်းမာရေး ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်မှု အခြေအနေနှင့် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်ဆိုင်ရာ ကိစ္စရပ်များ၊ ရောဂါကာကွယ်တားဆီးခြင်း လုပ်ငန်းများဆောင်ရွက်မှု အခြေအနေနှင့် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များဆိုင်ရာ ကိစ္စရပ်များနှင့် ရောဂါဖြစ်ပွားလျှင်ထိရောက်စွာ ကုသမှုပေးခြင်း လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များဆိုင်ရာ ကိစ္စရပ်များကို အုပ်စုငါးစုဖွဲ့၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ရှိုင်ရယ်ကုမုဒြာဟိုတယ်၌ ဇူလိုင် ၁ ရက်နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

စစ်သွေးကြွသူပုန်များက အစ္စလာမ့်နိုင်ငံကြေညာ

ဘဂ္ဂဒက် ဇွန် ၃၀

အိုင်အက်စ်အိုင်အက်စ် စစ်သွေးကြွသူပုန်များက အီရတ်နှင့်ဆီးရီးယားနိုင်ငံတို့၌ ၎င်းတို့ ထိန်းချုပ်ထားသောဒေသများကို စော်ဘွားနိုင်ငံ သို့မဟုတ် အစ္စလာမ့်နိုင်ငံအဖြစ် ကြေညာလိုက်သည်။ အဆိုပါအဖွဲ့၏ ခေါင်းဆောင် အဘူဘာကာ အယ်လ်-ဘက်ဒရီအား စော်ဘွားအဖြစ်သော်လည်းကောင်း နေရာတိုင်း၏ မွတ်စလင်ခေါင်းဆောင်အဖြစ်သော်လည်းကောင်း ၎င်းတို့က ပြောကြားလိုက်သည်။

ထိုအတောအတွင်း အီရတ်စစ်တပ်က တီကရစ်မြို့မြောက်ပိုင်းကို အိုင်အက်စ်အိုင်အက်စ် သူပုန်များလက်မှ ပြန်လည်ရယူနိုင်ရေး ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။ အဆိုပါမြို့ကို ဇွန် ၁၁ ရက်တွင် အဆိုပါအကြမ်းဖက်သမားများက သိမ်းပိုက်ထားသည်။ ၎င်းတို့သည် အီရတ်နိုင်ငံအနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသအများစုကို သိမ်းပိုက်ထားသည်။ သူပုန်များက အင်တာနက်တီဗွီမှတ်တမ်းတစ်ခုတွင် အစ္စလာမ့်နိုင်ငံ ထူထောင်လိုက်ပြီဖြစ်ကြောင်း ကြေညာထားသည်။ အဆိုပါ အစ္စလာမ့်နိုင်ငံသည် ဆီးရီးယားမြောက်ပိုင်း အလက်ပိုမှ အီရတ် အရှေ့ပိုင်းဒီယာလာ ပြည်နယ်အထိ ကျယ်ဝန်းလိမ့်မည်ဟု ဆိုသည်။ အဘူဘာကာ အယ်လ်-ဘက်ဒရီသည် အဆိုပါဒေသ၏ နိုင်ငံ့ခေါင်းဆောင် ဖြစ်လာလိမ့်မည်ဟုဆိုသည်။ သူပုန်များက မွတ်စလင်အားလုံးတို့ထံ ၎င်းတို့အား အသိအမှတ်ပြုရန်တောင်းဆိုလိုက်သည်။ ထိုအတောအတွင်း အီရတ်အစိုးရက ရုရှားမှ ဝယ်ယူလိုက်သော ဂျက်လေယာဉ်များသုံး၍ သူပုန်စခန်းများကို စတင်တိုက်ခိုက် ချေမှုန်းနေပြီဟုဆိုသည်။ **(ဘီဘီစီ)**

အီတလီရေတပ်က စက်လှေတစ်စင်းပေါ်မှ အလောင်း ၃၀ တွေ့

ရောမ ဇွန် ၃၀

ဆစ္စလီကျွန်းနှင့် မြောက်အာဖရိက ကမ်းရိုးတန်းကြား၌ ရာပေါင်းများစွာသော ရွှေ့ပြောင်းနေထိုင်သူများကို တင်ဆောင်လာသော ငါးဖမ်းစက်လှေတစ်စင်းပေါ်တွင် အလောင်း ၃၀ ကို အီတလီရေတပ်က တွေ့ရှိခဲ့သည်။ အဆိုပါရွှေ့ပြောင်းသူများသည် အသက်ရှူမွန်းကျပ်ကာ သေဆုံးရခြင်းဖြစ်ကြောင်း အန်ဆာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့များသည် ၎င်းလှေပေါ်ရှိ ရွှေ့ပြောင်းသူများတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး နှစ်ဦးပါသဖြင့် ပြောင်းရွှေ့မှုကို ခက်ခက်ခဲခဲလုပ်ဆောင်ခဲ့ရသည်။ ရွှေ့ပြောင်းနေထိုင်သူ ၆၀၀ ခန့်ပါသော ၎င်းငါးဖမ်းစက်လှေသည် ဆစ္စလီတောင်ပိုင်း ပေါ့ဇာလိုမြို့သို့ ဆက်လက်သွားနေဆဲဖြစ်သည်။

ယခုနှစ်အတွင်း အီတလီတောင်ပိုင်းသို့ ရွှေ့ပြောင်းနေထိုင်သူ ၆၀၀၀ ကျော် ပြောင်းရွှေ့လာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်အတွင်း မှတ်တမ်းများအရ ရွှေ့ပြောင်းသူ ၆၃၀၀၀ ရှိခဲ့ကြောင်း အီတလီအာဏာပိုင်များက ပြောသည်။

အီတလီအဖွဲ့သည် မြေထဲပင်လယ်ကိုဖြတ်၍ အန္တရာယ်များသော ရွှေ့ပြောင်းမှုပြဿနာကို ဖြေရှင်းပေးရန်အတွက် ဥရောပသမဂ္ဂသို့ အကူအညီပေးရန် မေတ္တာရပ်ခံခဲ့သည်။ **ဘီဘီစီ**

အကြမ်းဖက်တိုက်ခိုက်သူ ၁၁၃ ဦးကို တရုတ်၌ထောင်ဒဏ်စီရင်

စင်ကျန်း ဇွန် ၃၀

အကြမ်းဖက်မှုနှင့်ဆက်စပ်သော အမှုများဖြင့် တရားစွဲဆိုခံနေရသူ ၁၁၃ ဦးအား တရုတ်နိုင်ငံအနောက်ပိုင်း စင်ကျန်းတရားရုံးက ထောင်ဒဏ် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်များအသီးသီးချမှတ်လိုက်ကြောင်း နိုင်ငံပိုင်မီဒီယာက ကြေညာသည်။

အဆိုပါတရားစီရင်မှုမှာ ပေကျင်းက စင်ကျန်းဒေသ၌ တစ်လကြာ အကြမ်းဖက် တိုက်ဖျက်ရေးစစ်ဆင်မှုများပြုလုပ်ပြီး လူ ၃၈၀ ကို ဖမ်းဆီးခဲ့ပြီးနောက် စီရင်ခဲ့ခြင်းဖြစ်သည်။

သံသယဖြင့် ဖမ်းဆီးထားသူများမှာ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်နွှယ်သော အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ပြစ်ဒဏ်များစီရင်ရခြင်း ဖြစ်ကြောင်း စင်ကျန်းအစိုးရသတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ ယင်းတို့အနက် လေးဦးအား ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့သည်ဟု ဆိုသည်။ **ပရက်တီဗွီ**

ယူကရိန်းအပစ်အခတ်ရပ်စဲရေး အချိန်တိုးမြှင့်သတ်မှတ်ရန် ရုရှား၊ ဂျာမနီနှင့် ပြင်သစ်ခေါင်းဆောင်များတိုက်တွန်း

ကရင်မလင် ဇွန် ၃၀

ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ဂျာမနီ၊ ပြင်သစ်ခေါင်းဆောင်များက ယူကရိန်းကို ရုရှားလိုလားသော ဆန္ဒပြသူများနှင့် အပစ်အခတ်ရပ်စဲရေးအချိန်ကြာမြင့်စွာ လုပ်ဆောင်သွားရန် တိုက်တွန်းလိုက်ကြောင်း ကရင်မလင်က ပြောသည်။

ဇွန် ၂၀ ရက်တွင် ပိုရိုချင်ကိုက အရှေ့ပိုင်းအကြမ်းဖက်မှုများ ထိန်းချုပ်နိုင်ရေးရည်ရွယ်လျက် အပစ်အခတ်ရပ်စဲရေး သီတင်းပတ်ကို ကြေညာခဲ့သည်။ ယူကရိန်းသမ္မတက ဇွန် ၃၀ ရက်တိုင်အောင် အပစ်အခတ်ရပ်စဲရေး သုံးရက်ထပ်တိုးကြောင်းလည်း ကြေညာခဲ့သည်။

သို့ရာတွင် ဂျာမနီဝန်ကြီးချုပ်အိန်ဂျလာမာကဲလ်၊ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်တို့က သမ္မတပူတင်နှင့်အတူ ဖုန်းဆက်၍ ယူကရိန်းသမ္မတထံ အပစ်အခတ်ရပ်စဲရေးကို ကြာနိုင်သမျှကြာအောင် အချိန်သတ်မှတ်ရန် တိုက်တွန်းတောင်းဆိုလိုက်သည်။

ပူတင်၊ မာကဲလ်နှင့် ဟော်လန်တို့ကလည်း ရုရှားလိုလားသော ဆန္ဒပြသူများက ဖမ်းဆီးထားသော နိုင်ငံတကာလေ့လာရေးအဖွဲ့ဝင်များ ပြန်လွှတ်ပေးခြင်းကို ချီးကျူးပြောဆိုလိုက်သည်။

ထိုအတောအတွင်း ကိယက်ဗ်မြို့ ဆန္ဒပြသူများက တနင်္ဂနွေနေ့တွင် နိုင်ငံအရှေ့ပိုင်း၌ အပစ်အခတ်ရပ်စဲမှု အဆုံးသတ်ပြီး စစ်ဆင်ရေးပြန်စရန် ပိုရိုချင်ကိုအား တိုက်တွန်းပြောကြားလိုက်သည်။ အပစ်အခတ်ရပ်စဲရန် ကြေညာထားသော်လည်း ယူကရိန်းစစ်တပ်က အရပ်ဘက်နေရာများကို စတင်တိုက်ခိုက်နေကြောင်း ဒိုနက်စကီဒေသဆလာဗီယန်မြို့ အရှေ့ပိုင်းရှိ ကိုယ်ပိုင်ကာကွယ်ရေးတပ်က ပြောသည်။ **(ပရက်စ်တီဗွီ)**

ဆီးရီးယားစစ်သွေးကြွများအချင်းချင်းတိုက်ခိုက်မှု သေဆုံးသူ ၇၀၀၀ ကျော်ရှိကြောင်း စစ်တမ်းတွင် ဖော်ပြ

ဒမတ်ဒကတ် ဇွန် ၃၀

ဆီးရီးယားနိုင်ငံတွင် ဇန်နဝါရီလကတည်းက ပြည်ပကျောထောက်နောက်ခံ တပ်ဖရီစစ်သွေးကြွများ အချင်းချင်း တိုက်ခိုက်မှုကြောင့် လူပေါင်း ၇၀၀၀ ကျော်သေဆုံးသွားပြီဖြစ်ကြောင်း လေ့လာမှုစစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

အိုင်အက်စ်အိုင်အက်စ် အီရတ်သူပုန်များနှင့် ဆီးရီးယားမြောက်ပိုင်း အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော အယ်လ်နူဆရာတပ်ဦးသူပုန်အဖွဲ့များမှ စစ်သွေးကြွများ အချင်းချင်း တိုက်ခိုက်မှုများကြောင့် အရပ်သား ၆၅၀ အပါအဝင် လူပေါင်း ၇၀၀၀ ကျော်သေဆုံးခဲ့ရကြောင်း၊ ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူများက ဇွန် ၂၉ ရက်က ပြောသည်။

သေဆုံးသူ စစ်သွေးကြွ ၅၆၄၁ ဦးအား အတည်ပြုနိုင်ပြီဖြစ်ကြောင်း၊ နောက်ထပ်စစ်သွေးကြွ ၁၂၀၀ ၏ အမည်များကို အတည်မပြုနိုင်သေးကြောင်း ဗြိတိန်အခြေစိုက် အဆိုပါအဖွဲ့က ပြောသည်။

သေဆုံးသွားသော စစ်သွေးကြွ ၂၁၉၆ ဦးသည် အိုင်အက်စ်အိုင်အက်စ် အဖွဲ့မှဖြစ်ပြီး ၂၇၆၄ ဦးမှာ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်သော အယ်လ်နူ ဆရာ တပ်ဦးအဖွဲ့မှ ဖြစ်သည်ဟု ဆိုသည်။ **ပရက်စ်တီဗွီ**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘရာဇီးတောင်ပိုင်းနေပြည်သူ ၅၀၀၀၀ ကျော် နေအိမ်များမှရွှေ့ပြောင်း

ရီယိုဒီဂျနေးရိုး ဇွန် ၃၀

မိုးသည်းထန်စွာ ရွာသွန်းခဲ့သော မိုးရေကြောင့် ဘရာဇီးနိုင်ငံ တောင်ပိုင်းရှိ ပြည်သူ ၅၀၀၀၀ ကျော်တို့ကို ၎င်းတို့၏နေအိမ်များမှ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဘရာဇီးနိုင်ငံအရေးပေါ် ကယ်ဆယ်ရေးအေဂျင်စီက ပြောကြားခဲ့သည်။

ဆန်တာကာတာရီနာပြည်နယ်မှ အရေးပေါ်ကယ်ဆယ်ရေးအေဂျင်စီ၏ ပြောကြားချက်အရ ရက်သတ္တတစ်ပတ်ခန့် ရက်ဆက်ရွာသွန်းမှုကြောင့် ၎င်းပြည်နယ်အတွင်းမှာပင် ရေဘေးဒုက္ခသည် ဦးရေ ၄၀၀၀၀ ခန့် နေရာရွှေ့ပြောင်းပေးခဲ့ရပြီး အိမ်နီးချင်းပြည်နယ် ရီယိုပြည်နယ်တွင် ရေဘေးဒုက္ခသည် ၁၀၇၀၀ ကျော်ကို နေအိမ်များမှ ကယ်ထုတ်ပေးခဲ့ရသည်ဟု ဆိုသည်။

ဆန်တာပြည်နယ်တွင် မြို့ကြီး ၃၇ မြို့၊ ရီယိုပြည်နယ်တွင် ၅၉ မြို့တို့ ရေလွှမ်းသွားခဲ့သည်ဟု သိရသည်။

ပျက်စီးဆုံးရှုံး

ရီယိုပြည်နယ် တွင် ဇွန် ၂၃ ရက်မှ ၂၇ ရက်အထိ တစ်လလုံး ပျမ်းမျှမိုးရေချိန်ထက် နှစ်ဆကျော် ရွာသွန်းခဲ့သည်။ ဆန်တာပြည်နယ်တွင်မူ ပြီးခဲ့သည့်သီတင်းပတ်များကတည်းက မိုးသည်းထန်ခဲ့ရာမှ ဇွန် ၂၃ ရက်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရာ တာဝန်ရှိသူများ ပြောကြားချက်အရဆိုလျှင် ၎င်းရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှု တန်ဖိုးအမေရိကန်ဒေါ်လာ ၂၃၃ သန်းရှိပြီဖြစ်ကြောင်း သိရသည်။

၎င်းတို့အပြင် ဘရာဇီးနိုင်ငံတောင်ပိုင်း ပါရာနာပြည်နယ်တွင် ယခုလ၏ မိုးသည်းထန်မှုကြောင့် မြစ်ကမ်းများကျိုးပျက် ရေကြီးရာမှ ယင်းပြည်နယ်ရှိ အနည်းဆုံးလူ ၁၃ ဦးသေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာတို့ အိုးအိမ်မဲ့ဖြစ်ခဲ့ကြရသည်။

ယင်းကဲ့သို့ ဆိုးရွားလှသော ရာသီဥတုသည် ဘရာဇီးတစ်နိုင်ငံတည်းမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများဖြစ်သော ပါရာဂွေးနှင့်အာဂျင်တီးနားတို့သည်လည်း အလားတူ ခံစားရလျက်ရှိသည်။

ပရက်စ်တီဗွီ

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်တင်မှု(Third Wave) လုပ်ငန်းစဉ်တွင် ပါရှိသည့်တာဝန်သိမှု၊ တာဝန်ယူမှုဖြင့်ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန စုဝေးခန်းမကြီး၌ ဇွန် ၂၇ရက် နံနက် ၉ နာရီက ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်အမှာစကား ပြောကြားရာတွင် လုပ်ငန်းစဉ်(၁)ဖြစ်သော ဝန်ကြီးဌာနရှိ အဆင့်ဆင့်သောဝန်ထမ်းများအနေဖြင့် အားနည်းချက်များကို ပြုပြင်ဆောင်ရွက်သည့်နေရာတွင် ဝန်ထမ်းများ၏ Mind - Set နှင့် လုပ်နည်းလုပ်ဟန်များ ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရန် ဝန်ကြီးဌာန တာဝန်ရှိသူများကိုသာမက ပြင်ပမှ ပညာရှင်များကိုလည်း ဖိတ်ကြားပြီး ရှေ့ဆက်ဆောင်ရွက်ကြမည့် လုပ်နည်းလုပ်ဟန်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်း အဖြေရှာကြမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများကို ချမှတ်ထားသော အခြေခံမူဘောင်နှင့်အညီ ဘဏ္ဍာရေးနှင့် အခွန်စနစ် ပြုပြင်ပြောင်းလဲခြင်း၊ ငွေကြေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ဖြေလျှော့ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး၊ လုပ်ငန်းများသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကကျပြီး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ခဝင်ငွေရရှိစေနိုင်သည့်အတွက် ပြည်သူများကျေနပ်မှုရရှိသည်အထိ စေတနာအပြည့်အဝဖြင့် မြန်မြန်ဆန်ဆန် ကြိုးစားအကောင်အထည်ဖော်ကြရန်လိုကြောင်း။

ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တစိုက်မတ်မတ် တက်တက်ကြွကြွပါဝင်ပြီး တာဝန်သိသော နိုင်ငံ့ဝန်ထမ်းများပီပီ မိမိတို့ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာသွားရန် မိမိတို့၏ မွန်မြတ်သောဝန်ထမ်းဘဝကို ဂုဏ်ယူမြတ်နိုးမှုနှင့်အတူ ယုံကြည်ချက်၊ ခံယူချက်များ မှန်ကန်ခိုင်မာစွာထားရှိပြီး စံနမူနာပြဖြစ်အောင် ကြိုးစားအားထုတ်ခြင်းအားဖြင့် နိုင်ငံတော်၏အကျိုးကို ထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သော တာဝန်ကျေသည့် ဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းအားထုတ်လုပ်ဆောင်သွားကြရန် မှာကြားသည်။

ဆွေးနွေးမည်

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေရသည့် လုပ်ငန်းကဏ္ဍများအလိုက် အစိုးရ၊ ပုဂ္ဂလိကပညာရှင်များ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အရာထမ်း၊ အမှုထမ်းများအား ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို သိရှိပြီး ခေတ်နှင့်လိုက်လျောညီထွေ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲလုပ်ဆောင်ရေး၊ ကြိုးစားလုပ်ကိုင်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာဖြင့် စွမ်းဆောင်ရည်ရှိရှိ လုပ်ကိုင်တတ်ရေးအတွက် အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများကိုထပ်လောင်းဖွင့်လှစ်ပို့ချ ဆွေးနွေးသွားမည်ဖြစ်သည်။

ဆွေးနွေးပို့ချမှုတွင် ပြင်ပပညာရှင်များဖြစ်သော Management on Human Resource (MHR) မှ ကျောင်းအုပ်ကြီး ပါမောက္ခ ဦးအေးကျော်၊ Myanmar Marketing Research and Development (MMRD) မှ Research Director ဦးအောင်မင်း၊ Myanmar Development Resource Institute (MDRI) မှ အကြီးတန်းသုတေသီ ဦးအောင်သူငြိမ်းတို့က ဆွေးနွေးပို့ချခဲ့ကြသည်။

ဆွေးနွေးပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်သော ဦးထင်အောင်နှင့် ဒေါ်ဝင်းမော်ထွန်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြင်ပပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဦးစီးဌာနရုံးများမှ တာဝန်ခံအရာထမ်းများ၊ နေပြည်တော်ရုံးချုပ်ရှိ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို ဇွန် ၂၇ရက်မှ ၂၈ရက်အထိ နှစ်ရက်ကြာဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှ စတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများ သိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာသတ်မှတ်ချက်များ

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၂)တွင် ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၄မှ နည်းဥပဒေ ၁၃ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ယင်းတို့အနက် အောက်ဖော်ပြပါ နည်းဥပဒေအချို့ကို ထုတ်နုတ်၍ ဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၄။ ဝန်ထမ်းတစ်ဦးကို ဖွဲ့စည်းပုံပါရာထူးတစ်ခု၌ အတည်ပြုခန့်ထားရာတွင်-

(က) ရာထူးသည် အမြဲတမ်းလစ်လပ်သည့် ရာထူးဖြစ်ရမည်။

(ခ) တစ်ချိန်တည်း၌ ဝန်ထမ်းတစ်ဦးထက်ပို၍ ခန့်ထားခြင်းမပြုရ။

(ဂ) ဝန်ထမ်းတစ်ဦး၏ ရာထူးအနွယ်ပိုင်ဆိုင်ခွင့်ရှိထားသည့်ရာထူး၌ အခြားဝန်ထမ်းတစ်ဦးကို အတည်ပြုခန့်ထားခြင်းမပြုရ။

(ဃ) ဝန်ထမ်းသည် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်။

(င) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ကျန်းမာကြောင်း ဆေးလက်မှတ်တင်ပြနိုင်ရမည်။

နည်းဥပဒေ ၅။ နည်းဥပဒေ ၄အရ အတည်ပြုခန့်ထားခြင်းခံရသော ဝန်ထမ်းသည်-

(က) နိုင်ငံတော်၏ အကျိုးအတွက် လိုအပ်လျှင် အချိန်ပြည့် တာဝန်ထမ်းဆောင်ရမည်။

(ခ) မူလတာဝန်အပြင် အခြားလိုအပ်သော တာဝန်များကို ပေးအပ်ပါက ထမ်းဆောင်ရမည်။

နည်းဥပဒေ ၆။ အတည်ပြုခန့်ထားခြင်းခံရသည့် ဝန်ထမ်းတစ်ဦးသည်-

(က) ရာထူးဆိုင်ရာ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ သတ်မှတ်ထားသည့် လစာနှင့်စရိတ်များကို ခံစားခွင့်ရှိသည်။

(ခ) ပြည်ပတွင် တာဝန်ဖြင့် ရောက်ရှိနေစဉ်အချိန်တွင် လည်းကောင်း၊ ပညာသင်ကြားနေစဉ်အချိန်တွင် လည်းကောင်း ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရပါက တိုးမြှင့်ခန့်ထားသည့်နေ့ရက်မှစ၍ ယင်းရာထူးလစာကို ခံစားခွင့်ရှိသည်။

(ဂ) ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် ပြည်တွင်း၊ ပြည်ပတာဝန် ထမ်းဆောင်နေချိန်အတွင်း ရာထူးတိုးမြှင့်ခံရပါက ယင်းကာလပြီးဆုံး၍ မိခင်ဌာနတွင် ပြန်လည်တာဝန်ထမ်းဆောင်ချိန်မှသာ တိုးမြှင့်ခန့်ထားသည့် ရာထူး၏ လစာကို ခံစားခွင့်ရှိသည်။

နည်းဥပဒေ ၇။ ဝန်ထမ်းတစ်ဦးသည် အောက်ပါအချိန်ကာလများတွင် မူလရာထူး၌ ရာထူးအနွယ်ပိုင်ဆိုင်ခွင့် ဆက်လက်တည်ရှိသည်-

(က) အမြဲတမ်းရာထူးတစ်ခုတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နေသည့် ကာလ၊

(ခ) ပြည်တွင်း၊ ပြည်ပ၌ ဌာန၏ခွင့်ပြုချက်ဖြင့် ပညာလေ့လာဆည်းပူးနေသည့် ကာလ၊

(ဂ) အခြားရာထူးတစ်ခု၌ ခေတ္တပြောင်းရွှေ့တာဝန်ထမ်းဆောင်နေသည့် ကာလ၊

(ဃ) ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် ပြည်တွင်း၊ ပြည်ပတွင် လွှဲပြောင်းတာဝန်ထမ်းဆောင်နေသည့်ကာလ၊

(င) ရာထူးတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ ကူးပြောင်းချိန်အတွင်း၌ ရှိနေသည့် ကာလ၊

(စ) ခွင့်ခံစားနေသည့်ကာလ၊

(ဆ) တာဝန်မှယာယီရပ်ဆိုင်းခြင်းခံထားရသည့် ကာလ။

နည်းဥပဒေ ၁၀။ ပြစ်ဒဏ်တစ်ရပ်အဖြစ် အဆင့်နိမ့်ရာထူးသို့ ကာလသတ်မှတ်ချက်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့် ကိစ္စတွင် ယင်းဝန်ထမ်း၏ ရာထူးအနွယ်သည် မူလရာထူး၌သာရှိပြီး အဆင့်နိမ့်ရာထူး၏ ရာထူးအနွယ်ပိုင်ဆိုင်ခွင့်ကို မရရှိစေရ။

နည်းဥပဒေ ၁၂။ ဝန်ထမ်းတစ်ဦးသည် ပြင်ပဝန်ထမ်းစည်းကမ်းချက်များဖြင့် လွှဲပြောင်းတာဝန်ထမ်းဆောင်နေသည့်အခါမှတစ်ပါး ခွင့်ဖြင့်ဖြစ်စေ၊ ခွင့်မဲ့ဖြစ်စေ အလုပ်ခွင်မှ တစ်ဆက်တည်း ငါးနှစ်ကင်းကွာလျှင် ကင်းကွာသည့်ကာလ ငါးနှစ်ပြည့်သည့်နေ့၏နောက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ အလိုအလျောက် ရပ်စဲပြီးဖြစ်သည်။

အဓိပ္ပာယ်ဖော်ပြချက်။ ရာထူးအနွယ်ပိုင်ဆိုင်ခွင့်ဆိုသည်မှာ ဖွဲ့စည်းပုံပါ လစ်လပ်သော အမြဲတမ်းရာထူး၌ အတည်ပြုခန့်အပ်ပိုင်ဆိုင်ခွင့် ရရှိခြင်းကိုဆိုသည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့် အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

ပြည်တွင်းသတင်း

❀ **ရှေ့ဖုံးမှ**

အလားတူ ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် ကျရောက်သော ကနေဒါနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စတီဗင် ဂျိုးဇက်ဟာပါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကနေဒါနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပို့

နေပြည်တော် ဇွန် ၃၀

၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် ကျရောက်သော ကနေဒါနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ဘားဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ် လွှာပေးပို့သည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သွားနှင့်ခံတွင်း ကျန်းမာရေး စစ်တမ်းကောက်ယူ၊ ပညာပေးဟောပြောကုသ

မန္တလေး ဇွန် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသို၊ ကောလင်း၊ အင်းတော်နှင့် ကသာမြို့နယ်များတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ မန္တလေးမှ ပါမောက္ခ ဒေါက်တာ ကိုကိုစိုး ဦးဆောင်သည့် ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ၊ အလုပ်သင်ဆရာဝန်များ၊ စတုတ္ထနှစ် ဘီဒီအက်စ် (၁/၂၀၁၄)မှ ကျောင်းသားကျောင်းသူများသည် ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်မှ ၂၉ရက်အထိ ကွင်းဆင်းလေ့လာပြီး သွားနှင့် ခံတွင်း ကျန်းမာရေးဆိုင်ရာ စစ်တမ်းကောက်ယူခြင်း၊ ပညာပေးဟောပြောခြင်းနှင့် ကုသခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းလေ့လာကုသမှုကို မန္တလေးသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာရွှေတိုး၏ စီမံမှုဖြင့် သင်ရိုးညွှန်းတမ်းလိုအပ်ချက်အရ ပြုလုပ်ခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း ပြည်သူ ၄၆၈၀ အား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး စစ်တမ်းကောက်ယူခြင်း၊ ပြည်သူ ၇၉၉၄ ဦးအား ပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် ဝေဒနာရှင် ၃၅၇၉ ဦးအား ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကဗျာဝကျေးရွာချောင်းကူးတံတား အသစ်ဆောက်လုပ်နေစဉ် ဒီရေအတက်ကြမ်း၍ တံတားအဟောင်းပြိုကျ

ခေါ်ဇာ ဇွန် ၃၀

ကျေးရွာပြည်သူများ လမ်းပန်းဆက်သွယ်ရေးသွားလာမှုလွယ်ကူစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မွန်ပြည်နယ် မော်လမြိုင်ခရိုင် ခေါ်ဇာမြို့နယ်ခွဲ ကဗျာဝကျေးရွာချောင်းကူးတံတားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောက်လုပ်လျက်ရှိပြီး အဆိုပါတံတား ဆောက်လုပ်နေစဉ် ယခင်က အသုံးပြုလျက်ရှိသော ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသည့် သစ်သားချောင်းကူးတံတားသည် ဇွန် ၁၃ ရက်က ဒီရေအတက်ကြမ်းမှုကြောင့် ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အသစ်ဆောက်လုပ်လျက်ရှိသော တံတားသည် အလျား ၃၇၅ ပေ၊ အနံ ၁၄ ပေရှိသော သံကူကွန်ကရစ်တံတားဖြစ်ပြီး ငွေကျပ်သိန်း ၃၇၅၀ အကုန်အကျခံတည်ဆောက်လျက်ရှိသည်။ **(ပြည်နယ် ပြန်/ဆက်)**

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်

ယဉ်ကျေးမှုအမွေ ထိန်းသိမ်းစို့လေ

ခင်ဦး(ခင်မေ)

ရာသီစက်ဝန်းကား မှန်မှန်ကြီးလည်ပတ်လျက်ရှိသည်။ ဆွေ့ဆွေ့ခုန်မတတ်ပူနေရာမှ ဝဿန်မိုးသည် အုံ့နှင့်ကျင်းနှင့် ဝင်ရောက်လာသဖြင့် အေးချမ်းခဲ့ရသည်။ မကြာခင် ဝါဆိုလရောက်တော့မည်။ အထိမ်းအမှတ်နေ့များ၊ အမှတ်တရပွဲများ၊ ရာသီပွဲများ လစဉ်လိုလို ရှိနေကြသည်။ မေလ ၁၁ ရက်တွင် အမေများနေ့၊ ဇွန် ၁၅ ရက်နေ့တွင် အဖေများနေ့ ကျင်းပခဲ့ကြသလို ယခုလာမည့် ဇူလိုင် ၃ ရက်နေ့တွင်လည်း မြန်မာအမျိုးသမီးများနေ့ ရောက်တော့မည် ဖြစ်သည်။ မိမိတို့နိုင်ငံတွင် Gender ခွဲခြားမှုမရှိ အမျိုးသမီးများအား နေရာပေး၊ တလေးတစား ဆက်ဆံကြသည်။ နိုင်ငံတော်မှ ဇူလိုင် ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်သတ်မှတ်မှတ်ထားရှိပြီး မြန်မာအမျိုးသမီးများအား ဂုဏ်ပြုခဲ့ကြသည်။ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ တိုးတက်ဖွံ့ဖြိုးဖို့အတွက် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ပေးကြသည်။

မြန်မာနိုင်ငံတွင် လူသားများ ဖြစ်ထွန်းပေါ်ပေါက်လာမှု ရှေးအကျဆုံးဖြစ်ကြောင်းကို ၁၉၉၇ ခုနှစ်က တွေ့ရှိခဲ့သည့် ပုံတောင်ဂျီးယားရုပ်ကြွင်းက သက်သေပြခဲ့သည်။ လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀ ခန့်ကတည်းက လူသားမျိုးနွယ်များ မြန်မာတွင်စတင်ခဲ့ကြောင်း ကမ္ဘာက အသိအမှတ်ပြုခဲ့ရသည်။ မြန်မာအစ မြန်မာက၊ လူသားအစ မြန်မာကဟု ကြွေးကြော်နိုင်သည့် အထင်ကရ သမိုင်းကြောင်း ဖြစ်တည်ပေါ်ပေါက်ခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုသည်လည်း အဆင့်အတန်းမြင့်မား ထည်ဝါခံ့ညားမှု၊ ထွန်းပြောင်ခဲ့မှုသမိုင်းမှတ်တိုင်များ အစဉ်အဆက်ရှိခဲ့သည်။ ယဉ်ကျေးမှုတွင် လူတို့၏ ဆင်ယင်ထုံးဖွဲ့မှုများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထိုဆင်ယင်ထုံးဖွဲ့မှုများအနက် မြန်မာအမျိုးသမီးတို့၏ သိက္ခာရှိရှိ ဆင်ယင်ထုံးဖွဲ့မှုများ ခေတ်အလိုက် သမိုင်းတင်ကျန်ရစ်ခဲ့ကြသည်။ အမျိုးသားပြတိုက်တွင် တစ်စုတစ်စည်းတည်း လေ့လာနိုင်သည်။ တကောင်းခေတ်၊ သရေခေတ္တရာခေတ်မှအစပြု၍ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်၊ အမရပူရ၊ ရတနာပုံခေတ်အဆက်ဆက် ထိုမှတစ်ဖန် ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ်၊ မျက်မှောက်ခေတ်အထိ မြန်မာအမျိုးသမီးတို့၏ တီထွင်ဆန်းသစ်လှပစွာ ဝတ်ဆင်ကြပုံများကို အထောက်အထား၊ မှတ်တမ်းများအရ လေ့လာသိရှိနိုင်ပေသည်။

မြန်မာအမျိုးသမီးတို့၏ ဝတ်ဆင်မှုအထိမ်းအမှတ်စံနမူနာမှာ အင်္ကျီနှင့် ထမီဖြစ်ပါသည်။ ထဘီဆိုသည်မှာ ထိဗိမှလာသည်။ထိဗိသည် "ထိုအဝတ်ဖြင့် မိန်းမတို့ကို လုံခြုံစေ့စပ်၊ လစ်မလပ်အောင် ထုံးချုပ်ခါးတင်၊ ရင်ကိုမရှား၊ လွှား၍ ကျပ်တည်း၊ ဖွဲ့ရှက်စည်း၏"ဟု ဖွင့်ဆိုထားပါသည်။ ထိဗိမှ ထဗီ၊ ထိုမှ ထဘီ၊ ထိုမှ ထမီဟု ပြောင်းလဲခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

ပုဂံခေတ်တွင် မြန်မာအမျိုးသမီးတို့သည် ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ရင်လွှမ်းခေါ် အပေါ်ရုံအဝတ်စများလွှား၍ ခါးအောက်ပိုင်းတွင်လည်း လုံခြုံသော အိတ်ရှုံ့သဏ္ဌာန်ထဘီများ ဝတ်ဆင်ကြပါသည်။ ထို့အပြင် ပုဂံခေတ်တွင် ထဘီနံ့ကွဲများ ဝတ်ဆင်ခဲ့ပါသည်။ ထဘီနံ့ကွဲဝတ်ဆင်မှုမှာ နရသူမင်း လက်ထက်သုခုမပညာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သဘင်ပညာရှင်များ ရှာဖွေခဲ့ရာ လူပညာရှိများ နည်းပါးပြီး ရဟန်းပညာရှိများကိုသာ တွေ့ရသည့်အတွက် နရသူမင်းက လူထွက်ခိုင်းမည်ဟု ကြံစည်မိပါသည်။ သို့သော် အမတ်ပညာရှိတစ်ဦး၏ အကြံပြုချက်အရ နန်းတော်သူများ၊ သဘင်သည်မိန်းမများပါ လုံလုံခြုံခြုံမဝတ်စေဘဲ ထဘီနံ့ကွဲ ဝတ်စေခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပုဂံခေတ်တွင် ဆံထုံး ၅၅ မျိုး ထုံးဖွဲ့ခဲ့ကြောင်းကို ရဝေရှင်ထွေး၏ကဗျာလင်္ကာတွင် တွေ့ရှိရပါသည်။

အင်းဝခေတ်တွင် ရွှေချည်ထိုးအထည်များ ခေတ်စားလာသည့်အပြင် တရုတ်နှင့် အိန္ဒိယတို့မှ တင်သွင်းသော တကျွန်းထည်၊ ပိုးထည်၊ ကတ္တီပါ၊ ရွှေဇာတပ်၊ ကြယ်စီတဘက်၊ ဇာကွန်ချာ၊ ရွှေပွင့်ထိုးတဘက်တို့ ဝတ်ဆင်လာကြသည်။ အင်းဝခေတ်တွင် အမျိုးသမီးများအတွက် ဗျာပါဆံဟူသည့် ထုံးဖွဲ့မှု ပေါ်လာခဲ့သည်။ အကြောင်းမှာ မင်းသမီးရှင်မြတ်လှသည် မိဖုရားဧကန်ဖြစ်လိမ့်မည်ဟု ဗေဒင်အဟောရှိခဲ့သည့်အတွက် စိတ်ကူးယဉ်ခဲ့ရာ မြို့စားနှင့် ဆုံဖက်ရသည့်အတွက် စိတ်နာလှသဖြင့် သူ၏ဆံတော်ကို လှေဦး၌ခုတ်ဖြတ်ပြီးလျှင် ဟောစာတမ်းနှင့်ရေထဲသို့ မျှောပစ်လိုက်သည်။ ဗျာပါစိတ်ဖြင့် ဖြတ်လိုက်ပြီး ကျန်သည့်ဆံပင်များ စည်းနှောင်လိုက်သည့်အခါဆံထုံးကြားမှ ကော့ကော့ကြော့ကြော့လေး ဆံပင်များထွက်နေသည်ကိုကြိုက်၍ အတုခိုးထုံးဖွဲ့ကြခြင်းဖြစ်ပါသည်။

တောင်ငူခေတ်တွင် အမျိုးသမီးတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ယဉ်ကျေးသိမ်မွေ့ပုံကို လည်းကောင်း၊ အမွှေးနံ့သာ ကြိုက်နှစ်သက်ပုံကို ပန်းပေါင်းစုံဝတ်ဆံတို့ အဝတ်အစားများကြားညှပ်ထားပုံကို လည်းကောင်း၊ ရှင်သံခို၊ မင်းဖေယျ ရန္တမိတ်၊ နတ်ရှင်နောင်တို့ရေးဖွဲ့သည့် စာပေအထောက်အထားများတွင် တွေ့ရှိရပါသည်။

ကုန်းဘောင်ခေတ်တွင် မြန်မာအမျိုးသမီးတို့သည် ပိုးထည်(သို့)ချည်ထည်ကို ခါးတွင်ပတ်၍ နံကွဲထဘီဝတ်ကြောင်း၊ ပခုံးတွင် ပဝါစအရှည်တင်ထားပြီး ညှပ်ဖိနပ်စီးကြောင်း၊ အနီစပိတ်ကို ရင်ဘတ်စည်း၍ ဆံပင်နောက်တွဲ ထုံးဖွဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုခေတ်တွင် ရွှေချည်ထိုးငွေချည်ထိုးများ ဝတ်ဆင်ကြသည့်အပြင် နိုင်ငံခြားဖြစ်အထည်များ ဖြစ်ကြသည့် ကတ္တီပါပြောက်၊ ပိုးကတ္တီပါ၊ သရက်ထည်၊ ပိတ်တွန့်၊ ပိတ်ချော၊ ပိုးချော၊ ဖဲ၊ ဆေးရေးများ ဝတ်ဆင်ကြပါသည်။ အင်္ကျီအနားများတွင်လည်း ရွှေဇာတပ်ခြင်း၊ ပိုးရည်တောင်စာတပ်ခြင်း၊ ထဘီများ၌ ပန်းလက်ချိတ်ရွှေကြိုးများ လိုက်ထားကြပါသည်။ ပိုးရည်တောင်စာဟုခေါ်ရာ၌ ထိုခေတ်ထိုအခါက ပိတုန်းအကောင်လေးများကို အင်္ကျီထဘီပေါ်၌ တပ်ဆင်ချုပ်လုပ် ဝတ်ဆင်ကြခြင်းဖြစ်ပါသည်။ ပိတုန်းလေးများ၏ တောင်ပံလေးများ အရောင်ကြောင့် နီလိုက်၊ ဝါလိုက်၊ ပြာလိုက်အရောင်များ တဖျပ်ဖျပ်လက်နေသဖြင့်

မြန်မာအမျိုးသမီးတို့၏ ယဉ်ကျေးသိမ်မွေ့ ဝတ်စားဆင်ယင်မှုပုံစံကိုတွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရှုမြင်သူများ မှင်တက်မိစေသည့် ဆင်ယင်မှုဖြစ်ကြောင်း တွေ့ရှိရပါသည်။

အမရပူရခေတ်တွင် ပိုးမွေးမြူရေးနှင့် ရက်ကန်းပညာ များစွာ ထွန်းကားခဲ့ပါသည်။ အမျိုးသမီးများမှာ ရင်ကိုအဝတ်ဖြင့် သပ်သပ်စည်းနှောင်၍ ထိုင်မသိမ်းကို ဝတ်သည်။ ပဝါကိုပခုံးပေါ်တွင် စလွယ်သိုင်းတင်၍ နောက်ကချထားသည်။ အမရပူရခေတ်တွင် ပူပုံထုံး ဆံထုံးခေတ်စားခဲ့သည်။ မိဖုရားမပြုကလေးက မောင်တော် ရွှေဘိုမင်း အထင်လွဲသည့်အတွက် ရာဇဝတ်သင့်သဖြင့် နန်းကထွက်ခွာရာတွင် မဖြီးမလိမ်း မပြင်ဆင်ဘဲ ကပိုကရို တစ်ပတ်ရစ်ထုံးထားပုံကို အတုယူပြီးထုံးကြရာမှ ပူပုံထုံးဆံထုံးခေတ်စားခဲ့ခြင်းဖြစ်သည်။

ရတနာပုံခေတ်မှာတော့ ကနောင်မင်းသားကြီး ကြိုးပမ်းမှုအရ စက်မှုလုပ်ငန်းများထွန်းကားခဲ့ရာ ရက်ကန်းစက်ရုံများ ပေါ်ပေါက်ခဲ့ပါသည်။ ဗလာပုဆိုး၊ အချိတ်ထဘီများစွာ ပေါ်ထွန်းခဲ့သည်။ ဗန်ကောက်လုံချည်ကိုလည်း ဝတ်ဆင်ကြသည်။ ထဘီကို ပိုးဖဲထည် အနားရှည်နှင့် အထက်ဆင့်ဖင်ချ ဝတ်ဆင်ကြသည်။ ရင်စည်းတဘက် ရင်စည်းပဝါ လုံလုံခြုံခြုံ ချည်နှောင်၍ ထိုင်မသိမ်းအင်္ကျီ လက်မောင်းကျပ် ဝတ်ဆင်ကြသည်။ ထိုခေတ်က စုဖုရားလတ်၏ ဆံထုံးခေတ်စားခဲ့သည်။ ဘီးခံ၍ ဆံထုံးငယ်ငယ်ထုံးခြင်းဖြစ်သည်။ ထိုဆံထုံးကို ဗျာပါဆံနှင့် တွဲထုံးသည့်အခါ လူကြိုက်များသည့်အတွက် စုဖုရားလတ်ဆံထုံးဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

ကိုလိုနီခေတ်တွင် ဝတ်စားဆင်ယင်မှုများ လုံးဝပြောင်းလဲလာကြသည်။ ကော်လာအထောင်အင်္ကျီ လက်ပြတ်၊ မျက်ခုံးမွေးသေးသေးများ ခေတ်စားလာသည်။ ဆံပင်အမောက်တွေဖြစ်လာကြသည်။ ဖဲကြိုးစည်းကြသည်။ နားသံသီးများဆွဲ၍ အင်္ကျီလက်ပြတ်၊ လက်စကတို့ကို ခါးကျပ်ကျပ်ဖြင့် ဝတ်လာကြသည်။ ပုံတော်ဖိနပ်မှ ခုံမြင့်ဒေါက်ဖိနပ်များ စီးလာကြသည်။ ဘီးကြီးများအောက်ကခံ၍ ဆင့်ထုံးလာကြသည်။ ကောလိပ်ကျောင်းသူများ ဆံထုံးမြင့်မြင့်ကြီးတွေထုံးကာ ဘီအေဆံထုံး၊ ကောလိပ်ဂျင်ဆံထုံးဟု အမည်တပ်ခေါ်လာကြသည်။ ဆံထုံးကြီးနိုင်လေ ခေတ်ဆန်လေဖြစ်လာကြသည်။ ထိုဆံထုံးနှင့်တွဲ၍ ခပ်ဖွာဖွာဆံမြိတ်တိုများ တွဲထုံးလာကြသည်။ သိပ္ပံဆံမြိတ်ဟု အမည်တွင်ခဲ့သည်။ လေယာဉ်ပျံဘီးကျော်ပတ်၊ ကွိုင်ခေါ် ဘုနှစ်လုံး၊ ကျစ်ဆံမြီးအခွေ၊ မုန့်ကြိုးလိမ်၊ ဗယာကြော်၊ ဘန်းပေါင်မုန့်ဝိုင်းစသည့် ဆံပင်ထုံးဖွဲ့မှုများ ခေတ်စားခဲ့သည်။ ဖဲပြားဖက်ရှင်၊ ဆံပင်အဖွ ပွရောင်းရောင်းဖက်ရှင်များ ဆင်ယင်လာကြသည်။ အင်္ကျီပါးနှင့် ဇာဘော်လီများ ခေတ်စားလာသည်။ ဆရာကြီး ဦးဘဂျမ်းက အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု သံသရာလည်ပုံကို ၁၉၄၇ ခုနှစ်က ကာတွန်းဖြင့် ရုပ်ပြောင်ဖူး၏။ "တစ်ခေတ်မှ တစ်ခေတ်၊ တစ်ခစ်ခစ်" ဖြစ်သည်။ ထဘီကွဲနှင့် ထိုင်မသိမ်းကို ဆံထုံးကြီးကရယ်၏။ ဆံထုံးလေးကို လေယာဉ်ပျံကရယ်၏။ လေယာဉ်ပျံကို အင်္ကျီကျပ်နှင့် နောက်တွဲကရယ်၏။ နောက်တွဲကို ဘွေနှစ်လုံးနှင့် နောက်ပြား၊ ကေသရာဇာ ကတ္တူဝါက ရယ်ကြကုန်၏။ ၎င်းတို့အား မည်သို့သော ဖက်ရှင်မယ်သည် ရယ်တော်မူအံ့နည်း"ဟု ဖြစ်သည်။

လွတ်လပ်ရေးခေတ်မှစ၍ ဆံပင်ထုံးဖွဲ့မှုများတွင် ဘီးဟိုက်၊ ပိုနီတေးလ်၊ အိုမီဂါ၊ ဖရင့်ချဲရိုးလ်၊ ပစောက်ပုံ၊ စန္ဒာပုံ၊ မျက်လုံးတစ်ဖက်ဖုံးပုံ၊ ဂျူးလိယက်ပုံ၊ သရီးစတက်၊ ဒိုင်ယာနာပုံများ ခေတ်စားလာကြသည်။ လက်ပြတ်အင်္ကျီများ၊ သုံးထောင့်ချွန်းရင်ဖုံးများ၊ လုံချည်တိုတိုများ၊ ပခုံးဆက်အင်္ကျီများ၊ ကိုယ်နှင့်အံကိုက် ချပ်ချပ်ရပ်ရပ်အင်္ကျီများ ဝတ်ဆင်ကြသည်။

ခေတ်အဆက်ဆက် အမျိုးသမီးတို့၏ ဆင်ယင်ထုံးဖွဲ့မှုများတွင် ရွှေနှင့် ကျောက်သံပတ္တမြား လက်ဝတ်ရတနာများ၊ တခမ်းတနား အဖိုးထိုက်တန်စွာ ဝတ်ဆင်ခဲ့ကြသည်။ မြန်မာအမျိုးသမီးတို့၏ ဆင်ယင်ထုံးဖွဲ့မှုများနှင့် ထူးချွန်ထက်မြက်မှု အကြောင်းများကို ခေတ်အလိုက် သမိုင်းမှတ်တမ်းတင်ခဲ့သည့် အထောက်အထားများ များစွာတွေ့ရှိခဲ့ပါသည်။ မြန်မာအမျိုးသမီးတို့သည် မြန်မာအမျိုးသားများနည်းတူ အရေးအရာကိစ္စအားလုံးတွင် ဦးဆောင်ဦးရွက်ပြုနိုင်သူများဖြစ်ကြပါသည်။ အရေးကြုံလာလျှင် ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းရှိကြသည်။ နယ်ချဲ့လွတ်မြောက်ရေးတိုက်ပွဲများ၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင်လည်း စွမ်းစွမ်းတမံ ပါဝင်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

ကမ္ဘာ့ပေါင်းကူး ယှက်နွယ်ဆက်စပ်မှု ဖြစ်စဉ်များကြောင့် မြန်မာ့ယဉ်ကျေးမှု နယ်ပယ်အတွင်း ထိုးဖောက်ဝင်ရောက် နေရာယူလာသော သရုပ်ပျက်ယဉ်ကျေးမှုများတွင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ရောနှောကူးစက်မှုများကို တွေ့နေရပါသည်။ မိမိနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များမပျောက်ပျက်အောင် ဆက်လက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်သည် နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ပင်ဖြစ်ပါသည်။ ရှေးဟောင်းယဉ်ကျေးမှုအခြေခံခိုင်ခံ့ခဲ့သော မိမိတို့နိုင်ငံအနေဖြင့် မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်သွားဖို့ လိုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှဦးဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ နှစ်စဉ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် စီစဉ်တင်ဆက်နေသော ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲများသည် ကူးလူးယှက်နွယ်လာသည့် သရုပ်ပျက်ဝတ်ဆင်မှုအား တန်ပြန်ထိုးဖျက်နေသည့် ကာကွယ်ရေးဗျူဟာများ ဖြစ်ပါသည်။

မိမိတို့၏ယဉ်ကျေးမှု ခံတပ်ကြီး လုံခြုံဖို့အတွက် နိုင်ငံတော်အဆင့်မှစ၍ မြန်မာအမျိုးသမီးတစ်ဦးချင်းစီတွင် တာဝန်ရှိပါကြောင်း တင်ပြရင်းနှင့် မြန်မာအမျိုးသမီးမှန်လျှင် မျိုးချစ်စိတ်ရှိသူတိုင်း အင်္ကျီနှင့်ထဘီကို အရိုးပေါ်အရွက်မဖုံး အရင်းခံ ဝတ်ဆင်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

(မြန်မာအမျိုးသမီးများအားလုံးအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုပါသည်။)

မြန်မာအမျိုးသမီးများနေ့

* မြန်မာအမျိုးသမီးများနေ့
တို့မမေ့နိုင်ပြီ
ပျို့ခလေ့လှိုင်ဝေစည်
ခိုင်စေမည်တင့်ဆန်း။

* စဉ်လာကြီးတဲ့ ခက်သပြေ
ကျက်သရေတိုးလို့ပွင့်လန်း။

* မြို့ပြမှ ကျေးလက်ဆီ
မနေးချီ လျှောက်လှမ်း။

* မဝေးပြီ သာစခန်းသို့
မြန်းကြစို့ လျင်မြန်။

* စေတနာ့ဝန်ထမ်းဖွဲ့စည်းမို့
ဖြည့်ဆည်းကြ ဖွဲ့စိတ်သန်သန်။

* ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်မှာ
ကြိုးစားထက်သန်မေတ္တာထားလို့
ချစ်သဒ္ဒါတရားတိုးပွားမြားမြောင်
နှိုးကြားထမ်းဆောင်။

* အမျိုးသမီးစွမ်းအား အလင်းရောင်
နိုင်ငံ့ဂုဏ်ဆောင် ထွန်းပြောင်ကြစို့လေး။ ။

(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုပါသည်။)

ဝင်းမြဲအေး

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ မော်လမြိုင်တွင်ကျင်းပ

မော်လမြိုင် ဇွန် ၃၀

၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက် နံနက် ၈ နာရီက မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်(ယာပုံ)၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စန်းစန်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၄၀၀ ကျော်ဆောင်ရွက်၍ ကျွန်း၊ ပိတောက်၊ စကားဝါစသည့်ပျိုးပင်များကို သတ်မှတ်ထားသည့်နေရာများတွင် စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စန်းစန်းတို့က ပျိုးပင်များစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးနိုင်မည့် အခြေအနေရှိခြင်းအပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၃၀

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀နာရီတွင် ကျင်းပရာ **မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်၏ မော်လမြိုင်ဆိပ်ကမ်းသို့ ဝင်ထွက်ရာရေလမ်းကြောင်း တိုးတက်ကောင်းမွန်စေရေးအတွက် သံလွင်မြစ်အတွင်း သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကောင်းကျိုး၊ ဆိုးကျိုး မည်သို့ရှိမည်ဆိုသည့်မေးခွန်းနှင့်စပ်လျဉ်း၍** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းက မော်လမြိုင်ဆိပ်ကမ်းသို့ ရေယာဉ်ကြီးများ သွားလာနိုင်ရေးသောင်တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ သံလွင်မြစ်အတွင်း သောင်တူးခြင်းကြောင့် မော်လမြိုင်ဆိပ်ကမ်းသို့ ဝင်/ထွက်ရာ ရေလမ်းကြောင်းကောင်းမွန်လာပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝင်/ထွက်လာနိုင်ခြင်းကြောင့် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့လာပြီး ဝင်ငွေတိုးတက်ရရှိနိုင်ခြင်း၊ မဖြစ်မနေ ဆောင်ရွက်ရမည့်မြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်းများကို ပုဂ္ဂလိကသို့လုပ်ကိုင်ခွင့်ပြုပေးခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေမှာ သောင်တူးခြင်းလုပ်ငန်းအတွက် ငွေကြေး အမြောက်အမြား ကျခံသုံးစွဲရန်မလိုအပ်တော့ခြင်း၊ သောင်တူးလုပ်ငန်းဆောင်ရွက်ရာမှထွက် ပေါ်လာသည့် သဲများအား ပြည်ပနိုင်ငံသို့ ရောင်းချခြင်းအားဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ

ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ရရှိနိုင်ခြင်း စသည့်ကောင်းကျိုးများ ရရှိမည်ဖြစ်ပါကြောင်း၊ ရေလမ်းကြောင်းကောင်းမွန်လာပြီး လုံလောက်သောရေအနက်ပေ ရရှိလာသောကြောင့် ကုန်ပိုမိုတင်ဆောင်နိုင်သဖြင့် သယ်ယူပို့ဆောင်ရေးစရိတ်များ ကျဆင်းလာခြင်းတို့ ရရှိမည်ဖြစ်ပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Star High Asia Pacific Pte., Ltd တို့သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ချုပ်ဆိုထားသော စာချုပ်သက်တမ်း (၁)နှစ်ဖြစ်ပြီး စာချုပ်သက်တမ်းပြီးဆုံးပါက မော်လမြိုင်မြစ်ကြောင်းတစ်လျှောက် တိုင်းတာရေး (Survey) ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ရေစူး ၆ ဒသမ ၅ မီတာ ရရှိပါက လုပ်ငန်းပြီးဆုံးမည်ဖြစ်ပါကြောင်း၊ စာချုပ်အရ တစ်နှစ်လျှင် သဲတန်ချိန် ၁ ဒသမ ၅ ကုဗမီတာသန်း ထုတ်လုပ်မည်ဖြစ်ပြီး တစ်ကုဗမီတာလျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာနှုန်းဖြင့် ပေးသွင်းမည်ဖြစ်ပြီး နိုင်ငံတော်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ရရှိမည်ဖြစ်ပါကြောင်း။

သဲထုတ်လုပ်တင်ပို့ရောင်းချရန်ကိစ္စနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနက သတ္တုတွင်းဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံလာသည့်အခါတွင် သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့စေလွှတ်၍ နမူနာရယူပြီး ဓာတ်ခွဲစမ်းသပ် စစ်ဆေးဆောင်ရွက်ပေးပါကြောင်း၊ သတ္တုသားပါဝင်မှုရာခိုင်နှုန်းအရ ရောင်းချမည့်သဲတန်ချိန်များတွင်ပါဝင်သည့် သတ္တုအမျိုးအစားပမာဏ၏တန်ဖိုးမှ ဓာတ်သတ္တုခွန် သုံးရာခိုင်နှုန်းကျသင့်ငွေကို သတ္တုတွင်းဝန်ကြီးဌာနက ကောက်ခံဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **မြို့နယ်များရှိ ကျေးရွာ**

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

အုပ်စုတိုင်း၌ ကျေးလက်ကျန်းမာရေးဌာနခွဲများခွင့်ပြုပေးရန်နှင့် သားဖွားခန်းများတွင် သားဖွားခုတင်များချထားပေးရန်အစီအစဉ် ရှိ /မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် ပြည်သူလူထုကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ရာတွင် ဖွင့်လှစ်မည့်ကျေးရွာသည် ဗဟိုအချက်အချာကျခြင်း၊ လူဦးရေနှင့် အိမ်ခြေများပြားပြီး လူဦးရေသိပ်သည်းမှုများပြားခြင်း၊ လူဦးရေပျမ်းမျှအနည်းဆုံး ၃၀၀၀ မှ အများဆုံး ၅၀၀၀ ခန့် လွှမ်းခြုံနိုင်ခြင်း၊ ခရီးလမ်းပန်းဆက်သွယ်မှုအခြေအနေကောင်းမွန်ခြင်း၊ စီးပွားရေးအချက်အချာကျ၍ ဖွံ့ဖြိုးမှုအလားအလာရှိခြင်း၊ နောင်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးနိုင်မည့် အခြေအနေရှိခြင်းတို့အပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲများရှိ မွေးခန်းများအတွက် မွေးခုတင်များ ထောက်ပံ့ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းသည့်**"၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရသူလူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခဲ့သည်။

ယင်းဥပဒေကြမ်းသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့တွင် တင်သွင်းခဲ့သော မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားနေသော ယာဉ်မတော်တဆဖြစ်ပွားမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် လိုအပ်သည့်လုပ်ထုံးလုပ်နည်းများ ဆောလျင်စွာ ထုတ်ပြန်ပေးနိုင်ရေးအတွက် တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာများအားအချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို ရေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေ ပြဋ္ဌာန်းပြီးပါက ထိခိုက်ဒဏ်ရာရရှိသည့် အရေးပေါ်လူနာများအား အချိန်မီဆေးကုသနိုင်ရန်အတွက် ဆေးရုံ၊ ဆေးခန်းများသို့ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ကူညီပေးပို့နိုင်မည်ဖြစ်သည်။ ယင်းဥပဒေတွင် ပါဝင်မည့်ပုဒ်မများအရ ထိခိုက်ဒဏ်ရာရရှိကြောင်းသိရှိရသည့် တာဝန်ရှိသက်ဆိုင်ရာဝန်ထမ်းသည် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်လျှင် ယင်းဌာန၏ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အရည်အသွေးမီဆန်နှင့်ဆန်ထွက်ပစ္စည်းများရရှိရန် ဆန်စက်ကြီးများကို ကျောက်တော်၊စစ်တွေနှင့်မင်းပြားတို့တွင် ဖွင့်လှစ် တည်ဆောက်လျက်ရှိ

နေပြည်တော် ဇွန် ၃၀

ရခိုင်ပြည်နယ်အတွင်းရှိ လယ်သမားများ စိုက်ပျိုးစရိတ်ရင်းနှီးငွေရရှိရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၄၅၆၇၉ ဒသမ ၉ ထုတ်ချေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျပ်သန်းပေါင်း ၅၀၀၇၇ ဒသမ ၄ ထုတ်ချေးလျက် ရှိပါကြောင်း၊ လိုအပ်ပါက သမဝါယမအသင်းများမှ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိပါကြောင်းဖြင့် ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ်၏ **"ရခိုင်ပြည်နယ် ဆန်စပါးထုတ်လုပ်ရေးဖွံ့ဖြိုးတိုးတက်ရန် မည်သို့လုပ်ဆောင်နေသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်တွင် နှစ်စဉ် မိုးစပါးဧက ၁၁ ဒသမ ၁၂ သိန်း စိုက်ပျိုးလျက်ရှိရာ ဆားငန်ရေဝင်ရောက်သော စပါးစိုက်ဧကများအား ဆားငန်ရေမဝင်ရောက်မီ အချိန်မီရိတ်သိမ်းနိုင်မည့် သက်လျင်စပါးမျိုးနှင့် ဆားငန်ဒဏ်ခံနိုင်သော ဆင်းသွယ်လတ်စပါးမျိုးများကို တင်သွင်းစိုက်ပျိုးလျက်ရှိပါကြောင်း၊ ဆားငန်ရေ ဝင်ရောက်မှုမရှိအောင် လယ်သမားတာ(ကာရီ)တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်း ၁၄၇ ခုအား ကျပ်သန်းပေါင်း ၁၄၀၅၃ ဒသမ ၆၉ သန်း အကုန်အကျခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မျိုးကောင်းမျိုးသန့်ထုတ်လုပ် ဖြန့်ဖြူး ဆောင်ရွက်ပေးလျက်ရှိပြီး အောင်မြင်ဖြစ်ထွန်းနိုင်သော ဒေသများတွင် စမ်းသပ်စိုက်ပျိုးရန် ဖြန့်ဖြူးပြီးဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်းများက မြေဩဇာအိတ် ၅၇၆၆ အိတ်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်မှ မြေဩဇာအိတ် ၉၉၀၀ အိတ်ကို ထောက်ပံ့ပေးရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်မှန်သော မြေဩဇာများ အလွယ်တကူဝယ်ယူရရှိနိုင်ရန် ပုဂ္ဂလိက အရောင်းဆိုင်များနှင့် ပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စပါးစိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန်များကို ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် မင်းပြားမြို့နယ်တို့တွင် ဧက ၁၅၀၀ အထူးဇုန်သတ်မှတ်စိုက်ပျိုးသွားမည် ဖြစ်ပါကြောင်း၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံးရေးအတွက် ကွင်းဆင်းပညာပေး၍ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်၌ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် လက်တွန်းထွန်စက် ၆၂၇ စီး၊ ကောက်စိုက်စက် ၃၁ စီး၊ ရိတ်သိမ်းစက် ၂၅၃ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၂၇ စီးတို့ကို ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဈေးကွက်ယန္တရားတစ်ခုလုံး ပါဝင်နေကြသူများစုပေါင်း၍ ဆန်စပါးနှင့် ပဲမျိုးစုံအထူးပြု ကုမ္ပဏီများကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အရည်အသွေးမီ ဆန်နှင့် ဆန်ထွက်

ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ပစ္စည်းများရရှိစေရန် ကျောက်တော်မြို့နယ်တွင် တစ်နေ့တန် ၈၀ ကျ ဆန်စက်ကြီး ဖွင့်လှစ်လည်ပတ်လျက်ရှိပြီး စစ်တွေမြို့နယ်တွင် တစ်နေ့တန် ၁၀၀ ကျ ဆန်စက်တစ်လုံးနှင့် မင်းပြားမြို့နယ်တွင် တစ်နေ့တန် ၅၀ ကျ ဆန်စက်တစ်လုံးတို့ကို တည်ဆောက်လျက်ရှိပါကြောင်း။

ဈေးကွက်ရှာဖွေနိုင်ရန်အတွက် ကုန်စည်ဒိုင်များ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အရည်အသွေးကောင်းမွန်ရေးနှင့် ကုန်သွယ်မှုပမာဏတိုးမြှင့်ရေးအတွက် ကုန်စည်ဒိုင်များ တိုးချဲ့ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အလားအလာရှိသည့် ကုန်သည် မိတ်ဖက်များကို ဖိတ်ခေါ်ပြီး MoU, Sale Contract ချုပ်ဆိုနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၏ ဆန်စပါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ လုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးခက်ထိန်နန်၏ **"ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ကာကွယ်ရေးနှင့် ဒုက္ခသည်များ

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ် မေးမြန်းစဉ်။ (သတင်းစဉ်)

ကူညီစောင့်ရှောက်ရေးကော်မတီ၏ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ခရီးစဉ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီစောင့်ရှောက်မှုများနှင့် အထွေထွေလျှုဒါန်းမှုများ အစီရင်ခံစာ(၄ / ၂၀၁၄)ကို ကော်မတီဝင်ဦးဆားရယ်က ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ယနေ့အစည်းအဝေးတွင် မီးဘေးကာကွယ်ရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့် အဆိုတင်သွင်းခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီစောင့်ရှောက်ခဲ့မှု အစီရင်ခံစာမှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

ဥပဒေကြမ်းများ ဆွေးနွေး

နေပြည်တော် ဇွန် ၃၀

ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများကို စိစစ်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရုံး၌ကျင်းပရာ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေရေးကြေးရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့်ကော်မတီဝင်များက ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များအတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များအတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းများကို ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် ဇွန် ၃၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Emmanuel Trinidad Bautista ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှတစ်ဆင့် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နေပြည်တော်လေဆိပ်မှ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့်ထွက်ခွာရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်ချုပ်လွင်ဦး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇောနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံမှု ၅၉ နှစ်တာအတွင်း မြန်မာ့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံ အစိုးရနှင့် တပ်မတော်မှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခြင်းနှင့် မနီလာမြို့ရှိ ထင်ရှားသောနေရာများသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် တတိယအဆင့် အရှိန်မြှင့်တင်မှု(Third Wave) လုပ်ငန်းစဉ်များဆွေးနွေး

နေပြည်တော် ဇွန် ၃၀

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ် တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း **(ယာပုံ)**က ပြောကြားရာတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု ပထမအဆင့်နှင့် ဒုတိယအဆင့် အရှိန်မြှင့်တင်မှုတို့တွင် မိမိတို့ ဝန်ကြီးဌာနမှ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများကို လေ့လာသုံးသပ်၍ လိုအပ်ချက်များကို ပြုပြင်ပြောင်းလဲသွားရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မိမိတို့၏ အားနည်းချက်များအား လေ့လာဆန်းစစ်ပြီး အကောင်းဆုံးဖြစ်အောင် ပြုပြင်ပြောင်းလဲကြရမည်ဖြစ်ကြောင်း၊ အောက်ခြေဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် အဆင့်ဆင့် ကြပ်မတ်ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ အဆင့်လိုက် တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အညီ ပေါင်းစပ်ညှိနှိုင်း လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားအောင် ဆွေးနွေးပွဲများနှင့် လုပ်ငန်းနှင့်ပတ်သက်သည့် နည်းပညာများ၊ သင်တန်းများကိုလည်း လေ့လာသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးသည့်ကဏ္ဍမှ ပါဝင်ပြီး ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှု ကွာဟချက်များ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး လျင်မြန် ချောမွေ့စေရေးအတွက် e-Government စနစ် ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျန်ဝန်ကြီးဌာနအားလုံးနှင့် လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်မည့်အစီအမံများဖြစ်စေရန် စုစည်းပေါင်းစပ်ညှိနှိုင်းပေးရန်နှင့် ပုံမှန်လေ့လာစောင့်ကြည့် အကဲဖြတ်ဆောင်ရွက်သွားရန် တာဝန်ရှိကြောင်းကို အထူးသတိပြုစေလိုကြောင်း၊ စီမံခန့်ခွဲအုပ်ချုပ်မှုအပိုင်းတွင်လည်း လုပ်ငန်းများအားလုံး လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းတိုင်းတွင် ဗဟိုမှချုပ်ကိုင်မှုကို လျှော့ချပြီး ရာထူးအဆင့်အလိုက် လျော်ညီစွာ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကို မှန်ကန်စွာကျင့်သုံးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဦးသောင်းတင်တို့က ဝန်ထမ်းများ လုပ်ဆောင်ရမည့် တာဝန်များနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေး ပြောကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားနည်းပြသင်တန်းဆင်းပွဲနှင့် ဝဏ္ဏသိဒ္ဓိရေကူးအသင်းသားများ တွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဇွန် ၃၀

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အားကစားနည်းပြသင်တန်းအမှတ်စဉ် (၄/၂၀၁၄) သင်တန်းဆင်းပွဲကို ဇွန် ၂၇ ရက် ညနေ ၃ နာရီက နေပြည်တော် အားကစားလေ့ကျင့်စခန်း (Gold Camp) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ စက်ဘီးအားကစားနည်းမှ သင်တန်းတက်ရောက်လာကြသည့် နည်းပြများကိုယ်စား ကိုယ်စားလှယ်နှစ်ဦး အားလည်းကောင်း၊ ဓားခုတ် အားကစားနည်းမှ သင်တန်းသား ကိုယ်စားလှယ် နှစ်ဦးအားလည်းကောင်း၊ ဘတ်စကက်ဘော အားကစားနည်းမှ သင်တန်းသားကိုယ်စားလှယ် နှစ်ဦးအားလည်းကောင်း၊ ဘော်လီဘော အားကစားနည်းမှ သင်တန်းသား ကိုယ်စားလှယ် နှစ်ဦးအားလည်းကောင်း သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ **(အပေါ်ယာပုံ)**

အဆိုပါသင်တန်းကို ဇွန် ၂၃ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ပြီး စက်ဘီးအားကစားနည်းမှ သင်တန်းသား ၄၉ ဦး၊ ဓားခုတ်အားကစားနည်းမှ ၂၆ ဦး၊ ဘတ်စကက်ဘော အားကစားနည်းမှ ၄၈ ဦး၊ ဘော်လီဘော အားကစားနည်းမှ ၄၈ ဦး စုစုပေါင်း ၁၇၁ ဦး တက်ရောက်ခဲ့သည်။

အလားတူ ဇွန် ၂၉ ရက် ညနေပိုင်းတွင် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးအသင်း ပထမအကြိမ် အသင်းသားများ တွေ့ဆုံပွဲအခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇော်ဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယခု နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးအားကစားကလပ်သည် ယခုမှ ပထမဦးဆုံးအကြိမ် စတင်ဖွဲ့စည်းခြင်းဖြစ်ပြီး အသင်းဝင်များ ပထမဦးဆုံးအကြိမ် စတင်မိတ်ဆက်တွေ့ဆုံပွဲဖြစ်သည်။ ကလပ်အသင်းဖြစ်လာခြင်း၏ ရည်ရွယ်ချက်မှာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အသုံးပြုခဲ့သည့် ဝဏ္ဏသိဒ္ဓိရေကူးကန်အား ရေရှည်တည်တံ့ခိုင်မြဲရေး၊ အဆိုပါ ရေကူးကန်ဖြင့် ပြည်သူများ ရေကူးအားကစားကို လိုက်စား၍ ကျန်းမာရေးသုခပြည့်စုံကာ လုပ်ငန်းတာဝန်များပင်ပန်းမှုကို ပြေပျောက်အပန်းပြေစေရန်နှင့် အနာဂတ်တွင် ရေကူးအားကစားနည်းအတွက် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန်တို့ဖြစ်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် နိုင်ငံတကာဆက်ဆံရေးတာဝန်ခံ ဒေါက်တာမြတ်သူရစိုးက ရေကူးကလပ်အသင်း၏ အလုပ်အမှုဆောင် တာဝန်ဝတ္တရားများနှင့် ရေကူးကလပ်အသင်း ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် လုပ်ငန်း ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပဏာမရွေးချယ်တင်မြှောက်ခံရသော အလုပ်အမှုဆောင်အဖွဲ့များ၏ အမည်စာရင်းကို ကြေညာပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်အသင်းသားများက အကြံပြုဆွေးနွေးကြသည်။

အဆိုပါ နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးအားကစားကလပ်အား ပထမဦးဆုံးအကြိမ်အဖြစ် အသင်းဝင် ၁၄၀ ဖြင့် စတင်ဖွဲ့စည်းနိုင်ခဲ့ပြီး အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၉ ဦးအား ပဏာမရွေးချယ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✽ ရှေ့ဖုံးမှ

တန် ၆၀ သတ်မှတ်ထားရှိကာ တံတားအမျိုးအစားသည် သံကူကွန်ကရစ် အုတ်မြစ် 1.5Ø Bored Pile နှင့် သံကူကွန်ကရစ်ကိုယ်ထည်၊ သံပေါင်ရက်မနှင့် သံကူကွန်ကရစ် ကြမ်းခင်းတို့ဖြစ်သည်။

ဘီလူးချောင်းတံတား (မိုးဗြဲ)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခင်မူလတံတားဟောင်းနှင့်ကပ်လျက် အသစ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားဟောင်းသည် CII သံပေါင် တစ်လမ်းသွားတံတားဖြစ်ပြီး တံတားကြံ့ခိုင်မှုအားနည်းသဖြင့် ဝန်လေးယာဉ်များ ဖြတ်သန်းရာတွင် အန္တရာယ်များခြင်းနှင့်ယာဉ်တစ်စီးချင်း စောင့်ဆိုင်းဖြတ်သန်းနေရသဖြင့် အချိန်နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့သည်။

သွားလာနိုင်

လက်ရှိအနေအထားအရ ဘီလူးချောင်းတံတား(မိုးဗြဲ) တံတားအသစ်တည်ဆောက် ပြီးစီးသွားပြီဖြစ်၍ ယာဉ်ကြီး၊ ယာဉ်ငယ်များ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အသက်မွေးဝမ်းကျောင်းပညာရပ်များ တိုးချဲ့သင်ကြားရေးနှင့်အလုပ်အကိုင် အခွင့်အလမ်း အများဆုံးရရှိနိုင်မည့် အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၃၀

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်နှင့် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ သင်တန်းသားများနှင့် တွေ့ဆုံပြီး လုပ်သားဈေးကွက်ပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဦးစားပေးကဏ္ဍအလိုက်ရွေးချယ်ကာ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးသွားရန် မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းအုပ်ကြီးတို့က သင်တန်းကျောင်း၌ ပြည်သူတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာများ လေ့ကျင့်မွေးထုတ်ပေးမှုနှင့် တိုင်းဒေသကြီး ပြည်နယ်ရှိ စည်ပင်သာယာရေး လုပ်ငန်းများနှင့်ပတ်သက်၍တင်ပြရာ ပြည်ထောင်စုဝန်ကြီးက အလုပ်အကိုင်အခွင့်အလမ်းများ များဖန်တီး ရရှိနိုင်မည့် အထည်ချုပ်သင်တန်းများကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်မွေးထုတ်နိုင်ရန် ဆွေးနွေးမှာကြားသည်။ ယင်းနောက် အိမ်တွင်းမှုစက်ချုပ်လုပ်ငန်းနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစင်တာသင်တန်းကျောင်းသို့ ရောက်ရှိရာ ဥက္ကဋ္ဌဦးမြင့်စိုးက ယခုအခါ မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်း လျင်မြန်စွာဖွံ့ဖြိုးလာပါကြောင်း၊ ရက်သတ္တပတ်နှစ်ပတ်လျှင် စက်ရုံသုံးရုံနှုန်းဖြင့် တိုးတက်ရင်းနှီးလျက်ရှိကြောင်း ထိုစက်ရုံများအတွက် ရက်သတ္တပတ်နှစ်ပတ်လျှင် အထည်ချုပ်လုပ်သား သုံးထောင်မှ ငါးထောင်အထိ လိုအပ်ပါကြောင်း၊ မိမိတို့အသင်းမှ ယခုသင်တန်းကျောင်းကို JICA အကူအညီဖြင့် မတည်ဖွင့်လှစ်ခဲ့ရာ သုံးနှစ်အတွင်း အထည်ချုပ်လုပ်သား ၁၂၀၀ ကိုသာ မွေးထုတ်နိုင်ပါကြောင်း၊ အခြားအိမ်နီးချင်းနိုင်ငံများနည်းတူ အထည်ချုပ် လုပ်ငန်းများအားပေးမြှင့်တင်ရာ၌ တစ်လလျှင် တစ်သောင်းခန့် မွေးထုတ်ပေးရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က မိမိတို့တွင် သင်တန်းကျောင်း (၃၆) ကျောင်းဖြင့် သင်တန်းသားများ မွေးထုတ်လျက်ရှိပြီး အထည်ချုပ်လုပ်သားလိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကူညီပေးသွားမည်ဖြစ်ကြောင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရန်ကုန်တွင် အထည်ချုပ်လုပ်ငန်း သင်တန်းကျောင်းလေးနေရာခွဲ၍ ဖွင့်လှစ်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုအပ်ချက်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မှာကြားပြီး အခြေခံစက်ချုပ်သင်တန်း လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

ပတ်ဝန်းကျင်ရေးရာကိစ္စရပ်တွေကို တွေ့ဆုံဆွေးနွေးခဲ့တာဖြစ်ပြီး မြေယာစီမံခန့်ခွဲခြင်း၊ လျော်ကြေးကိစ္စရပ်တွေကို စတင်ဆောင်ရွက်ခြင်းမရှိသေးပါဘူး။ လက်ရှိမှာ စီမံကိန်းကြီးအတွက် ကနဦးလေ့လာထားရှိမှုတွေနဲ့ ပေါင်းစပ်ဖို့ ပညာရှင်တွေရဲ့ အမြင် ဒေသခံတွေရဲ့ ဆန္ဒတွေကို စုဆောင်းဖို့ဖြစ်ပါတယ်” ဟု သီလဝါ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူး ဦးလင်းကိုက ပြောကြားသည်။

စီမံကိန်းမစတင်မီအထိခိုက်မခံနိုင်သည့် ဒီရေတော၊ ချောင်း၊ မြောင်း၊ ကန်များနှင့် ရှားပါးတိရစ္ဆာန်များ၊ ရန်ကုန်မြစ်နှင့် မော်ဝန်းမြစ်စသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ၊ ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ပစ္စည်းများ၊ တက္ကသိုလ်အပါအဝင် ဒေသ အထောက်အကူပြုအဆောက်အအုံများကို ကြိုတင်စာရင်းပြုစုထားပြီး ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် စောင့်ကြည့် အကဲဖြတ်လျက်ရှိကြောင်း ERM ဂျပန်မှ တာဝန်ရှိသူ Mr.Kyle Dupant ကပြောကြားသည်။

သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းရေးဆွဲရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ၂၀၁၂ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၂၀၁၄၊ EIA ဆန်းစစ်ခြင်းလုပ်ထုံးများ(မူကြမ်းအဆင့်)၊ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ နှင့် စက်မှုဝန်ကြီးဌာန၏ ရေဆိုးစွန့်ပစ်မှု စံချိန်စံညွှန်းများပေါ်မူတည်ကာ ရေးဆွဲသွားမည်ဖြစ်သည်။

“ စီးပွားရေးအရှိန်အဟုန်မြှင့်တင်တာနဲ့အပြိုင် ဘေးကင်းလုံခြုံတဲ့လူမှုဘဝတွေ ရရှိလာစေဖို့၊ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေရှိမှု၊ ပြည့်စုံတဲ့အခြေခံ အဆောက်အအုံရရှိလာမှုတွေ၊ သဘာဝပတ်ဝန်းကျင်နဲ့ အချိုးကျဟန်ချက်ညီစေဖို့ အခြေပြုစဉ်းစားထားပါတယ်။ အဲဒီအတွက် Eco Smart Technology ကို အသုံးပြုမှာဖြစ်ပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ သမိုင်းနောက်ခံတွေကို ကျွန်တော်တို့အများကြီးစဉ်းစားရေးဆွဲနေပါတယ်” ဟု E Guard မှမန်နေဂျင်းဒါရိုက်တာဦးအေးသီဟက ပြောကြားသည်။

ထို့အပြင် စီမံချက်ရေးဆွဲသည့် ကုမ္ပဏီများမှ မူလစီမံချက်တွင် မြေအသုံးချမှု အစီအစဉ် ဟက်တာ ၂၀၀၀ စက်မှုလုပ်ငန်းအတွက် ၁၁၅၈ဟက်တာ၊ လူနေရပ်ကွက်အတွက် ဟက်တာ ၂၀၀၊ ကူးသန်းရောင်းဝယ်ရေးအတွက် ဟက်တာ ၇၀၊ အများဆိုင်နေရာများအတွက် ၅၅၂ ဟက်တာ အဖြစ်အသုံးပြုရန် ရည်ရွယ်ထားရှိကြောင်း၊ ထိုသို့ရည်ရွယ်ထားရှိသည့်အတွက် ဂေဟစနစ်များ ထိခိုက်မှုဖြစ်ပွားစေသည့်အတွက် ယခုအခါဒီရေတောပျံ့နှံ့မှု ပုံမှန်ဖြစ်တည်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် တက္ကသိုလ်များ ထိခိုက်မှု မရှိစေရေး၊ ရေလွှမ်းမိုးမှုမှ ကာကွယ်ရေးတို့အတွက် ဟက်တာ ၂၀၀၀အနက်စက်မှုလုပ်ငန်းအတွက် ၉၈၆ ဟက်တာ၊ လူနေရပ်ကွက်အတွက် ၁၃၁ ဟက်တာ၊ ကူးသန်းရောင်းဝယ်ရေးအတွက် ၁၅ ဟက်တာနှင့်အများနှင့်သက်ဆိုင်သည့်နေရာများအတွက် ၆၈၇ ဟက်တာခန့် အသုံးပြုသွားမည်ဖြစ်သည်။

“ပတ်ဝန်းကျင်ဆိုင်ရာအတွက် စက်မှုလုပ်ငန်းဇရိယာတွေမှာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု၊ ရေဆိုးစွန့်ပစ်မှု၊ ဆူညံသံစတဲ့စံသတ်မှတ်ချက်တွေ၊ လူနေရပ်ကွက်တွေမှာလေ အရည်အသွေး၊ ဆူညံသံ၊ မြေအောက်ရေ အရည်အသွေး စံသတ်မှတ်ချက်တွေ ထားရှိသွားမှာဖြစ်ပါတယ်။ မြစ်ချောင်းတွေရဲ့ ရေအရည်အသွေး သတ်မှတ်ချက်၊ ရေဆိုး စွန့်ပစ်မှုစံသတ်မှတ်ချက်တွေကို ကျွန်မတို့ အတိကျဆုံး ရေးဆွဲနေပါတယ်” ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်သန်းသန်းသွယ်က ပြောကြားသည်။

“ကျွန်တော်တို့အတွက် ခိုင်မာတဲ့အာမခံမှုတွေကို အလိုရှိပါတယ်။ ဒေသတစ်ခုလုံး ဖွံ့ဖြိုးမှာတော့ လက်သင့်ခံနိုင်ပါတယ်။ သို့သော် အမှန်တကယ်ဆောင်ရွက်ပေးခြင်း မရှိမှာကိုတော့ စိုးရိမ်မိပါတယ်။ လက်တွေ့မှာ နိုင်ငံတကာစံချိန်စံညွှန်းနဲ့ ကိုက်ညီမှုရှိမရှိကို တာဝန်ရှိတဲ့သူတွေ၊ လုပ်ငန်းရှင်တွေ၊ ဒေသခံတွေ၊ ပညာရှင်တွေ စုပေါင်းအဖြေရှာစေလိုတယ်။ စောင့်ကြည့်ပေးစေလိုပါတယ်” ဟု သီလဝါဒေသလူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဦးဆောင်ကော်မတီမှ ရပ်မိရပ်ဖ ဦးမြလှိုင်က ပြောကြားသည်။

ယခု အစီရင်ခံစာရေးဆွဲခြင်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှုကို ဆန်းစစ်ထားပြီး သက်ရောက်မှုများကို ဖော်ပြထားမည်ဖြစ်ကြောင်း၊ သက်ရောက်မှု လျော့နည်းစေရေးနည်းလမ်းများနှင့် ကန့်ကွက်တိုင်ကြားအကြံပေးနိုင်ခြင်းများကို စောင့်ကြပ်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်းများကို ဒေသခံများနှင့် ပညာရှင်များမှ ပေးစေလိုကြောင်း တာဝန်ရှိသူများကပြောကြားသည်။

အခမ်းအနားသို့ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် ဒေသခံများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

✳ *ကျောဖုံးမှ*

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ စီမံဒါရိုက်တာ ဦးစိုးမိုးနှင့် ဌာနခွဲဒါရိုက်တာများ၊ MNL CEO မစ္စတာဂျေဆင်းတို့ တက်ရောက်ကြသည်။

ပွဲစဉ် မဲနှိုက်ရေးဆွဲမှုအရ တတိယအဆင့် ပွဲစဉ်များအဖြစ် ဇူလိုင် ၅ ရက်တွင် ပဒုမ္မာကွင်း၌ ကမ္ဘောဇနှင့် ဇွဲကပင်ယူနိုက်တက်၊ စလင်းကွင်း၌ မြဝတီနှင့်မကွေး၊ ဇူလိုင် ၆ ရက်တွင် အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်နှင့် မနောမြေ၊ စလင်းကွင်း၌ ရောဝတီနှင့် ဇေယျာရွှေမြေ၊ ပဒုမ္မာကွင်း၌ ဟံသာဝတီနှင့် Horizon၊ ဇူလိုင် ၇ ရက်တွင် ပဒုမ္မာကွင်း၌ ဆောက်သမ်နှင့် ရတနာပုံတို့ တွေ့ဆုံလျက်ရှိသည်။ ရန်ကုန်အသင်းနှင့် နေပြည်တော်အသင်းတို့သည် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ရန်ကုန်အသင်းသည် ဆောက်သမ်နှင့် ရတနာပုံ အနိုင်ရသောအသင်းနှင့် လည်းကောင်း၊ နေပြည်တော်အသင်းသည် မြဝတီ-မကွေးအနိုင်ရသောအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

MFF Cup ရှုံး/ထွက် ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၉ ရက်မှ ၂၀ ရက်အထိ၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၆ ရက်နှင့် ဗိုလ်လုပွဲကို စက်တင်ဘာ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် မိုးတွင်းကာလရေကြီးနစ်မြုပ်မှု မရှိစေရန် ပေါင်းလောင်းနယ်မြေ(၁)သပြေလမ်းမှ ပေါင်းလောင်းနယ်မြေ(၃) ရာဇဌာနီလမ်းမကြီးအထိ ရန်ကုန်-မန္တလေးမီးရထားလမ်း အရှေ့ဘက်ဘေးရှိ ပင်မရေမြောင်းကို စက်ကြီးများဖြင့် ဖောက်လုပ်မှုကို ဇွန် ၁၈ ရက်ကတွေ့ရစဉ်။

ကိုကိုရှုပ

ပြည်တွင်းသတင်း

“မြန်မာအမျိုးသမီးများနေ့”

ဇူလိုင်လ (၃) ရက်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

နေပြည်တော် ဇွန် ၃၀

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ပြည့်နှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ်ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး (၂) ဒေါက်တာဂျိုဂျိုစန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ မေစိုးဦး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်များသည် ဇွန် ၂၈ ရက်တွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ကြီးအင်းကျေးရွာတွင် ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ မြင့်ဟန်နှင့် ဆရာဝန်များ၊ ခုတင် ၁၀၀၀ နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးအဖွဲ့နှင့် မျက်စိအထူးကုဆရာဝန်ကြီး အဖွဲ့တို့သည်လည်း လိုက်ပါကူညီ ဆောင်ရွက်ကုသပေးခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဂျိုဂျိုစန်းက အဖွင့်အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ မြင့်ဟန်က “သက်ကြီးဘိုးဘွားများအတွက် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ” သိကောင်းစရာများအကြောင်းကို ပြောကြားခဲ့သည်။

ထို့နောက် မေတ္တာစမ်းရေဆေးခန်းတာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က “ရွှေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်းအကြောင်း”၊ နေပြည်တော် ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်က “ကိုယ်ဝန်ဆောင်စနစ်တကျ စောင့်ရှောက်မှုခံယူရန်အရေးပါမှုနှင့် ကျွမ်းကျင်သူများဖြင့် မွေးဖွားရန်အကြောင်း” ကိုလည်းကောင်း၊ ဒေါက်တာမျိုးမင်းဦးက “သားဆက်ခြားခြင်းအကြောင်း” ကိုလည်းကောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို အနှီးပိတ်၊ အိုင်အိုဒင်းဆားနှင့် အာဟာရဖြစ်စေသော အစားအစာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများကို ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သော လူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိခဲ့သည်။ **(သတင်းစဉ်)**

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ
(တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာခြင်း)

ကုန်သွယ်မှုပြုသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် လေဆိပ်တို့တွင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေခြင်းကို စစ်ဆေးဖော်ထုတ်၍ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့စုံပါဝင်သော Mobile Team အဖွဲ့များကို တာဝန်ပေး ဆောင်ရွက်လျက်ရှိပါသည်-

- **ကုန်သည်လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်(အေးဂျင့်)များမှ မမှန်မကန်ပြုလုပ်ပါက သတင်းပေးတိုင်ကြားရန်။**
- **စစ်ဆေးရေးအဖွဲ့များမှ ငွေကြေး/တံစိုးလက်ဆောင်တောင်းခံခြင်းနှင့် လာဘ်ပေးလာဘ်ယူမှုများရှိပါက ခိုင်လုံသော အထောက်အထားဖြင့် တိုင်ကြားရန်။**
- **တိုင်ကြားရာတွင် အထောက်အထားခိုင်လုံစွာဖြင့် တိုင်ကြားပါက ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။**

တိုင်ကြားနိုင်သော ဖုန်းနံပါတ်များ

ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး	- ၀၆၇-၄၀၈၂၆၄
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	- ၀၉-၆၇၀၀၈၂၅
ဗဟိုကော်မတီအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်	- ၀၆၇-၄၀၈၄၀၄
ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန	- ၀၉-၈၃၀၀၂၉၆
ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်	- ၀၁-၃၈၇၁၆၂
အကောက်ခွန်ဦးစီးဌာန	- ၀၉-၈၆၂၂၆၅၇
ဗဟိုကော်မတီရုံးလုပ်ငန်းကွပ်ကဲမှုတာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်	- ၀၁-၃၇၇၀၇၇၊
ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန	၀၉-၈၃၀၂၃၅၇

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ

ပြည်တွင်းသတင်း

အမျိုးသမီးများဘဝဘက်စုံဖွံ့ဖြိုးအသိတိုးစေရန် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အမျိုးသမီးများဘဝဘက်စုံဖွံ့ဖြိုးအသိတိုးစေရန်အတွက် ကျန်းမာရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်ထားတင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်၊ နေပြည်တော် ကောင်စီနယ်မြေ၊ နေပြည်တော် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှလှကြည်နှင့် တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်ထားတင်က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ် ကျန်းမာရေးအရာရှိ ဒေါက်တာဖေအောင်က "ကျန်းမာလှပ လူနေမှုဘဝ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာ လှိုင်လှိုင်ဌေးက "ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစီးမှူး ဒေါက်တာလှလှကြည်က "ကိုယ်ဝန်ဆောင်နှင့် ငါးနှစ် အောက်ကလေး ကျန်းမာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျန်းမာရေးအသိပညာများအား ဟောပြောကြသည်။

ယင်းနောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြရေး တွေ့ဆုံမှာကြား

မန္တလေး ဇွန် ၃၀

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ (၈၈) မျိုးဆက် သစ်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း (မန္တလေး)အဖွဲ့တို့ ဇွန် ၂၈ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးက ယခုကဲ့သို့ ခေါ်ယူတွေ့ဆုံရခြင်းမှာ ယနေ့ဆောင်ရွက်နေသည့် လက်မှတ်ရေးထိုးရယူနေခြင်း ကိစ္စရပ်များအတွက် လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ဥပဒေကို ချိုးဖောက်သည့် အခြေအနေများ ဖြစ်နေခြင်းကြောင့် ဆက်လက်၍ ဥပဒေနှင့် အညီဖြစ်စေရန် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုအဆင့်ဆင့်အထိ ဆက်လက်အသိပေး၍ ဥပဒေနှင့်အညီ ဥပဒေလမ်းကြောင်းအတိုင်း လိုက်နာဆောင်ရွက်ကြရန် တွေ့ဆုံမှာကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဥပဒေအရာရှိကလည်း လှုပ်ရှားဆောင်ရွက်မှုများသည် ပြဋ္ဌာန်းထားသော ဥပဒေစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လက်ရှိဖြစ်ရပ်များအပေါ် ထင်ဟပ် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၃၀

မြန်မာ့ကျောက်မျက်ရတနာများ ခင်းကျင်းပြသရောင်းချသည့် (၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

အရည်အသွေး ပြည့်ဝကောင်းမွန်လှသည့် မြန်မာ့ကျောက်မျက်ရတနာများသည် ဖျူနီပြာဝါ အရောင်အသွေးစုံလင်လှသည့် နိုင်ငံတကာရတနာကုန်သည်များ အလယ်တွင် ထည်ဝါ ခံ့ညားလှပလျက်ရှိနေကြသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်းပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမနှင့် သတ်မှတ်ဧရိယာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက်ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ရန် လွတ်လပ်စွာ လှည့်လည်ကြည့်ရှုလေ့လာမှတ်သား၍ ဈေးနှုန်းများ သူ့ထက်ငါ အပြိုင်တင်သွင်းနေကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်နေရသည်။

ညနေပိုင်းတွင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းထွန်းအောင်သည် ကျောက်စိမ်းအတွဲများတင်ဒါတင်သွင်းနေမှုများနှင့် လက်ဝတ်ရတနာအရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်စိမ်းတွဲအမှတ် ၃၆၀၁မှ ၄၈၀၀ထိ ကျောက်စိမ်းတွဲပေါင်း ၁၂၀၀ ကိုတင်ဒါစနစ်ဖြင့် ရောင်းချခဲ့သည်။

ပြပွဲသို့ တက်ရောက်လာသော တရုတ်နိုင်ငံအရှေ့ပိုင်း၊ ကျဲရန်မြို့မှ ကျောက်မျက်ရတနာကုန်သည် လင်ကျားသိုက်က "ဒီနေ့ ကျွန်တော်အရမ်းရင်ခုန်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့အပြိုင်တင်သွင်းသူတွေ များပြားနေလို့ပါ။ ကျွန်တော်ပေးနိုင်တဲ့ဈေးတွေကပဲ ဒီပွဲတွေမှာ အောင်မလား၊ သူများတွေကပဲ အောင်သွားမလား ကျွန်တော်ရင်မောနေရတယ်ဗျ၊ ကျွန်တော်ဒီလိုပြပွဲကိုလာတာ လေးကြိမ်ရှိသွားပါပြီ၊ ဒီနိုင်ငံရဲ့ ရာသီဥတု၊ ဖော်ရွေတဲ့အပြုံး၊ ကူညီတတ်တဲ့ စေတနာတွေကို ကျွန်တော် လေးစားနှစ်သက်ပါတယ်" ဟုပြောကြားခဲ့သည်။

(သတင်းစဉ်)

တောင်သမန်တံတား(ဦးပိန်တံတား)တိုင်အမှတ် ၂၅ နှင့် ၄၇ တို့တွင် မီးလောင်မှုထပ်မံဖြစ်ပွား

မန္တလေး ဇွန် ၃၀

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်တံတား (ဦးပိန်တံတား) ကြီးရှိတိုင်အမှတ် (၂၅ နှင့် ၄၇) တို့၏ ခေါင်းပေါက်ထဲသို့ ဆေးလိပ်မီးထည့်သွားရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။ ဇွန် ၂၄ ရက် နံနက် ၇ နာရီခွဲက တံတားလုံခြုံရေးမှ သစ်သားတိုင် အခေါင်းပေါက်ထဲရှိ အမှိုက်များအား ရှင်းလင်းရန်လာစဉ် တိုင်အမှတ် (၄၇) အခေါင်းပေါက်အတွင်းမှ မီးခိုးများထွက်လာသည်ကို တွေ့မြင်သဖြင့် တောင်မင်းကြီး ကျောင်းတိုက်ရှိ တံတားထိန်းသိမ်းရေးအဖွဲ့အား သွားရောက်အကြောင်းကြား၍ ငြိမ်းသတ်ခဲ့ ရကြောင်း၊ ထို့အတူ ဇွန် ၂၅ ရက် ညနေ ၄ နာရီခွဲတွင် တိုင်အမှတ် (၂၅) အခေါင်းပေါက်အတွင်းမှ မီးခိုးများထွက်လာသဖြင့် တံတားပေါ်ရှိ ဓာတ်ပုံဆရာ တစ်ဦးက မြင်တွေ့သဖြင့် ရေလောင်း၍ငြိမ်းသတ်ခဲ့ရသော်လည်း တိုင်လုံးအတွင်းပိုင်းများမှာ မီးကျွမ်းသွားခဲ့ကြောင်း ရှေးဟောင်းသုတေသနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"ဒီလိုတွေဆက်ဖြစ်ရင် ရှေးလက်ရာတွေ ပျက်စီးကုန်တော့မှာပဲ။ တံတားကြီးရဲ့လုံခြုံရေးအတွက် ဝန်ထမ်းတစ်ဦးကို တာဝန်ချထားပေးတဲ့အပြင် တံတားပေါ်မှာ ဆေးလိပ်မသောက်ဖို့၊ စက်ဘီး၊ ဆိုင်ကယ်မစီးဖို့ စာတန်းတွေချိတ်ထားပေမယ့် လိုက်နာမှု အားနည်းတဲ့အပြင် သတိပေးစာတန်းတွေကိုတောင်ဆုတ်ဖြဲထားလို့ အသစ်ပြန်ချိတ်ပေးထားရတယ်။ ပထမတစ်ကြိမ်က မတော်တဆဖြစ်တာလို့ယူဆရပေမယ့် အခုလိုသုံးကြိမ်ဆက်တိုက်ဖြစ်လာတော့ စဉ်းစားစရာဖြစ်လာပြီ။ ရှေးဟောင်းသမိုင်းအမွေအနှစ်တွေ ထိန်းသိမ်းဖို့ ရေရှည်တည်တံ့ခိုင်မြဲဖို့ အတွက်ဆိုရင် ကျွန်တော်တို့ ရှေးဟောင်းသုတေသနတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ ယဉ်ကျေးမှုအမွေအနှစ်တွေကို တန်ဖိုးထားသူတိုင်း ထိန်းသိမ်းရမှာပါ။ တံတားကြီးကိုလာရောက်လေ့လာသူဧည့်သည်များကလည်း တံတားကြီးနဲ့ ပတ်သက်တဲ့စည်းကမ်းချက်များကို လိုက်နာဖို့လိုအပ်ပါတယ်။အထူးသဖြင့် ဒီတံတားပေါ်မှာ ဖြတ်သန်းသွားလာကြတဲ့ ဒေသခံတွေနဲ့ တံတာကြီးကိုမှီခိုပြီးစီးပွားရှာနေကြတဲ့ ဈေးသည်တွေအပါအဝင် တံတားကြီး ရေရှည်တည်တံ့စေဖို့ ပူးပေါင်းထိန်းသိမ်းစေချင်ပါတယ်" ဟုဌင်းကပြောသည်။ ထွန်းဦးစာပေ ဖြန့်ချိရေးမှ ဦးထွန်းဦးကလည်း "တံတားတိုင်တွေမှာရှိတဲ့ အခေါင်းပေါက်တွေကို တိုင်အပေါ်ကနေ ဖုံးအုပ်ကာကွယ်ထားခြင်းအားဖြင့် အမှိုက်သရိုက်တွေ မဝင်တဲ့အပြင် အခုလို ဆေးလိပ်မီးပစ်ထည့်ခြင်းတွေလည်း လုပ်လို့ရတော့မှာ မဟုတ်တော့ဘူး" ဟု ပြောသည်။ ဆရာကြီး နတ်မောက် ဦးထွန်းရှိန်ကလည်း "ရှေးကကျွန်းတိုင်တွေမှာ ရေစားမှုမဖြစ်အောင် ကာကွယ်တဲ့အနေနဲ့ စကျင်ကျောက်နဲ့လုပ်ထားတဲ့ အဖုံးတွေကို အသုံးပြုကြတယ်။ အခုက တိုင်တွေများလို့ စကျင်ကျောက်နဲ့ မလုပ်နိုင်ရင်တောင်မှ သွပ်ပြားနဲ့လုပ်တဲ့ အဖုံးတွေအသုံးပြုသင့်တယ်။ ယဉ်ကျေးမှုအမွေ အနှစ်ကို တန်ဖိုးထားတတ်အောင်လို့ ပညာပေးမှုတွေပြု လုပ်သင့်တယ်" ဟု အကြံပြုပြောကြားသည်။ ထိုကဲ့သို့ မီးလောင်ကျွမ်းမှုပထမဆုံးအကြိမ်အနေဖြင့် ဇွန် ၄ရက် ညနေ ၃ နာရီ ကလည်း တံတားကြီး၏ တိုင်အမှတ် (၄၈)အခေါင်းပေါက်ထဲသို့ဆေးလိပ်တိုမှ တစ်ဆင့်မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ဆင်အန္တရာယ်ကြောက်၍ လင့်စင်ပေါ်တက်နေသောဇနီးမောင်နှံ တောဆင်ရိုင်းနှာမောင်းနှင့်ကိုင်ပေါက်၍ ဇနီးဖြစ်သူသေဆုံး

တိုက်ကြီး ဇွန် ၃၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံဒေသ ချောင်းစောက်ကျေးရွာအရှေ့ဘက် နှစ်မိုင်ခန့်အကွာ တောစပ်လျှိုအနီးတွင် အမျိုးသမီးတစ်ဦးကို တောဆင်ရိုင်းတစ်ကောင်က နှာမောင်းဖြင့်ရစ်ပတ်ကာ ကိုင်ပေါက်ခံရ၍ သေဆုံးကြောင်း သိရသည်။

ဇွန် ၂၇ ရက် နံနက် ၆ နာရီက ဥက္ကံရဲစခန်းမှ သတင်းအရသွားရောက်စုံစမ်းစစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် ကျွန်းစိုက်ခင်းအစောင့်ဖြစ်သူ ချောင်းစောက်ကျေးရွာနေ ဦးအောင်ဒင်၏ဇနီး ဒေါ်သေးတင် (၆၁နှစ်)မှာ ဒဏ်ရာများရ၍ သေဆုံးနေကြောင်း တွေ့ရသည်။ စုံစမ်းချက်အရ ဇွန် ၂၆ ရက် ညနေ ၆ နာရီခွဲခန့်တွင် သေဆုံးသူ ဒေါ်သေးတင်နှင့် ခင်ပွန်းဖြစ်သူ ဦးအောင်ဒင်တို့မှာ ဆင်များ အန္တရာယ် ကာကွယ်ရန် အဆိုပါတောထဲရှိ သစ်ပင်ပေါ်၌ ပြုလုပ်ထားသော လင့်စင်ပေါ်တွင် ရှိနေစဉ် တောဆင်ရိုင်း တစ်ကောင်ရောက်ရှိလာပြီး လင့်စင်ထိုးသော သစ်ကိုင်းကို ဆွဲချသဖြင့် သေဆုံးသူနှင့် ခင်ပွန်းဖြစ်သူတို့မှာ အောက်သို့ပြုတ်ကျခဲ့ရာ တောဆင်ရိုင်းကသေဆုံးသူ ဒေါ်သေးတင်ကို နှာမောင်းဖြင့် ရစ်ပတ်ကာ ကိုင်ပေါက်သဖြင့် သေဆုံးခြင်း ဖြစ်သည်။ ခင်ပွန်းဖြစ်သူ ဦးအောင်ဒင်မှာ လွတ်မြောက်သွားခဲ့ပြီး ၎င်းတွင်လည်း လင့်စင်ပေါ်မှ ပြုတ်ကျခဲ့သည့်အတွက် ဒဏ်ရာများရရှိခဲ့သည်။ ဥက္ကံမြို့ရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ထိုင်းနိုင်ငံ မဟာချိုင်တွင် အလုပ်လုပ်နေသော မြန်မာအပါအဝင် အခြားနိုင်ငံများမှ တရားမဝင်အလုပ်သမားများကို ယာယီနေထိုင်ခွင့်များထုတ်ပေးမည်ဟု ရှင်းလင်း

မဟာချိုင် ဇွန် ၃၀

ထိုင်းနိုင်ငံ မဟာချိုင်မြို့ ထိုင်ယူနစ်ရပ်ကွက်၌ LPN က ဦးစီးပြုလုပ်သော ဆာမူ စာခွန်ခရိုင် ပြည်သူ့ဆက်ဆံရေးတာဝန်ခံနှစ်ဦးဖြစ်သည့် ထိုင်းတပ်မတော်မှ ဗိုလ်မှူးတစ်ဦးနှင့် တပ်ကြပ်တစ်ဦးတို့က မြန်မာအလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဒေသစံတော်ချိန် ည ၇ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲ၌ ထိုင်းတပ်မတော် ပြည်သူ့ဆက်ဆံရေးတာဝန်ခံက "ဆာမူစာခွန်ခရိုင်အတွင်းမှာ တရားမဝင်အလုပ်လုပ်ကိုင်ကြတဲ့ မြန်မာ

နိုင်ငံသား အလုပ်သမားများနှင့်တကွ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများမှ အလုပ်သမားများကို မကြာခင်မှာ တရားဝင်အလုပ်သမားများဖြစ်အောင် ယာယီနေထိုင်ခွင့် ထောလော 38 များကို ပြုလုပ်ပေးမှာဖြစ်ပါတယ်။ ဒါကြောင့် တရားမဝင် အလုပ်သမားတွေ လာရောက်ပြုလုပ်ကြပါ။ ထိုင်းစစ်တပ်က အကြောင်းမဲ့ မတရားဖမ်းဆီးနေတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေတာ မဟုတ်မမှန်ပါဘူး။ ထိုင်းစစ်သားတွေကို တွေ့မြင်ပါက ကြောက်လန့်ခြင်း မရှိကြဖို့နှင့် ယခုပြုလုပ်မယ့် ယာယီနေထိုင်အလုပ်လုပ်ခွင့် ထောလော 38 ကို ပြုလုပ်ရာမှာ ပွဲစားများကို အထူးသတိပြုဖို့ ပြောကြားလိုပါတယ်" ဟု ပြောကြားခဲ့သည်။

ထိုင်း ယူနီယမ်ပင်လယ်အစားအစာထုတ်လုပ်သော စက်ရုံ၌ အလုပ်လုပ်ကိုင်နေသူ ကိုဝင်းအေးက "ကျွန်တော်တို့နေရတာ တထိတ်ထိတ်နဲ့ဖြစ်နေတာ၊ ဒီမှာလည်း ထိုင်းစစ်တပ်က ဝင်ဖမ်းမယ်၊ ဝင်ဖမ်းမယ်ဆိုတဲ့သတင်းတွေ နေ့တိုင်းကြားနေရတော့ နေရတာ ကျီးလန့်စာစားနေရသလို ဖြစ်နေတာ တော်တော်ကြာနေပြီ၊ အခုလို ထိုင်းတပ်မတော်အရာရှိတွေကိုယ်တိုင် အကျိုးအကြောင်းတွေ လာရောက်ရှင်းပြပေးမှ စိတ်အေးရတော့တယ်" ဟု ပြောဆိုသည်။

ထို့အပြင် တရားမဝင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများအား တရားဝင်အလုပ်လုပ်ကိုင်နေထိုင်ကြစေရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ထိုင်းတပ်မတော်မှ ဗိုလ်မှူးတစ်ဦးနှင့် တပ်ကြပ်တစ်ဦးတို့က ပြောကြားကြောင်း MAT အဖွဲ့က ပြောကြားသည်။

စိုးဝင်း(SP)

မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်စိုက်ထူဖွင့်ပွဲကို ဇွန် ၂၈ ရက်က မကွေးမြို့ လမ်းငါးသွယ်အဝိုင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးက မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စန်းစန်းမြင့်က မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ မကွေးလှမြင့်

ဆက်သွယ်ရေးဝန်ဆောင်မှုပေးရန် မိတ္ထီလာ၌ တာဝါတိုင်များစိုက်ထူ

မိတ္ထီလာ ဇွန် ၃၀

မိတ္ထီလာတွင် တယ်လီနောနှင့် အော်ရီဒူးတို့က ဒေသခံပြည်သူများကို နိုင်ငံတကာအဆင့်မီ မိုဘိုင်းဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုများပေးရန် တာဝါတိုင်စိုက်ထူခြင်းလုပ်ငန်းများကို ဇွန်လဆန်းပိုင်းက စတင်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တယ်လီနော အနေနဲ့တော့ မိတ္ထီလာမြို့မှာ ဆက်သွယ်ရေးတာဝါတိုင် ခုနစ်တိုင်ကို ကနဦးတပ်ဆင်ဖို့ ဆောင်ရွက်သွားဖို့ ရှိပါတယ်။ အခု ပထမဦးဆုံး တောမကျေးရွာအနီးမှာ တယ်လီနောရဲ့ ပထမဆုံးဆက်သွယ်ရေးတာဝါတိုင်ကို စတင်တည်ဆောက်ဖို့ ဆောင်ရွက်နေပါတယ်။ ဒေသခံပြည်သူတွေကို တန်ဖိုးနည်းမိုဘိုင်းဖုန်းနဲ့ နိုင်ငံတကာအဆင့်မီသုံးစွဲသွားနိုင်အောင် အဆင့်ဆင့်ကြိုးစားဝန်ဆောင်မှုပေးသွားမှာ ဖြစ်ပါတယ်" ဟု တယ်လီနော မိုဘိုင်းဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီတာဝန်ခံတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် တယ်လီနောအပြင် အော်ရီဒူး မိုဘိုင်းဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုမှလည်း မြို့ပေါ်နှင့် ကျေးရွာဒေသများ၌ စုစုပေါင်း ဆက်သွယ်ရေးတာဝါတိုင် ၁၃ တိုင်အထိ တည်ဆောက်စိုက်ထူသွားရန်ရှိရာ တာဝါတိုင် ငါးတိုင်ကို တည်ဆောက်ခွင့်ပြုပြီးဖြစ်ရာ ရန်မျိုးအောင်ရပ်ကွက် အနောက်ပိုင်း တော်ဝင်နန်းခန်းမအနီးတွင် နိုင်ငံတကာအဆင့်မီ ဆက်သွယ်ရေးတာဝါတိုင် တစ်တိုင်ကို တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်ထံမှ သိရသည်။

လျှော့ချပေး

တယ်လီနောနှင့် အော်ရီဒူးမိုဘိုင်း ဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုများကို လာမည့် စက်တင်ဘာလအတွင်း စတင်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး မိုဘိုင်းဖုန်းခေါ်ဆိုခများကိုလည်း ယခုခေါ်ဆိုခနှုန်းများ၏ ထက်ဝက်ခန့်သို့ ထက်ဝက်အောက်အထိ လျှော့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မင်းဘူး ဇွန် ၃၀

မင်းဘူးမြို့တွင် အန္တရာယ်ရှိသော အဆောက်အအုံအဖြစ်သတ်မှတ်ထားသည့် ခန်းမအဆောက်အအုံဟောင်းပြိုကျခဲ့သော်လည်း ထိခိုက်မှုမရှိ

မင်းဘူးမြို့ အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းနှင့်အလယ်လမ်းကြားပေါ်ရှိ ဦးဩဘာသခန်းမ အဆောက်အအုံသည် ဇွန် ၂၉ ရက် ည ၈နာရီက ထိုခန်းမ၏တောင်ဘက်ရှိ ညောင်ပင် ခန်းမပေါ်သို့ လဲကျခဲ့သဖြင့် မြောက်ဘက်နှင့်တောင်ဘက်ခြမ်းတို့ရှိ အုတ်နံရံများပြိုကျခဲ့သည်။ အဆိုပါခန်းမ အဆောက်အအုံပြိုကျသည့်နေရာသို့ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မင်းဘူးခရိုင်ရဲမှူး ဦးတင့်လွင်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ရောက်ရှိကွင်းဆင်း စစ်ဆေးခဲ့သည်။ ထိုအဆောက်အအုံကို ၁၉၅၈ ခုနှစ်က မြို့မဈေးဟောင်း အထည်ရုံအဖြစ် လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ဦးဩဘာသခန်းမအဖြစ် လည်းကောင်း အသုံးပြုကာ ၂၀၀၇ ခုနှစ်တွင် ထိုအဆောက်အအုံမှာ နှစ်ကာလကြာမြင့်သဖြင့် သစ်သားများ

ဆွေးမြည့်နေခြင်း၊ ဧရာဝတီမြစ်ကမ်းပါးအနီးဖြစ်သဖြင့် ရေတက်ချိန်တွင် ဧရာဝတီမြစ်ရေ ဝင်ရောက်ခြင်း၊ အမိုး/ဒိုင်းများ ပြုတ်ကျခြင်း၊ ထုတ်တန်းများပြုတ်ကျနိုင်သော အခြေအနေများရှိခြင်းကြောင့် အန္တရာယ်ရှိ အဆောက်အအုံအဖြစ်သတ်မှတ်ထားခဲ့ကြောင်း သိရသည်။ ထိုအဆောက်အအုံတွင် ကျန်ရှိနေသေးသည့် အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိ အုတ်နံရံများကို မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဖြိုချရှင်းလင်းနေကြောင်း သက်ဆိုင်ရာက ပြောကြားသည်။

ကျော်ဇေယျ

မြိုင်မြို့၌ ဒေသန္တရ စီမံကိန်းတာဝန်ပေးအပ်

မြိုင် ဇွန် ၃၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်စု ဇုန်နယ်မြေ ငါးခုတို့မှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား စီမံကိန်းတာဝန်ပေးအပ်လွှာများကို ကဏ္ဍအလိုက်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၃၅)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများအတွက် Pump,Compressor,Motor,Transformer, လက်နှိပ်စက်၊ inverter၊ ရေသန့်စက် Water Cooler,Air Con,Refrigerator,Fan, Generator, Laminating Machine, Drilling Machine, Milling Lathe,Cutter,Shredder,Binder, Calculator,Camera,Lawn Mower, Television နှင့် အခြားအီလက်ထရွန်နစ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၁တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများအတွက် Computer & Computer Accessories,Printer, Scanner,Fax,Copier,Projector,Tablet,Video Conferencing နှင့် Server Computer System ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၁၊ မြေကွက်အမှတ်(၅၁၉၊ ၆၁၂)ပါမစ်မြေအမျိုးအစားမြေကွက် နှစ်ကွက်အား လက်ဆင့် ကမ်းဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ထွေးရီ ၁၂/ဥကတ(နိုင်)၀၇၉၁၃၈က ရောင်းချရာ ယင်းမြေနှစ်ကွက်အား ဝယ်ယူသူ ကျွန်မဒေါ်ခင်စိုးမြင့် ၁၂/စခန(နိုင်)၀၂၇၁၇၃က ၂၆-၆-၂၀၁၄ရက်တွင် အရောင်းအဝယ်တန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေကြေးအချို့အား စရန်ငွေအဖြစ်ပေးအပ်ခဲ့ပြီး ၆-၇-၂၀၁၄ရက်တွင် ကျန်ငွေအား အပြီးအကျေပေးချေကြရန် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုကြပါမည်။ ယင်းမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ၆-၇-၂၀၁၄ ရက်မတိုင်မီ သက်သေခံစာရွက်စာတမ်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်စိုးမြင့်
၁၂/စခန(နိုင်)၀၂၇၁၇၃
အမှတ် ၆၂၊ ရွှေလောင်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း-၀၉-၈၆၃၈၆၃၆၊ ၀၉-၇၃၀၉၀၉၆၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၀၊ မြေကွက်တည်နေရာအမှတ် ၂၁၀ ဟုခေါ်တွင်သော အကျယ်အဝန်း အလျားပေ ၄၀×အနံပေ ၆၀ရှိ ပါမစ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးမောင်လှထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ကိုနိုင်ဝင်းဦး ၁၂/မရက(နိုင်)၀၇၀၅၁၂ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးခိုင် ၁၄/ဘကလ(နိုင်)၀၀၀၂၄၉
ဖုန်း-၀၉-၇၃၁၅၈၆၂၇

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈/၂၄၅၅၊ Toyota RAV4 ACA 12၊ Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးသန့် ၁၂/ကမတ(နိုင်)၀၁၁၅၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အမည်ပြောင်း

ဦးအောင်ဆန်းကျော် ၁၄/အဂပ(နိုင်)၁၃၆၁၈၉နှင့် ဒေါ်ခင်ခက်ခက်ခိုင် ၁၄/ပသန(နိုင်)၁၉၈၉၀၅တို့၏သမီး မဲဇလီကုန်းမြို့၊ အခြေခံပညာ အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မဟန်ဆုပြည့်ကျော်အား မသွန်းလက်ဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသွန်းလက်ဟန်

သင့်သွေးဖြင့် အသက်ကယ်ပါ

ပျောက်ဆုံးကြောင်း

ကျွန်မ မစမ်းအောင်(ခ)Kung Aung ၁၃/ကမန(နိုင်)၀၉၅၉၇၈ ၏ ပတ်စ်ပို့စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၄၂၁၁၃၄၀၂၉

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ပြည်လမ်းပေါ်ရှိ ရန်ကုန်-မင်္ဂလာဒုံသို့သွားသည့် ၁၀ မိုင်ကုန်းကားမှတ်တိုင်တွင် ခရီးသည်နားခိုဆောင် ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်

၁။ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ပြည်လမ်းပေါ်ရှိ ရန်ကုန်မှ မင်္ဂလာဒုံဘက်သို့သွားသည့် ၁၀ မိုင်ကုန်းကားမှတ်တိုင်သည် ခရီးသွားပြည်သူများအတွက် အမိုးပါနားခိုဆောင်မရှိသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပါသဖြင့် ခရီးသွားများသည် ကားမှတ်တိုင်မဟုတ်သည့် ၁၀ မိုင်ဈေး၊ လေဆိပ်ယာဉ်ငယ်ဂိတ်အနီးရှိ "ကြည်ဖြူ" ကုန်စုံဆိုင်ရှေ့၌ရှိသော ဗာဒန်ပင်အောက်တွင် စောင့်ဆိုင်းနေရပါကြောင်း၊ ထိုနေရာသည် ခရီးသွားလာမှုများပြား၍ လူစည်ကားသည့်နေရာဖြစ်ပြီး ဘတ်စ်ကားများသည် မှတ်တိုင်တွင် မရပ်ခြင်း၊ သတ်မှတ်ထားသည့်နေရာတွင် ခရီးသည်အတင်အချပြုလုပ်ခြင်းနှင့် လူကူးမျဉ်းကျားတွင် အရှိန်လျှော့၍ မောင်းနှင်မှုမရှိခြင်းများ အစဉ်ပြုလုပ်လျက်ရှိနေပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ရှိမှသာလျှင် စည်းကမ်းလိုက်နာကြကြောင်း၊ ယခုအခါ မိုးရာသီအချိန်ရောက်ရှိလာပြီဖြစ်ပါသဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစွာ နားခိုနေနိုင်ရေးအတွက် ကားမှတ်တိုင်နားခိုဆောင်အား မြို့တော်အင်္ဂါရပ်နှင့်အညီ အမြန်ဆုံးဆောက်လုပ်ပေးပါရန် ဒေသခံပြည်သူများက ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ဆပ်ကော်မတီသို့ ပေးပို့လာသည့်အတွက် သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား မိဘပြည်သူများသိရှိနိုင်ရန် တင်ပြအပ်ပါသည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့် တံတား) ဌာနမှူး ဦးတင်မောင်ကြည်က အဆိုပါကားမှတ်တိုင်နားခိုဆောင်တည်ဆောက်မှုကို ကန့်ကွက်သူအချို့က စာဖြင့်တင်ပြထားသဖြင့် ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခဲ့ရသည့်အတွက် အချိန်အနည်းငယ် ကြန့်ကြာခဲ့ရကြောင်း၊ ယခုအခါ အဆိုပါ ၁၀ မိုင်ကုန်း ကားမှတ်တိုင်ခရီးသည် နားခိုဆောင်အသစ်အား ၈-၆-၂၀၁၄ ရက်တွင် ဆောက်လုပ်ပေးပြီးဖြစ်ပါကြောင်း သိရသည်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၃၀-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၆၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၈၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၁၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၅၀၀-၁၃၅၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၂
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၂
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၂
ထိုင်း	တစ်ဘတ်	၃၁.၅-၃၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၇

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်း(ဧည့်ယာအသစ်)	တစ်အိတ်	၁၇၄၀၀
ပေါ်ကြွဲ (အသစ်)	တစ်အိတ်	၂၁၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၅၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၁၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၅၆၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၆၀၀
ကြက်သွန်ဖြူ(ကြက်တွတ်)	တစ်ပိဿာ	၁၁၈၀-၁၂၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၆၁၀
ရေုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၀၀
ရေုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၂၀၀-၄၄၀၀
သကြား	တစ်ပိဿာ	၉၀၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့စပ်တင်ပြသည်။

ညောင်ဦး ဇွန် ၃၀

တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးပညာပေးသင်တန်းဆင်း

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးပညာပေးသင်တန်းကို အောက်ညဥ့်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၏ စီစဉ်ပေးမှုဖြင့် ကျေးရွာလေးရွာမှ ကျေးလက်လူငယ် ၂၀ ကို အောက်ညဥ့်ကျေးရွာ ဓမ္မာရုံတွင် ဇွန် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တိုင်တိုင် သင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ညောင်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်သန်းသန်းနှင့် ဒုတိယလက်ထောက်ဦးစီးမှူး ဦးရဲကြိုင်တို့က အခြေခံ ငါးမွေးမြူခြင်း ကန်ကြိုတင်ပြင်ဆင်ခြင်း၊ ငါးသယ်ဇာတ ထိန်းသိမ်းရေးတို့ကို သင်တန်းပို့ချပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးလှိုင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးဝင်းအောင်တို့က မိမိတို့ဌာနဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်သင်တန်းပို့ချပေးခဲ့သည့်အပြင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သင်တန်းသားများအား ဗလာစာအုပ်၊ ဘောပင်၊ ပညာပေး လက်ကမ်းစာစောင်များ၊ ငါးမွေးမြူရေး ရုပ်ပြစာအုပ်အစုံ ၂၀ (DOF-JICA 1,2,3) တို့ကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(ခရိုင်ငါးလုပ်ငန်း)

ပညာအလင်း စာကြည့်တိုက်ဖွင့်

မြိုင် ဇွန် ၃၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မြို့သာကျေးရွာအုပ်စု ပေါက်တောကျေးရွာဇာတိဖွား ပခုက္ကူမြို့ အမှတ် (၁၅) ရပ်ကွက် ဆင်ပေါက်လှ ၆ လမ်းနေ ဦးဖိုးစန်း-ဒေါ်ချိုမာ(မိုးမခ)သစ်ခွဲသားနှင့် ကုန်မာပစ္စည်းရောင်းဝယ်ရေးမိသားစုတို့က ပေါက်တောကျေးရွာ ပညာအလင်းစာကြည့်တိုက် ဆောက်လုပ်လှူဒါန်း၍ ဇွန် ၂၉ ရက် နံနက် ၈ နာရီခွဲက ဖွင့်လှစ်ပေးရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးနွဲ့၊ အလှူရှင်ဦးဖိုးစန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံသစ်မှာ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း ပေ ၂၀ ပတ်လည် အမြင့် ၉ ပေရှိပြီး ငွေကျပ် ၃၅ သိန်းကျော် ကုန်ကျခဲ့ကြောင်း သိရသည်။ (၁၈၅)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာနာယက ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဇွန် ၂၈ ရက်က ပဲခူးတက္ကသိုလ်အနီး မြို့ရှောင်လမ်းဘေးရှိ မြေကွက်နေရာတွင် တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ သူနာပြုသင်တန်းသူများ၊ ပြည်သူများနှင့်အတူ သစ်ပင်စိုက်ပျိုးကြစဉ်။

(၁၈၃)

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရှမ်းနီတိုင်းရင်းသားလူမျိုးများ မျက်နှာစုံညီအစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားခြင်း

ရှမ်းနီတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်နှာစုံညီ အစည်းအဝေးကို မန္တလေးမြို့၊ ၃၅ လမ်း၊ ၆၆×၆၇လမ်းကြားရှိ ရှမ်းတိုင်းရင်းသားများ သာရေးနာရေးခန်းမ၌ ၅-၇-၂၀၁၄ ရက် နံနက် ၀၉:၀၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ရှမ်းနီတိုင်းရင်းသားမျိုးနွယ်များတက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆွေးနွေးပွဲဖြစ်မြောက်ရေးအဖွဲ့

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကျွန်တော် မောင်ကောင်းမြတ်၇/ပတတ(နိုင်)၁၁၁၆၆၇ နှင့် ကျွန်မ မမေသူကျော် ၁၂/တမန(နိုင်)၁၀၆၇၅၀တို့သည် ၂၇-၆-၂၀၁၄ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟလူကြီးများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ကောင်းမြတ်-မမေသူကျော်

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အရှေ့ရပ်ကွက်ရှိ အကွက်(၄၁၆)၊ အရှေ့ပတ္တာရပ်နေ ကိုစန်းလင်း၏ဇနီး မအေးသန္တာမင်းသည် ၄-၆-၂၀၁၄ရက်တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့လျှင် အကြောင်းကြားပေးပါရန်။

လက်ခံထားသူများအား ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ကိုစန်းလင်း ၉/မဟမ(နိုင်)၀၂၆၅၃၅

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ သောကလမ်း၊ အိမ်အမှတ် (ခ-၁၅၅)နေ ဒေါ်စန္ဒာမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိန်ထွန်းအမည်ပေါက်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးကျေးရွာအုပ်စု၊ ရကက(၁၂)၊ အကွက်အမှတ် ၆၇၅၊ ကွင်းအမည်(ရေချမ်းအိုးတောင်)မှ ဒေါ်အေးလီနှင့် ဒေါ်နေဇင်မြင့်တို့ ဝယ်ယူထားသော မြေအနက် မြေကွက်အမှတ် (၁-က)၊ မြေပေ အကျယ် ရှေ့မျက်နှာစာ (၃၅)ပေခန့်၊ အနောက်မျက်နှာစာ (၂၃)ပေ ခန့်အရှည်ရှိ ပေအကျယ်အတိုင်း မြေနှင့်မြေပေါ်ရှိ နေအိမ်၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်များအား အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သော ဒေါ်သီသီမြင့်မှတာဝန်ခံ၍ ရောင်းချသောကြောင့် ဒေါ်စန္ဒာမိုးက ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားရုံးဒီကရီ၊ တားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက ဒေါ်စန္ဒာမိုးမှ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာမိုး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ (LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ကန့်ကွက်နိုင်ပါကြောင်း

ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ အနော်ရထာနယ်မြေ၊ ခန်းလောင်းရပ်၌နေထိုင်သူ ဦးကျော်ဝင်း ၉/ညဥန(နိုင်)၀၂၇၇၀၀နှင့် ဒေါ်ပေါက်စ ၉/ညဥန(နိုင်)၀၂၇၆၄၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝင်းသည် ပုဂံမြို့သစ်၊ အနော်ရထာနယ်မြေ၊ ခန်းလောင်းရပ်ကွက်အတွင်းရှိ အကွက်အမှတ် ၁၄ ခန်းလောင်း၊ ဦးပိုင်အမှတ် ၁၆၉၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက၊ ဒေါ်အမာအမည်ပေါက် နှစ် ၃၀ဂရန်ဝိုင်းမြေကွက်ကို မူလပိုင်ရှင် ဒေါ်အမာထံမှ ၁၆-၈-၁၉၉၂က အရောင်းအဝယ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူခဲ့ပြီး ကျွန်ုပ်မိတ်ဆွေက လက်ရှိဖြစ်လျက် တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချခွင့်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေတို့မှ အဆိုပါဝိုင်းမြေကွက်ကို ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းရာ ဝယ်ယူသူမှလည်း ရောင်းဖိုးငွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ လက်ခံရရှိထားပြီးဖြစ်ပါသည်။

သို့အတွက် အထက်ပါကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမင်းဦး LL.B
အထက်တန်းရှေ့နေ
အိမ်အမှတ် ၁၀/ခ-၃၀၈၊
ကျိုက်ထီးရိုးအထက်ခြေတော်ရာဘုရားတောင်ဘက်၊
အမှတ် ၁၀ရပ်ကွက်၊ မြင်းခြံမြို့၊
ဖုန်း-၀၉-၄၃၁၄၆၀၅၂

လင်မယားစကားများရာမှ ဓားနှင့်ခုတ်သဖြင့် ခင်ပွန်းသေဆုံး

ကျောက်တန်း ဇွန် ၃၀

ကျောက်တန်းမြို့နယ်အတွင်း ဇွန် ၂၇ ရက် ညနေပိုင်းက လင်မယားစကားများကြစဉ် ဇနီးဖြစ်သူက ဓားနှင့်ခုတ်သဖြင့် ခင်ပွန်းသေဆုံးခဲ့ရကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကျောက်တန်းမြို့နယ် ကမာကလုတ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ရွှေပြည်သစ်ကျေးရွာတွင် လူသတ်မှုဖြစ်ပွားကြောင်းသတင်းအရ ဇွန် ၂၇ ရက်ညနေ ၅ နာရီခွဲက သွားရောက်စစ်ဆေးရာ ကိုကျော်နိုင်ဦး (၄၂နှစ်)မှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

ဖြစ်စဉ်ကိုစုံစမ်းရာ သေဆုံးသူ ကိုကျော်နိုင်ဦးမှာ နေအိမ်၌ အရက်သေစာသောက်စားမူးယစ်ပြီး ဆူပူသောင်းကျန်းနေ၍ ဇနီးဖြစ်သူ မနန်းငွေး (၃၈နှစ်)က တားမြစ်ပြောဆိုခဲ့သဖြင့် အပြန်အလှန်စကားများခဲ့ကြောင်း၊ ထိုသို့စကားများနေစဉ် ကိုကျော်နိုင်ဦးက ရိုက်နှက်ရန်ပြုလုပ်သဖြင့် မနန်းငွေးက မီးဖိုချောင်တွင်ထားသော အရိုးအသွား ၂၂ လက်မခန့်ရှိ ဓားမဖြင့်ခုတ်ခဲ့သဖြင့် ဒဏ်ရာရသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူကို ကမာကလုတ်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **စိုးဝင်း(SP)**

ဗန်းမော်မြို့နယ်တွင် တရားမဝင် ကျွဲ၊ နွားများဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ်တွင် တရားမဝင်ကျွဲများဖမ်းမိကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇွန် ၂၈ ရက် နံနက် ၃ နာရီက ခရိုင်ရဲမှူး၏ ကျွဲ၊ နွားမှောင်ခိုစီမံချက်အရ ဗန်းမော်မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ဝင်းနှင့်အဖွဲ့သည် တရားမဝင် ကျွဲ/နွားများသယ်ဆောင်လာကြောင်း သတင်းအရ သက်သေများနှင့်အတူ ခမိုးရွာနှင့် ညောင်သာယာရွာအကြား တောလမ်းတွင် သွားရောက်စောင့်ဆိုင်းနေစဉ် သန်းမောင်ပါသုံးဦးက စုစုပေါင်း ကျွဲကိုးကောင် ကာလတန်ဖိုး ငွေကျပ် ၄၉ သိန်းခန့်ကို သယ်ဆောင်မောင်းနှင်လာသည်ကို တွေ့ရှိစစ်မေးရာ ၎င်းကျွဲများကို ပင်လည်ဘူးမြို့နယ်မှ စုဆောင်းသယ်ယူခဲ့ပြီး ဗန်းမော်မှတစ်ဆင့် အင်းတော်မြို့နယ်များသို့ ဖြတ်ကျော်ကာ ကချင်ပြည်နယ်သို့ သွားရောက်ရောင်းချမည့် ကျွဲများဖြစ်နေ၍ တရားမဝင်ကျွဲမှောင်ခိုပြုလုပ်သူ သန်းမောင်၊ ဝင်းဇော်နှင့် ချိုအောင်တို့အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

နေအိမ်၌ လူမရှိဘဲ ဖုန်းအားသွင်းခဲ့ရာမှ မီးလောင်မှုဖြစ်ပွား

တိုက်ကြီး ဇွန် ၃၀

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဘောလုံးကွင်း(၁)လမ်းရှိ ဦးမျိုးဆွေ၏ (၁၈×၃၅) ပေအကျယ်၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်းနှစ်ထပ်တိုက်၌ ဇွန် ၂၉ ရက် နံနက် ၁၁ နာရီ ၂၈ မိနစ်တွင် မီးလောင်မှုဖြစ်ပွားရာ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ဦးစီးနှင့်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၁ နာရီ ၃၃ မိနစ်တွင် မီးထိန်းနိုင်ပြီး ၁၁ နာရီ ၃၇ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ လူမရှိဘဲ အိပ်ခန်းအတွင်းမွေ့ရာပေါ်၌ ဖုန်းအားသွင်းထားခဲ့ရာမှ မီးလောင်ကျွမ်းရခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် မွေ့ရာ၊ အဝတ်ဗီရိုနှင့် နေအိမ်ကြမ်းခင်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၏ အချိန်မီလာရောက်မီးငြိမ်းသတ်နိုင်မှုကြောင့် ပတ်ဝန်းကျင်အိမ်များကို ကူးစက်လောင်ကျွမ်းခြင်း မရှိခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးရှောင် မလောင်ခင်တား ညီနောင်သွေးချင်းများ

လူငယ်တစ်ဦး ရိုးချောင်း၌ ရေနစ်သေဆုံး

ရန်ကုန် ဇွန် ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်လွင်သည် ဇွန် ၂၉ ရက်က အမျိုးသားလူငယ်တစ်ဦး ရေနစ်သေဆုံးနေကြောင်း မြို့မရဲတပ်ဖွဲ့စခန်းသို့ သတင်းပို့ရာ မြို့မရဲတပ်ဖွဲ့စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေ ဦးကြည်လွင်၊ ဦးသန်းထွန်းတို့နှင့်အတူ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၂)ရပ်ကွက် ပန်းဝါလမ်းဘေးရှိ အကျယ် ပေ ၃၀၊ အနက် သုံးပေခန့်ရှိသော ရိုးချောင်းသို့ သွားရောက်စစ်ဆေးကြည့်ရှုရာ သေဆုံးသူမှာ (၈၁)ရပ်ကွက်နေ အသက် ၁၄ နှစ်အရွယ်ရှိ မောင်အောင်မြတ်မင်းဖြစ်ပြီး အဆိုပါ ရိုးချောင်းအတွင်း၌ မှောက်လျက်အနေအထားဖြင့် ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရဘဲ ရေနစ်သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့၍ ရုပ်အလောင်းကို မြောက်ဥက္ကလာပဆေးရုံကြီးသို့ ပို့ဆောင်ပြီး စစ်ဆေးလျက်ရှိသည်။ **(၀၈၁)**

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်

ကုန်ကြမ်းစက္ကူ၊ မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်း စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(1) စက္ကူ

(a) Woodfree Paper (gsm)
- (1) 28¼"(Reel 70 gsm) — 1500 MT
- (2) 28¼"(Reel 80 gsm) — 30 MT
- (3) 30"(Reel 80 gsm) — 100 MT
- (4) 40"(Reel 70 gsm) — 200 MT
- (5) 31"x43"(70 gsm) (500 Sht/Pkt) — 20 Ream
- (6) 31"x43"(80 gsm) (500 Sht/Pkt) — 300 Ream
- (7) 23½"x33"(A1) (70 gsm) (500 Sht/Pkt) — 40 Ream
- (8) 23½"x33"(A1) (80gsm) (500 Sht/Pkt) — 800 Ream
- (9) 23½"x33"(A1) (100 gsm) (500 Sht/Pkt) — 40 Ream

(b) Art Card(gsm)
- (1) 31"x43" (250 gsm) (500 Sht/Pkt) — 200 Ream
- (2) 31"x43"(260gsm) (500 Sht/Pkt) — 25 Ream
- (3) 31"x43"(200gsm) (500 Sht/Pkt) — 150 Ream
- (4) 31"x43"(210gsm) (500 Sht/Pkt) — 3000 Ream
- (5) 23½"x33"(A1) (210gsm) (500 Sht/Pkt) — 70 Ream
- (6) 23½"x33"(A1) (250gsm) (500 Sht/Pkt) — 50 Ream
- (7) 23½"x33"(A1) (200gsm) (500 Sht/Pkt) — 20 Ream

(c) Art Paper(gsm)
- (1) 31"x43"(85/90 gsm) (500 Sht/Pkt) — 20 Ream
- (2) 23½"x33"(A1)(105 gsm) (500 Sht/Pkt) — 20 Ream
- (3) 31"x43"(105 gsm) (500 Sht/Pkt) — 20 Ream
- (4) 31"x43"(200 gsm) (500 Sht/Pkt) — 15 Ream

(d) Crome Coated
- (1) Crome Coated (270 gsm) A-1(500 Sht/Pkt) — 10 Ream
- (2) Goat Skin A1 (150 gsm) (500 Sht/Pkt) — 15 Ream

(e) MG Pressing Paper
- (1) MG Pressing Special (Blue) 25"x37" (210 gsm) (500 Sht/Pkt) — 2 Ream
- (2) MG Pressing Special (Green) 25"x37" (140 gsm) (500 Sht/Pkt) — 2 Ream
- (3) MG Pressing Special (Red) 31"x43" (134 gsm) (500 Sht/Pkt) — 2 Ream
- (4) MG Pressing (Green) 31"x43" (210 gsm) (500 Sht/Pkt) — 150 Ream
- (5) MG Pressing (Orange) 31"x43" (205 gsm) (500 Sht/Pkt) — 50 Ream
- (6) MG Pressing (Orange) 31"x43" (210 gsm) (500 Sht/Pkt) — 5 Ream
- (7) MG Pressing (Blue) 31"x43" (205 gsm) (500 Sht/Pkt) — 20 Ream

- (f) White Pulp Board A1 (200 gsm) (500 Sht/Pkt) — 25 Ream
- (g) Colour Pulp Board 22"x29"(210 gsm)(Pink) (500 Sht/Pkt) — 25 Ream
- (h) Colour Pulp Board 31"x43"(200 gsm)(Blue) (500 Sht/Pkt) — 5 Ream
- (i) Colour Pulp Board 31"x43"(210 gsm)(Yellow) (500 Sht/Pkt) — 5 Ream
- (j) Colour Pulp Board 31"x43"(210 gsm)(Green) (500 Sht/Pkt) — 5 Ream
- (k) Surface Colour 20"x30" 28Lb (Green) — 1 Ream
- (l) Surface Colour 20"x30" 28Lb (Yellow) — 1 Ream
- (m) Surface Colour 20"x30" 28Lb (Blue) — 1 Ream
- (n) Surface Colour 20"x30" 28Lb (Red) — 1 Ream
- (o) Straw Board A1 2Lb — 10 Ream

(2) Ink

(a) Web Offset Ink
- (1) Black (20Kg/Tin) — 6500 Kg
- (2) Yellow (20Kg/Tin) — 3500 Kg
- (3) Magenta (20Kg/Tin) — 2000 Kg
- (4) Cyan (20Kg/Tin) — 2900 Kg

(b) Sheetfed Offset Ink
- (1) Black (1Kg/Tin) — 800 Kg
- (2) Yellow (1Kg/Tin) — 300 Kg
- (3) Magenta (1Kg/Tin) — 100 Kg
- (4) Cyan (1Kg/Tin) — 180 Kg
- (5) Green (1Kg/Tin) — 500 Kg
- (6) Gold (1 Kg/Tin) — 2 Kg

(3) Film & Chemicals
- (a) Orthro Film 22"x32" (50 Sht/Pkt) — 10 Pkts
- (b) Fuji Film 22" — 30 Rolls
- (c) Fuji Film 18" — 27 Rolls
- (d) Developer(5 Lit/Bot) — 45 Bots
- (e) Fixer (5 Lit/ Bot) — 30 Bots
- (f) Fuji Film 18"x24" (50 Sht/Pkt) — 7 Pkts

(g) Imagesetter Film & Chemicals
- (1) Developer (5 Lit/Can) — 100 Bots
- (2) Fixer (5 Lit/ Bot) — 120 Bots
- (3) 18"(60m) Film KATANA — 25 Rolls
- (4) 22"(60m) Film KATANA — 97 Rolls
- (5) Imagesetter Film (460 mmx 60m) — 25 Rolls

(4) Plate & Chemicals

(a) Negative Plate
- (1) 915x626x0.3 mm — 5600 Sht
- (2) 889x609x0.3 mm — 3400 Sht
- (3) 745x605x0.3 mm — 1100 Sht
- (4) 550x650x0.3 mm — 1380 Sht
- (5) 508x635x0.3 mm — 340 Sht
- (6) 745x635x0.3 mm — 400 Sht

- (b) Negative Plate Developer (5 Lit/Bot) — 200 Bot

(c) Positive Plate
- (1) 740x615x0.3mm(50 Sht/Pkt) — 130 Sht
- (2) 635x745x0.3 mm — 800 Sht
- (3) 1065x785x0.3mm(30 Sht/Pkt) — 1800 Sht

- (d) Positive Plate Developer (10 Lit/Can) — 20 Can
- (e) Positive Plate Cleaner (1 Lit/Bot) — 100 Bot

(f) Wipe On Developer & Others
- (1) Coating Solution(A+B) — 80 Sets
- (2) Lacquer (5 Lit/Bot) — 40 Bots
- (3) Gum Solution (5 Lit/Bot) — 175 Bots
- (4) Fountion Solution (5 Lit/Bot) — 100 Bots
- (5) Plate Cleaner (1 Lit/Bot) — 170 Bots
- (6) Gum Arabic (20 Lit/Bot) — 35 Bots
- (7) Rubber Spong — 70 Nos
- (8) Opaque Red — 2 Bots
- (9) Image Remover (Positive) — 5 Bots

(5) Stitching Wire
- (a) 20 Guage — 60 Coils
- (b) 22 Guage (2 Kg) — 40 Coils
- (c) 23 Guage (2 Kg) — 700 Coils
- (d) 24 Guage (2 Kg) — 500 Coils
- (e) GI — 2 Coils

(6) Binding Cloth
- (a) Binding Cloth 1400 mm (Red) — 70 Metres
- (b) Binding Cloth 1400 mm (Blue) — 70 Metres
- (c) Binding Cloth 1400 mm (Green) — 30 Metres
- (d) Binding Cloth 1400 mm (Black) — 20 Metres

(7) Materials
- (a) CTP Plate (889x609x0.3mm)(KODAK) — 1400 Shts
- (b) CTP Plate (745x605x0.3mm)(KODAK) — 800 Shts
- (c) CTP Plate (745x635x0.3mm)(KODAK) — 600 Shts
- (d) CTP Developer — 450 Bots
- (e) Replenisher — 200 Lits
- (f) E.C Fountain Solution — 50 Lits
- (g) Manilar Paper (0.45 mm) — 5 Rolls

(8) Rubber Blanket (With T-Bar)
- (a) 1063x850x1.95 mm — 30 Shts
- (b) 910x600x1.93 mm — 60 Shts
- (c) 889x626x1.96 mm — 50 Shts
- (d) 665x650x1.95 mm — 40 Shts
- (e) 760x780x1.95 mm — 30 Shts
- (f) 889x626x1.68 mm — 30 Shts
- (g) 772x627x1.95 mm — 20 Shts

(9) Rubber Blanket (Without T-Bar)
- (a) 1136x770x1.96 mm — 20 Shts
- (b) 915x636x1.95 mm — 50 Shts
- (c) 995x835x1.96 mm — 20 Shts
- (d) 840×865×1.95mm — 20 Shts
- (e) 785×740×1.96mm — 20 Shts
- (f) 670×750×1.95mm — 40 Shts
- (g) 889×626×1.65mm — 20 Shts
- (h) 780×760×1.95mm — 20 Shts
- (i) Rubber Blanket Bar Clip (အထူ 5" ×အရှည် 990mm) — 20 Shts

(10) Dampaning Roller House
- (a) 180 mm (30m) — 12 Coils
- (b) 220 mm (25m) — 3 Coils
- (c) 220 mm (30 m) — 5 Coils
- (d) 230 mm (25m) — 3 Coils
- (e) 3.75 (25 m/Roll) — 2 Rolls
- (f) 3" (25 m/Roll) — 2 Rolls

- (11) Duplex Board 32" ×40" (Foreign) — 1500 Pkts(ပြည်တွင်း)
- (12) ATM ကော် — 7000 Lbs(ပြည်တွင်း)

၂။ အိတ်ဖွင့်တင်ဒါများကို ၇-၇-၂၀၁၄ရက်မှ ၁၈-၇-၂၀၁၄ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၁-၇-၂၀၁၄ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူလိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ကြော်ငြာ

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE SALES GALLERY အား
၂၀၁၄ခုနှစ်၊ ဇွန်လ (၁၄)ရက်နေ့မှစတင်၍
၄၄-အေ၊ ဆရာစံလမ်း၊ဗဟန်းမြို့နယ်တွင်စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည့်အတွက်
စိတ်ပါဝင်စားသည့် ဧည့်သည်တော်ကြီးများအားလုံးကိုလည်း လာရောက်လေ့လာကြည့်ရှုဖို့ ဖိတ်ခေါ်အပ်ပါသည်။
DAILY OPENING HOURS - 9:30AM - 7:00PM EVERYDAY
68 RESIDENCE
INFINITY SWIMMING POOL AT ROOFTOP & SKY GARDEN
DUAL KEY SYSTEM UNIT
DUPLEX SYSTEM
MAIN DOOR
SMART ACCESS SYSTEM
CONDOMINIUM
SERVICED RESIDENCE
24/7
CAR PARKING
FULLY FINISHED FACILITIES
ROOM TYPES
SQFT
JUNE 5%, JULY 10%, AUGUST 10%
DEVELOPER
SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,
YANGON, MYANMAR.
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၃၀

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ပြည်တွင်းပြည်ပပြိုင်ပွဲများအပါအဝင် မကြာခဏကျင်းပလျက်ရှိရာ မြန်မာ-ထိုင်းငါးချီစိန်ခေါ်ပွဲ တွဲဆိုင်း ၁၀ ဆိုင်းကို ပြည်တွင်း၌ ပထမဆုံးအကြိမ်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မြန်မာ-ထိုင်းတွဲဆိုင်း ၁၀ ဆိုင်းအနက် စောဒါးပို့(ရွှေဖူး)နှင့် ယှဉ်ပြိုင်မည့်သူမှာ ထိုင်းမှ ဝက်ချ်နာ(စစ်နီဝတ်ကလပ်)ဖြစ်သည်။ ဝက်ချ်နာသည် မွေထိုင်းခရိုင်ပေါင်းစုံပြိုင်ပွဲတွင် ငွေခါးပတ်ရရှိထားသူဖြစ်သည်။ ၂၀၁၃ ခုနှစ် ဒဂုံရွှေအောင်လံဆုရှင် ရဲမြတ်အောင်(အဖြူရောင်သွေးသစ်)နှင့် ယှဉ်မည့် ထိုင်းအတွဲမှာ ဂွန်ချန်ပဲ (တောင်ပွန်ချိုင်းကလပ်)ဖြစ်သည်။ ဂွန်ချန်ပဲက မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲအတွေ့အကြုံရှိထားသူကောင်တာတိုက်စစ်သမားဖြစ်သည်။ ဝင်းစိန်ပွဲတွင် သွေးသစ်ဝင်းလှိုင်၊ သိမ်ဖြူပွဲတွင် ကြယ်စင်ဖြိုးတို့နှင့်သရေပွဲထိုးသတ်ထားသည်။ ရန်တိုင်းကျော်(ဝါဆို)နှင့်ရင်ဆိုင်မည့်သူမှာ ဖာမွန်ခွန်း(မဲဆောက်မွေထိုင်းရင်ကလပ်)ဖြစ်သည်။ ဖာမွန်ခွန်းသည် ဇန်ကောက်ရာဂျာဒန်ပြိုင်ပွဲရုံ၌ ငွေတံဆိပ်ရရှိထားသည်။ ဖာမွန်ခွန်းနှင့်ရန်တိုင်းကျော်တို့က ပြီးခဲ့သည့်မဟာသင်္ကြန်အထိမ်းအမှတ်မြန်မာ-ထိုင်းချစ်ကြည်ရေးလက်ဝှေ့ပွဲ(မဲဆောက်)တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးပြီး အကောင်းဆုံးတွဲဆိုင်းအဖြစ် စက်ဘီးတစ်စီးစီဆုရရှိခဲ့ကြသည်။

ရဲတံခွန်(အလင်းရောင်)နှင့် ထိုးရမည့် ထိုင်းမှဖက်နီခွန်(ဆစ်ဂျာနီးကလပ်)မှာ သွေးအေးတည်ငြိမ်ပြီး လှုပ်ရှားမှုမြန်ဆန်သူ၊ ကောင်တာသတ်ကွက်ကျွမ်းကျင်ပိုင်နိုင်သူဖြစ်သည်။ ပြီးခဲ့သည့်မတ်လက မွန်ပြည်နယ်ပွဲများတွင် သပြေညို(ဘီလပ်မြေစက်ရုံ)နှင့် ဖိုးလပြည့်(ရွှေဖူး)တို့ကို အစီးသရေထိုးသတ်နိုင်ခဲ့သူ ဖြစ်သည်။ စောဂေါ်မူတို(သတ္တိ)နှင့် ဖာခေါ (ကင်းထောင်းမဟာရာကန်ကလပ်)တို့တွဲဆိုင်းတွင် ထိုင်းမှ ဖာခေါသည် နယ်စပ်မြို့ ဝေါလေမြိုင်တွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲများ လာရောက်ယှဉ်ပြိုင်ထိုးသတ်ဖူးပြီး မွေထိုင်းပွဲပေါင်း ၇၀ တွင် နိုင်ပွဲ ၆၀၊ သရေနှစ်ပွဲ၊ ရှုံးပွဲရှစ်ပွဲ မှတ်တမ်းရှိထားသူတစ်ဦးဖြစ်သည်။

သတ္တိအောင်(တောင်ကလေး)နှင့် ရင်ဆိုင်ယှဉ်ပြိုင်မည့် ဖူထိုင်း(အောင်အင်တာမွန်ကလပ်)သည် မြန်မာ့ရိုးရာလက်ဝှေ့သမားများ ဖြစ်ကြသော စောဝီလျံ၊ စောဒါးပို့တို့ကို အစီးသရေထိုးသတ်ခဲ့ပြီး သတ္တိအောင်နှင့်လည်း မြဝတီမြို့တွင် အကြိတ်အနယ်သရေပွဲဖြစ်ခဲ့ရာမကျေပွဲအဖြစ် ပြန်လည်တောင်းဆို စိန်ခေါ်လာသူဖြစ်ပြီး ကောင်တာဖိုက်တာအဖြစ် သတ်ကွက်ပိုင်နိုင်သည်။ သပြေညို(ဘီလပ်မြေစက်ရုံ)နှင့် နက်တဒက်(ပက်ယမ်ဒီးကလပ်)တို့အတွဲတွင် နက်တဒက်က ချန်ဒရာပြည်နယ် ချန်ပီယံ၂၀၁၂ မြန်မာပရိသတ်အကြိုက်နာမည်ကျော် ပါဝိကို သုံးကြိမ်အနိုင် ထိုးသတ်ခဲ့သည့် မှတ်တမ်းကောင်းရှိထားသူဖြစ်သည်။ တူးတူး(နဂါးမာန်)နှင့်ထိုးသတ်မည့် ခရွှန်ထိုင်း(လွတ်ပိုခွန်ကလပ်)သည် ထိုင်းနိုင်ငံလက်နက်ကိုင်တပ်ဖွဲ့ပေါင်းစုံချန်ပီယံဘွဲ့ကို ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆက်တိုက်သိမ်းပိုက်ထားသူဖြစ်သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ဝင်းစိန်တောရပွဲတွင် တွေ့မရှောင်နှင့် ၂၀၁၄ မေ ၁၈ ရက်က သိမ်ဖြူရုံတွင် ထွန်းထွန်းမင်းနှင့်ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးသူဖြစ်သည်။ အဆိုပါပွဲများတွင် ရှုံးနိမ့်ခဲ့မှုများအတွက် တူးတူးနှင့်ပွဲတွင် နိုင်ပွဲယူမည်ဟု ကြုံးဝါးထားသည်။

စိုးလင်းဦး(ဒို့ရိုးရာ)နှင့် ပါဝိ (မဲဆောက်မွေထိုင်းရင်ကလပ်) တို့အတွဲတွင် ထိုင်းမှပါဝိသည် မြန်မာမှ နာမည်ကျော်လက်ဝှေ့သမားအားလုံးနှင့် ထိုးသတ်ခဲ့ဖူးသော်လည်း စိုးလင်းဦးနှင့်ယခုပွဲတွင်မှ ပထမဆုံးအကြိမ်တွေ့ဆုံခြင်း ဖြစ်သည်။ ပါဝိ၏ထိုးလုံးသတ်ပေါက်လှပမှုကို ဝါရင့် ရိုးရာလက်ဝှေ့ ပရိသတ်များအားလုံးသိထားကြပြီး ဖြစ်သည်။ ထွန်းထွန်းမင်း(မုဒုံသား)နှင့် ယှဉ်ပြိုင်ဘက်ဝီရာပိုလ်(ထိုင်း)သည် ဇန်ကောက်မြို့လုံပနီပြိုင်ပွဲရုံ၏ ၂၀၁၂ မှ ၂၀၁၄ အထိ သုံးနှစ်ဆက်တိုက်ချန်ပီယံဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့လောက၏နာမည်ကျော် မွေထိုင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆွတ်ခူးထားသူ ထွန်းထွန်းမင်းကို ထိုးသတ်လိုပါသည်ဟု စိန်ခေါ်လာသူဖြစ်သည်။

ထိုပြိုင်ပွဲကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီးမြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး(MLA)နှင့် Royal Zarmani Creation & Innovation တို့ပူးပေါင်းကျင်းပကာ ဇူလိုင် ၆ ရက်မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။ လက်မှတ်များကို ငွေကျပ် ၁၅၀၀၀၊ ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၅၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

သတင်း-တင်စိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-ဇင်လင်း

ဝီရာပိုလ်(ထိုင်း)

ထွန်းထွန်းမင်း(မြန်မာ)

မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီးမြန်မာ့ရိုးရာ လက်ဝှေ့အစည်းအရုံး(MLA)နှင့် Royal Zarmani Creation & Innovation တို့ပူးပေါင်းကျင်းပကာ ဇူလိုင် ၆ ရက်မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတိုများ

မြို့မဈေးသန့်ရှင်းသာယာရေးကွင်းဆင်းဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့မဈေးအတွင်းသို့ ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှသိန်းထွန်း၊ ကော်မတီအဖွဲ့ဝင်များ၊ ဈေးမှူး၊ ဈေးတာဝန်ခံနှင့် ဈေးကော်မတီစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ လက်ွယ်နေ့ဈေးပိတ်ရက်တွင် မြို့မဈေးအတွင်းသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဈေးအတွင်းမှ လမ်းများပိတ်ဆို့ကျူးကျော်ဆိုင်ခန်းများ၊ ပြိုကျပျက်စီးနေသော ဆိုင်ခန်းများ ပြင်ဆင်ရန်၊ ကျူးကျော်ပုံ့ကျဈေးဆိုင်ခန်းများ၊ စနစ်တကျနေရာချထားပေးရန်တို့ ညှိနှိုင်းဆွေးနွေး၍ ဥပဒေနှင့်အညီ လိုက်နာမှုမရှိသော ကျူးကျော်ဆိုင်ခန်းများကို အရေးယူမည်ဖြစ်ကြောင်း ဈေးသန့်ရှင်းသာယာလှပရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်

ဒေါ်ဖုန်းယန်မြို့နယ်ခွဲရှိ သက်ကြီးဘိုးဘွားများအား အသက်ရှည်ကျန်းမာစေရန်ရည်ရွယ်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ပြည်သူ့ဆေးရုံဝင်းအရှေ့ကွင်းပြင်၌ နံနက် ၉ နာရီက ကျန်းမာရေးနှင့်ညီညွတ်သည့် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို မြို့နယ်ခွဲတာဝန်ခံ ဒေါက်တာဂမ်မင်းထက် ဦးဆောင်၍ သူနာပြုဆရာ ဆရာမများက လေ့ကျင့်သင်ကြားပေးပြီး တစ်ဦးချင်းစီ၏ ကျန်းမာရေးအရအားဆေးများ၊ ကျန်းမာရေးနှင့်ပတ်သက်သည့်ဆေးဝါးများနှင့် အာဟာရများကို အခမဲ့တိုက်ကျွေးပြီး ပြုစုပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွမ်းလုံ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့တွင် ဒုတိယအကြိမ်မြောက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ဟိုလီကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ ဦးဆောင်မှုဖြင့် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ တို့သည် ကျွန်း၊ ပျဉ်းကတိုး၊ ရေသင်းဝင်၊ မဲဇလီအစရှိသည့် အပင်ပေါင်း ၆၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်သူများသို့ မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေး

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှ ၂၀၁၄ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စတင်ထုတ်ချေးပေးလျက်ရှိရာ ချေးငွေများထုတ်ချေးပေးရာတွင် ဘဏ်၏ချေးငွေပုံစံစနစ်နှင့်အညီ ၁၀ ဧက အထိ လုပ်ကိုင်သည့် တောင်သူများအားပေးဆပ်နိုင်စွမ်းအရ စိစစ်ထုတ်ချေးနေကြောင်း၊ အချိန်မီပေးဆပ်နိုင်သူများကို ငွေထုတ်ချေးပေးနေကြောင်း၊ နောက်ကျ၍ပေးဆပ်နေသူများကို ဒုတိယအကြိမ် ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ဘဏ်မှချေးငွေများကို အချိန်မီထုတ်ချေးပေးသကဲ့သို့ တောင်သူများဘက်မှလည်း သတ်မှတ်ကာလအချိန်အတွင်း အပြီးပေးဆပ်ရန်တာဝန်ရှိကြောင်း မြို့နယ် မန်နေဂျာ ဦးစိုးမြင့်ဦးက ရှင်းလင်းပြောကြားသည်။ ယခုအထိကျေးရွာ ၂၈ ရွာ၊ အဖွဲ့ဝင် ၂၇၇၉ ဦးအား စပါး ၈၁၇၅ ဧကအတွက် ချေးငွေကျပ် ၈၁၇၅ သိန်းကို ဇွန် ၂၆ ရက်အထိ ထုတ်ချေးပေးပြီးဖြစ်ကြောင်း၊ ကျန်ရှိသော ကျေးရွာအုပ်စုများကိုလည်း နေ့စဉ်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **(၁၅၇)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၂၈၁၁၃၊ ထရော်လာဂျီ၊ FIT (4×2) L Dump Body ယာဉ်လက်ဝယ်ရှိသူ ဖြိုးဝေလျှံကုမ္ပဏီက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် CC/4598၊ Toyota Probox NCP 55, S/W (4×4) R ယာဉ်လက်ဝယ်ရှိသူ ဦးဒီပါချင်း ၁၂/တမန(နိုင်)၀၄၂၈၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၅၄၃၉၊ Toyota Corona CT/76 , S/W (4 ×2) R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၉/မနတ(နိုင်)၀၆၄၉၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၅၃၇၆၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ညီညီကျော် ၁၂/မဂတ(နိုင်) ၀၄၇၉၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)

အမည်မှန်

ဦးစိုင်းကွယ်၏သမီး ပြင်ဦးလွင်မြို့၊ အထက(၂)၊ သတ္တမတန်း(ဃ)မှ မခင်ခင်ထွန်း၏အမည်မှန်မှာ မနီနီခိုင် ဖြစ်ပါသည်။

မနီနီခိုင်

ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈)
ပခုက္ကူမြို့နယ်တရားရုံး
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၆

မတ်သဒစ်အသင်းတော်	**နှင့်**	ဦးသိန်းဝင်း
(အထက်မြန်မာပြည်)မန္တလေးဒီစတြိတ်		နေသူရိန်လမ်းနှင့်
(၄င်း၏ကိုယ်စားလှယ် ဒေါ်စန်းပွင့်)		အာသောကလမ်းထောင့်၊
မြို့မလမ်း၊ အမှတ်(၄)ရပ်ကွက်၊		အမှတ်(၄)ရပ်ကွက်၊
ပခုက္ကူမြို့		ပခုက္ကူမြို့
တရားလို		**တရားပြိုင်**

သက်ဆိုင်သူများသိစေလိုက်ပါသည်။ အထက်အမည်ပါ တရားလိုက တရားပြိုင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) ပထမပိုင်းနှင့် ပုဒ်မ ၁၂(၁)(င)အရ ငှားရမ်းထားသောဥပစာမှ နှင်လိုမှုစွဲဆိုထားရာ အဆိုပါအမှုနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ မည်သူမဆို အမှုတွင် အမှုသည်အဖြစ်ပါဝင်နိုင်ကြောင်းနှင့် အဆိုပါအမှုကို ဤရုံးတော်က ၂၀၁၄ခုနှစ် ဇူလိုင် ၇ ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ချိန်းဆိုထားပြီးဖြစ်ရာ ယင်းနေ့ရက်အချိန်တွင် ဤရုံးတော်သို့ လာရောက်လျှောက်ထားနိုင်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၈ အရ အကြောင်းကြားဆင့်ဆိုလိုက်သည်။

၂၀၁၄ခုနှစ် ဇွန် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညို့ရှင်းလင်း
တွဲဖက်မြို့နယ်တရားသူကြီး
ပခုက္ကူမြို့နယ်တရားရုံး

ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈)
ပခုက္ကူမြို့နယ်တရားရုံး
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၇

မတ်သဒစ်အသင်းတော်	**နှင့်**	ဒေါ်ဝင်းမူ
(အထက်မြန်မာပြည်)မန္တလေးဒီစတြိတ်		နေသူရိန်လမ်း၊
(၄င်း၏ကိုယ်စားလှယ် ဒေါ်စန်းပွင့်)		အမှတ်(၄)ရပ်ကွက်
မြို့မလမ်း၊ အမှတ်(၄)ရပ်ကွက်၊		ပခုက္ကူမြို့
ပခုက္ကူမြို့		
တရားလို		**တရားပြိုင်**

သက်ဆိုင်သူများသိစေလိုက်ပါသည်။ အထက်အမည်ပါ တရားလိုက တရားပြိုင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) ပထမပိုင်းနှင့် ပုဒ်မ ၁၂(၁)(င)အရ ငှားရမ်းထားသောဥပစာမှ နှင်လိုမှုစွဲဆိုထားရာ အဆိုပါအမှုနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ မည်သူမဆို အမှုတွင် အမှုသည်အဖြစ်ပါဝင်နိုင်ကြောင်းနှင့် အဆိုပါအမှုကို ဤရုံးတော်က ၂၀၁၄ ခုနှစ် ဇူလိုင် ၇ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ချိန်းဆိုထားပြီးဖြစ်ရာ ယင်းနေ့ရက်အချိန်တွင် ဤရုံးတော်သို့ လာရောက်လျှောက်ထားနိုင်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၈ အရ အကြောင်းကြားဆင့်ဆိုလိုက်သည်။

၂၀၁၄ခုနှစ် ဇွန် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညို့ရှင်းလင်း
တွဲဖက်မြို့နယ်တရားသူကြီး
ပခုက္ကူမြို့နယ်တရားရုံး

ဌာနဆိုင်ရာ

စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်မှုရှိစေရန် ထိထိရောက်ရောက် စစ်ဆေးပေးသွားမည်

စွမ်းအင်ဝန်ကြီးဌာနနှင့်ပတ်သက်၍မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေ

ဖာပွန်မြို့နယ်တွင် အစိုးရခွင့်ပြုသည့် စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင် ရှိစေလိုကြောင်း၊ ပြည်တွင်းထွက် ဓာတ်ဆီနှင့်ဒီဇယ်ဆီ သန့်စင်ခြင်းမရှိဟုသိရှိရပါကြောင်း၊ ပုဂ္ဂလိကစက်သုံးဆီရောင်းချမှုသန့်ရှင်းစေရန် ကူညီပေးစေလိုကြောင်း တင်ပြလာမှုနှင့်ပတ်သက်၍ ယခုအခါ တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကပိုင်စက်သုံးဆီအရောင်းဆိုင် ၁၀၈၇ ဆိုင် ဖြန့်ဖြူးရောင်းချရန် ခွင့်ပြုထားပြီးဖြစ်သည့်အပြင် ဆိုင် ၄၀၀ ကျော်အား ဖွင့်လှစ်နိုင်ရေး စိစစ်လျက်ရှိသည်။ ဖာပွန်မြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ဆောင်ရွက်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ရှိပါက မိမိတို့ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ပုဂ္ဂလိကမှဖြန့်ဖြူးရောင်းချပေးသည့် စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်မှုရှိစေရေး အလေးထားကြီးကြပ်လျက်ရှိပြီး ယခုအခါစက်သုံးဆီအရည်အသွေးစစ်ဆေးခြင်းအား Mobile Lab ကားတစ်စီးဖြင့် ဆောင်ရွက်နေပါကြောင်း၊ နောက်ထပ် ကားငါးစီးထပ်မံမှာယူထားပြီး ၂၀၁၄ ခုနှစ်အတွင်းရောက်ရှိမည်ဖြစ်ရာ နိုင်ငံအနှံ့ စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်မှုရှိစေရန် ထိထိရောက်ရောက်စစ်ဆေးပေးသွားမည်ဖြစ်သည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးထားပါကြောင်း စွမ်းအင်ဝန်ကြီးဌာနက ရှင်းလင်းဖြေကြားထားသည်။

ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး စုပေါင်းလုပ်အားပေး

စစ်တွေ ဇွန် ၃၀

ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် စုပေါင်းလုပ်အားပေးပွဲကို ဇွန် ၂၈ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ စစ်တွေအထက(၁)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ စုပေါင်းလုပ်အားပေးပွဲတွင် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ ဒေသခံအခြေခံ ရဲတပ်သားသစ်သင်တန်းအမှတ်စဉ် ၂၆၉/၂၀၁၄ မှ သင်တန်းသား ၆၀၊ အထက(၁)စစ်တွေမှ ကျောင်းသား ကျောင်းသူ ၁၅၀ ကျော်တို့က ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် စုပေါင်းလုပ်အားပေးကြရာ ရဲသင်တန်းကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး စောမြင့်နှင့်ရဲအရာရှိများ၊ အထက(၁)စစ်တွေကျောင်းအုပ်ကြီး ဒေါ်တင်တင်ဦးနှင့် ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထိုကဲ့သို့ လုပ်အားပေးပွဲကို အထက(၄) စစ်တွေတွင်လည်း ကျင်းပခဲ့ကြောင်း သိရသည်။

ကိုကြီးစော

လှိုင်းဘွဲ့ အနီးရှိ ဇယိုင်းချောင်းအား လျှပ်စစ်ဓာတ်အား ၁၅ မဂ္ဂါဝပ်ခန့်ထုတ်လုပ်နိုင်ရန် စူးစမ်းလေ့လာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်ပတ်သက်၍မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေ

ကော့ကရိတ်-မြဝတီဓာတ်အားလိုင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ချန်ထားခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ နောင်နှစ်ဘတ်ဂျက်တွင် မကျန်ရအောင် ကြိုးစားပေးရန် တင်ပြလာမှုနှင့်ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မော်လမြိုင်-ကော့ကရိတ်-မြဝတီ ၂၃၀ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းစီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားခဲ့သည်။ ဘဏ္ဍာငွေလျှော့ချမှုအရ ပါဝင်ခြင်း မရှိခဲ့သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေအဖြစ် ထပ်မံ၍ထည့်သွင်းလျာထားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တောင်ညိုတောင်တန်းတွင် ရေတံခွန်ကြီးတစ်ခုရှိကြောင်း၊ အဆိုပါရေတံခွန်ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ သိ/မသိ သိချင်ပါကြောင်း၊ သိထားပြီးလျှင် ရေအားလျှပ်စစ်ထုတ်နိုင်/မထုတ်နိုင်သိလိုပါကြောင်း၊ မသိရှိသေးပါက ကျွမ်းကျင်ပညာရှင်များ သွားရောက်၍ Survey လုပ်ပေးစေလိုကြောင်း ဆွေးနွေးတင်ပြချက်နှင့်ပတ်သက်၍ အဆိုပါဒေသသို့ စူးစမ်းလေ့လာရေး မလုပ်ရသေးပါကြောင်း၊ သွားရောက်လေ့လာရန်စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ဧရိယာတစ်ခုအားလေ့လာရန် မြေပုံလေ့လာမှုစတင်ပြုလုပ်ကြောင်း၊ မြေပုံလေ့လာမှုပြီးပါက ရေအားလျှပ်စစ်ထုတ်လုပ်မည့် ရေဝေရေလဲဧရိယာ၏ အကျယ်အဝန်း၊ တစ်နှစ်ပတ်လုံးရရှိမည့် မိုးရေချိန်နှင့် ချောင်းရေထုစီးဆင်းနှုန်းကို လေ့လာကြောင်း၊ ၁း၅၀၀၀၀ စကေး(သို့မဟုတ်) ၁း၂၅၀၀၀၀ စကေး (သို့မဟုတ်) ဂြိုဟ်တုမှရရှိသည့် မြေပုံများမှတစ်ဆင့် မြေမျက်နှာသွင်ပြင်ကို လေ့လာပြီး ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့်အခြေအနေ ရှိ/မရှိစူးစမ်းပါကြောင်း၊ ထုတ်လုပ်နိုင်သည့်အခြေအနေရှိပါက ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ပါကြောင်း၊ ယခုလောလောဆယ်အနေအထားအရ ကရင်ပြည်နယ်အတွင်း အသေးစားလေ့လာမှုများအဖြစ် သံတောင်မြို့နယ်အတွင်း ကြခတ်ချောင်း၊ မြဝတီနှင့်ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ချောင်း ၁၅ ချောင်းကို စူးစမ်းလေ့လာထားပြီးဖြစ်ကြောင်း၊ အလတ်စားအနေဖြင့် လှိုင်းဘွဲ့အနီးရှိဇယိုင်းချောင်းအား လျှပ်စစ်ဓာတ်အား ၁၅ မဂ္ဂါဝပ်ခန့်ထုတ်လုပ်နိုင်ရန် စူးစမ်းလေ့လာမှုများပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဖြေကြားထားသည်။

(ဆက်လက်ဖော်ပြပါမည်)

စာပေမြင့်မှ လူမျိုးတင့်မည်

ရခိုင်ပြည်နယ် တောင်ပေါ်ကားလမ်း ထိန်းသိမ်းပြုပြင်

တောင်ကုတ် ဇွန် ၃၀

ရခိုင်ပြည်နယ်တောင်ပိုင်း ပြည်-တောင်ကုတ်ကားလမ်းသည် ရခိုင်ရိုးမတောင်ပေါ်မှဖြတ်၍ ဖောက်လုပ်ထားသော ကားလမ်းဖြစ်ပြီး ပြည်မှ တောင်ကုတ်အထိ ၁၀၂ မိုင်ရှိသည်။ ယခင်က ထိုကားလမ်းမိုင်အားလုံးကို နေလသစ္စာ ဆောက်လုပ်ရေးကုမ္ပဏီက BOT စနစ်ဖြင့် တာဝန်ယူ၍ ဖောက်လုပ်ပြုပြင်ထိန်းသိမ်းရေးကို တာဝန်ယူထားသောလမ်းပိုင်းဖြစ်သည်။

ယခုအခါ ထိုလမ်းပိုင်းမိုင်တိုင်အမှတ် ၄၁ နှင့် ၇၄ မိုင်အကြား ၃၃ မိုင်ကို နေလသစ္စာကုမ္ပဏီက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ပြန်လည်အပ်နှံခဲ့သဖြင့် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ (၈) မှ တာဝန်ယူပြုပြင်လျက်ရှိသည်။ **(ဓါတ်ပုံ)**

ပြုပြင်ထိန်းသိမ်း

ရခိုင်ပြည်နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် ကတ္တရာကားလမ်းမိုင် ၄၆၀၊ ကျောက်ချောလမ်းမိုင် ၃၄၀၊ အမာခံလမ်းမိုင် ၁၄၀ နှင့် မြေသားလမ်းမိုင် ၁၄၀ စုစုပေါင်း ကားလမ်းမိုင် ၁၀၈၂ မိုင်ရှိသည်။ ထိုလမ်းများမှ ပြည်-တောင်ကုတ်လမ်းပိုင်းမှ ၉၆ မိုင်၊ တောင်ကုတ်-သံတွဲ-ငပလီ-မဇင်-လုံးသာလမ်း ၅၆ မိုင် ခုနစ်ဖာလုံတို့ကို နေလသစ္စာကုမ္ပဏီက တာဝန်ယူ၍ BOT စနစ်ဖြင့် ပြုပြင်ထိန်းသိမ်းလျက်ရှိသလို ပြည်နယ်တစ်ခုလုံးရှိ မိုင်ပေါင်း ၉၂၉ မိုင်ကျော်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပြုပြင်ထိန်းသိမ်းလျက်ရှိသည်။

ခရမ်း-စိုးမြင့်

ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သင်္ဂဟလမ်း၊အမှတ်၂၉၊ ဧရိယာပေ(၃၅×၄၁ ½)(ဘေးအချွန်း ၂၃ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးဝင်းစန္ဒာ ၁၂/သဃက(နိုင်)၀၄၇၃၁၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာချက် ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင်(စဉ်-၅၇၇၃) ဦးအောင်ကျော်ကျော်မြတ်(စဉ်-၂၇၀၀၉) ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)

ဒေါ်လွင်မာ (စဉ်-၈၉၀၉) ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄) ဒေါ်သဇင်အေး (စဉ်-၄၁၄၅၉)

တရားလွှတ်တော်ရှေ့နေများ ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂) ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆၀၁)

အမှတ် ၅၅(ဒုတိယထပ်)၊ အခန်း၇၊ အထက်တန်းရှေ့နေများ

မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊

ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၈၀၊ ဦးပိုင်အမှတ် ၄၆-ဃ၊ ၂၀၀၅/၂၀၀၆ ခုနှစ် မြေပုံအရ ဧရိယာ ၀ ဒသမ ၀၄၀၄ ဧကအကျယ်အဝန်းရှိ ဦးစိုင်းရီ(သား)မောင်နေလှိုင်ဦးအမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ၈၂ လမ်း၊ အမှတ် ၃၅၄၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြားဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဦးစိုင်းနေလှိုင်ဦး (ခ)ဦးနေလှိုင်ဦး ၉/ခအဇ(နိုင်)၀၀၆၉၁၉က ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝေယံဦး

အထက်တန်းရှေ့နေ(စဉ်-၄၂၂၂၇)

အမှတ် ၄၄၊ မြေညီထပ်၊ အခန်းအမှတ် ၃၊ ၃၆ လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်ရန်ကြော်ငြာ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစီစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ မိုလ်တထောင်မြို့နယ်၊(၄၈)လမ်း၊ အမှတ် (၁၄၂/၁၅၀)၊ အခန်းအမှတ် (၃၀၂) ကို တက်လမ်း ဆောက်လုပ်ရေးကုမ္ပဏီမှ ဝယ်ယူခဲ့ပြီး ဦးလှဟန် ၁၂/ကတတ(ပြု)၀၀၀၇၇၃နှင့် ဒေါ်ခင်ထွေးရီ ၁၂/ကတတ(ပြု)၀၀၀၄၂၃အမည်ဖြင့် ပိုင်ဆိုင်မှုစာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် စီမံကိန်းဌာနခွဲသို့တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၃၊မြေကွက်အမှတ်၁၆၄ အမည်ပေါက် ဦးထွန်းစိန်၁၂/လကန(နိုင်)၀၁၆၅၃၁မှ မြေချပါမစ် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅E ၁၊ မြေကွက်အမှတ် ၅၇စီ၊ မြေကွက်တည်နေရာအမှတ် ၄၆၊ ကမ္ဘာအေးစေတီလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်ခင်ခင်လင်း အမည်ပေါက် မြေပိုင်မြေအားအမည်ပေါက် (မိခင်) ဒေါ်ခင်ခင်လင်း(ဖခင်)ဦးစောလင်းကွယ်လွန်သဖြင့် ဦးဝင်းညွန့် ၁၂/ဗဟန(နိုင်)၀၃၂၁၆၆က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေး

ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၀၊ မြေကွက်အမှတ် ၁၀/က၊ ဧရိယာ ၁၀ ဒသမ ၁၂၉ ဧကအနက် (၆၀'+၁၉၅'+၈၀'+၁၅၀'+၁၃'+၂၅')၊ မြေကွက်တည်နေရာအမှတ် ၅၅၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးဘိုးရိုက်၊ ဒေါ်သန်း အမည်ပေါက် B-လ/နှ၃၉(ရွာမြေအဖြစ် အသုံးပြုရန်) မြေအား အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၃/၂၀၁၄ အရ တရားနိုင် ဒေါ်ခင်သန်းမြင့်အား အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ၁၇-၂-၂၀၁၄ ရက်စွဲပါစီရင်ချက် တရားမဇာရီမှုအမှတ်၇/၂၀၁၄အရ ဘီလစ်ခန့်စာတို့တင်ပြ၍ဒေါ်အုန်းသွင်(ဘီလစ်)မှအရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက် ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေး

ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၁ အေ၂၊ III Class 41 Northern 1/2၊ မြေကွက်အမှတ် ၁၀၂/၁၀၄၊ လမ်း၂၀၊ လသာမြို့နယ်၊ ဒေါ်ပြုံးရီ(ခ) ဒေါ်ကျင်ကျုတ် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ပြုံးရီ(ခ)ဒေါ်ကျင်ကျုတ်သည် ၂၀-၁-၂၀၀၉ ရက်တွင်လည်းကောင်း၊ ခင်ပွန်း ဦးဟန်ကြူ(ခ)ဦးစီဟန်ကြူသည် ၁၆-၄-၁၉၆၉ရက်တွင်လည်းကောင်း ကွယ်လွန်သွားပါသဖြင့် ဦးဟုတ်စိန်(ခ) ဦးသိန်းငွေ ၁၂/လသန(နိုင်)၀၁၄၃၄၂က သားတော်စပ်ကြောင်း မြေအမည်ပေါက်မှ ၄င်းအား ကိတ္တိမသားအဖြစ် မွေးစားခြင်းမှတ်ပုံတင်စာချုပ် ၅၂၅၃/၈-၉-၂၀၀၄၊ သေစာရင်း၊ ကျမ်းကျိန်လွှာတို့ တင်ပြပြီး ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေး

ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၅၊မြေကွက်အမှတ် ၁၇၇/က၊ မြေကွက်တည်နေရာအမှတ် ၁၇၇/က၊ မြင်သာ ၄လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးကြည်)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြည် AA-၀၅၉၁၀၁က နှစ်၆၀ ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေး

ကော်မတီ

မြစ်ကြီးနားမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီးချုပ်စစ်ဆေး

မြစ်ကြီးနား ဇွန် ၃၀

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင်လုပ်ဆောင်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းနှင့် တာဝန်ရှိသူများက ဇွန် ၂၈ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရှေးဦးစွာ မြစ်ကြီးနားမြို့ သီတာရပ်ကွက်၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်သည့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ဆောလျင်စွာနေရာချထားပေးနိုင်ရေး၊ ရေနှင့်လျှပ်စစ်မီးအဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ စီတာပူရပ်ကွက်ရှိ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇီးကွက် နှစ်ကောင် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်မည့် အဆင့်မြင့် ၂ ထပ်လူနေဆိုင်ခန်းများ၊ ပွဲကျဈေး၊ Shopping Center၊ ဈေးရောင်းပွဲတော်နှင့် ပြပွဲပြိုင်ပွဲများကျင်းပမည့်မြေနေရာ၌ စက်ယန္တရားကြီးများဖြင့် မြေကွက်ဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် ရပ်ကွက်နေပြည်သူများအတွက် ပွဲကျဈေးလျင်မြန်စွာ အကောင်အထည်ဖော်ဆောက်လုပ်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအားမှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အေးမြသာယာရပ်ကွက်၌ ဆိုင်ခန်းပေါင်း ၅၃၄ ခန်းပါဝင်သည့် ခေတ်မီဈေးသစ်ကြီး တည်ဆောက်ရေး စီမံကိန်းတွင် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခန်းမဆောင်ပါရှိရေး၊ အဆောက်အဦးတိုင်းရှိ ဆိုင်ခန်းများစနစ်တကျဖွဲ့စည်းရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောလျင်စွာပြီးစီးရေးမှာကြားပြီး ရှမ်းစုတောင်ရပ်ကွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ယာနှင့် အဆင့်မြင့်လူနေဆိုင်ခန်းများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ ဇော်ဂျွန်းလမ်းပေါ်ရှိ ဧရာဝတီမြစ်ကမ်းဘေး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် အများပြည်သူအပန်းဖြေအားကစားလေ့ကျင့်ရေးကွင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်သူများအန္တရာယ်ကင်းရှင်းစွာ စိတ်အပန်းဖြေ လေ့ကျင့်ကစားရန်နေရာဖြစ်သည့်အတွက် မြစ်ကမ်းပါးတစ်လျှောက်တွင် လက်ရန်းများတပ်ဆင်ထားရှိရေးမှာကြားသည်။ ထို့နောက်ကမ်းနားလမ်းတစ်လျှောက်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၃-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် မြစ်ကမ်းပါးရေတိုက်စားမှုမှကာကွယ်ရေးအတွက် ရေထိန်းနံရံတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

ဂုဏ်ထူးဆောင် လက်မှတ်များ ပေးအပ်ချီးမြှင့်

မန္တလေး ဇွန် ၃၀

မန္တလေးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ(၁)တွင် ဇွန် ၂၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆုတံဆိပ်ရရှိကြသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအဆက်ဆက်တို့သည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်သူများ၊ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သူများ၊ သာသနာရေးကို အားပေးဆောင်ရွက်သော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့ တံဆိပ်များ ချီးမြှင့်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ညီညွတ်ရေးအတွက် ကောင်းမွန်သောအစဉ်အလာဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနှင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဆုတံဆိပ်များ ထိုက်တန်စွာ ချီးမြှင့်ခြင်းဖြင့် တိုင်းဒေသကြီးနှင့် နိုင်ငံတော်အတွက် အကျိုးပြုပုဂ္ဂိုလ်များ ဆက်လက် ပေါ်ထွန်းလာမည်ဟု ယုံကြည်သည့်အတွက် ဂုဏ်ထူးဆောင်လက်မှတ်များ ဆုတံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ နယ်ပယ်အသီးသီးတွင် ထူးချွန်စွာတာဝန်ထမ်းဆောင်နိုင်သူများကို ထိုက်တန်သောဂုဏ်ထူးဆောင် လက်မှတ်များဖြင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ပြည်သူ့အကျိုး ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို သယ်ပိုးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆုတံဆိပ်ရရှိသူများ၏ ဆောင်ရွက်ချက်များကို ဖတ်ကြားတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးနှင့် လူမှုရေးဝန်ကြီးတို့က ဆုရရှိသူများကို ဆုတံဆိပ်နှင့် ဂုဏ်ထူးဆောင်လက်မှတ်များ ပေးအပ်ခဲ့ကြရာ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ၈ ဦး၊ စက်မှုစီးပွားထူးချွန်ဆုရရှိသူ ၃ ဦး၊ စိုက်ပျိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ၄ ဦး၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ၅ ဦး၊ ပညာရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ၄ ဦးနှင့် လူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ၁၁ ဦး စုစုပေါင်း ထူးချွန်ဆုရရှိသူ ၃၅ ဦးတို့ကို ဆုတံဆိပ်နှင့် ဂုဏ်ထူးဆောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးမြ(မန္တလေး)

ကျိုင်းတုံမြို့၌ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံလုပ်ငန်းနှင့်ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲပြုလုပ်

ကျိုင်းတုံ ဇွန် ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်တောင်း-ပါဆံကျ ကျေးရွာတွင် ကျောက်မီးသွေးဓါတ်အားပေးစက်ရုံလုပ်ငန်းနှင့်ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲကို ဇွန် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က အဖွင့်အမှာစကားပြောကြားကာ ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက ဆွေးနွေးတင်ပြပြီး၊ လန်ဖုန်ဒန်ကုမ္ပဏီမှ တာဝန်ရှိသူက ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံလုပ်ငန်းနှင့် ပက်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့်သူများက မိမိတို့သိလိုသည်များ၊ မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးကြပြီး လန်ဖုန်ဒန်ကုမ္ပဏီမှ တာဝန်ရှိသူများက ကျိုင်းတုံရပ်တော်မူဘုရားကြီးအတွက် ကော်ဖော အလိပ် ၂၀ နှင့် ပါဆံကျကျေးရွာ အ. မ. က(မူလွန်)ကျောင်းနှင့် ဝမ်တောင်းကျေးရွာ အ. မ. က ကျောင်းများအတွက် အလှူပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအားဖာ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းတင်မေထွန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လန်ဖုန်ဒန်ကုမ္ပဏီလီမိတက်မှတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါလေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍မရတော့သည့် ပခုက္ကူမြို့ စက်ခေါင်းရုံမှ အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်-

တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၂/၂၀၁၄-၂၀၁၅/မပ	ချောဆီပျက်(၂၄၉၅)ဂါလန်	(1) Lot

တင်ဒါပိတ်ရက်/အချိန် - ၂၁-၇-၂၀၁၄ ရက် (တနင်္လာနေ့) (၁၂း၀၀)နာရီ
တင်ဒါဖွင့်ရက်/အချိန် - ၂၁-၇-၂၀၁၄ ရက် (တနင်္လာနေ့) (၁၃း၀၀)နာရီ
တင်ဒါဖွင့်မည့်နေရာနှင့် - အင်ဂျင်နီယာမှူး(စက်မှု)ရုံး၊
တင်ဒါသွင်းရမည့်နေရာ တိုင်းအမှတ်(၁၀)၊ ပခုက္ကူမြို့

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၇-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)မန္တလေး
မန္တလေးဘူတာကြီး၊ တတိယထပ်၊ အထက်မြန်မာပြည်အုပ်ချုပ်ရေးဌာန
ဖုန်း-၀၂-၃၅၈၂၉ နှင့်
အင်ဂျင်နီယာမှူး(စက်မှု)ရုံး၊ တိုင်းအမှတ် (၁၀)ပခုက္ကူမြို့၊
ဖုန်း-၀၆၂-၂၂၅၀၆

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)နှင့် ရော်ဘာပစ္စည်းစက်ရုံခွဲ(သဃ်န်းကျွန်း)တို့တွင် အသုံးပြုရန်လိုအပ်သော သဘာဝရော်ဘာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	အမျိုးအစား	အရေအတွက် (တန်)
(က)	သဘာဝရော်ဘာ ၄ မျိုး	၁၀၅

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂-၇-၂၀၁၄ရက်မှ ၁၀-၇-၂၀၁၄ရက်အတွင်း အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူလျှောက်ထားနိုင်ပါသည်။

အမှတ်(၂၁) အကြီးစားစက်ရုံ (သထုံ)၊
ဖုန်း-၀၉-၄၃၀၀၅၈၉၆၊ ၀၉-၂၅၅၇၀၄၇၈၁

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	အမျိုးအစား	အရေအတွက်
(က)	Machinery & Equipment နှင့် Office Equipment	၃ မျိုး
(ခ)	Raw Material၊ Standard Parts & Auxiliary Parts (For 30 KVA Diesel Engine Generator)	၃၅ မျိုး
(ဂ)	Raw Material၊ Standard Parts & Auxiliary Parts (For Steel Cabinet)	၉ မျိုး
(ဃ)	Raw Material၊ Standard Parts & Auxiliary Parts (For Gasifier)	၈၂ မျိုး

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၇-၂၀၁၄ ရက်မှစတင်၍ အောက်ပါလိပ်စာများတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်-

အမှတ်စဉ်(က)၊ အမှတ် ၂၃၊ အကြီးစားစက်ရုံ(ညောင်ခြေထောက်)၊
ဖုန်း-၀၅၃-၄၂၂၁၃၊ ၀၅၃-၄၂၂၁၄၊၀၉-၄၉၅၀၁၂၉၁၊
အမှတ်စဉ်(ခ)၊ (ဂ)၊ (ဃ)၊ အမှတ် ၂၆၊ အကြီးစားစက်ရုံ(သာဂရ)၊
ဖုန်း-၀၆၇-၈၄၃၀၀၀၉၊ ၀၉-၄၀၃၇၂၀၇၈၄၊ ၀၉-၄၂၈၀၀၂၅၄၁

မိဘအမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ နန်းမွေးခေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်ဆု ၁၃/မဆတ(နိုင်)၀၃၅၀၁၉နှင့် မိခင်အမည်မှန်မှာ ဒေါ်နန်းဦးပန်း ၁၃/မဆတ(နိုင်)၀၄၇၂၅၁ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးကျော်ထွန်း ၁၁/မဥန(နိုင်)၀၀၁၅၂၄ ၏သမီး မမြသန်းနွယ်အား မမြသုနွယ်ဟု ပြောင်းလဲခေါ်ပါရန်။

မမြသုနွယ်

ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(၇)၊ သတ္တမတန်းမှ မောင်စိုးလင်းဟန်၏ ဖခင်အမည်မှန်မှာ ဦးလှအောင် ဖြစ်ပါသည်။

ဦးလှအောင်

အမည်ပြောင်း

ဦးရောက်ရှင်း၏သား လားရှိုးမြို့၊ အလက(၇)၊ သတ္တမတန်းမှ မောင်ရန်မုန်းခမ်းအား ယနေ့မှစ၍ မောင်ရန်မုန်းခန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရန်မုန်းခန်း

ကျေးဇူးဆပ်ပါမည်

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးမှ ထုတ်ပေးထားသော ကျွန်တော်၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် ကူ-၉၃/၁၀ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ပေးပို့ပေးပါရန်။

ဦးတင်ဇော် ဖုန်း-၀၉-၄၀၁၅၁၅၅၆၀

အမည်မှန်

ဝိုင်းမော်မြို့နယ်၊ အောင်မြေ(၁) ကျေးရွာနေ ပြင်ဦးလွင်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မနာအော်မီ၏ အမည်မှန်မှာ မနော်အော်မီ ၁/ဝမန(နိုင်)၀၈၆၀၅၂ ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးစန်လဲ ၁၃/မမတ(နိုင်)၀၁၅၆၈၇ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဘူးသီးတောင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဦးမောင်သန်း ၁၁/ဘသတ(နိုင်)၀၀၂၆၃၉၏ သား မောင်ထွန်းထွန်းစိုး ၁၁/ဘသတ(နိုင်)၀၂၇၂၀၁ အား မောင်ခိုင်ထွန်းလင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခိုင်ထွန်းလင်း**

အမည်မှန်

စစ်တွေမြို့၊ ဧည၀တီရပ်ကွက်နေ ဦးမြင့်နိုင်၏ အမည်မှန်မှာ ဦးမောင်မင်းလွင် ၁၁/စတန(နိုင်)၀၆၀၇၄၈ ဖြစ်ပါကြောင်းနှင့် သား မောင်မြင့်စိုးနိုင်၏ အမည်မှန်မှာ မောင်မင်းစိုးနိုင် ဖြစ်ပါကြောင်း။

အမည်မှန်

စစ်တွေမြို့၊ အထက(ခွဲ)စက်ရုံစု၊ နဝမတန်းတွင် ပညာသင်ကြားနေသော မအထွီးမေ၏ဖခင်အမည်မှန်မှာ ဦးဘမောင်သိန်း ၁၁/စတန(နိုင်)၀၃၁၅၀၉ ဖြစ်ပါကြောင်းနှင့် မအထွီးမေ၏အမည်မှန်မှာ မရွှေခိုင်ထွီး ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မလှိုင်မြို့တွင် အေးမေတ္တာ ဆေးကုသဆောင်သစ် ဖွင့်လှစ်

မလှိုင် ဇွန် ၃၀

မိတ္ထီလာခရိုင် မလှိုင်မြို့တွင် ကုန်ကျငွေကျပ် ၁၂၅၀ သိန်းခန့် အကုန်ကျခံဆောက်လုပ်ထားသည့် အလျား ၈၂ ပေ၊ အနံ ၆၈ ပေ စတီးလ်အာစီရီ တစ်ထပ်အဆောက်အဦး အေးမေတ္တာ ဆေးကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက်က ဆေးကုသဆောင်သစ် တည်ရှိရာ မလှိုင် ကုတင် ၅၀ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မလှိုင်မြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အေးမေတ္တာဆေးကုသဆောင်သစ်အား တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရွှေနန်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဦးသန်းဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

၎င်းနောက် ဦးအေးမောက်က ဆေးကုသဆောင်သစ်တည်ဆောက်နိုင်ရေးအတွက် မိတ်ဆွေများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ စုပေါင်းဝိုင်းဝန်း၍ ကိုယ့်အားကိုယ်ကိုးတည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဆေးကုသဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်သည်။

မလှိုင်မြို့ခံတစ်ဦးက "ကျွန်တော်တို့မြို့မှာ လူနာအရေအတွက်က ပြည်သူ့ဆေးရုံနဲ့ မလောက်ပါဘူး၊ လူနာတွေက မြို့ပေါ်တင်မက ကျေးရွာတွေကပါလာတာဆိုတော့ ဆေးရုံမှာ ကုတင်လိုအပ်ချက်၊ နေရာလိုအပ်ချက်တွေ အမြဲရှိနေတယ်၊ အခုအဆောင်သစ်ဖွင့်ပြီးရင်တော့ အဆင်ပြေသွားမယ်ထင်ပါတယ်"ဟု ပြောသည်။

မလှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် လူဦးရေ တစ်သိန်းခုနစ်သောင်းခန့် နေထိုင်လျက်ရှိရာ ယခုဆေးကုသဆောင်သစ် တည်ဆောက်ပြီးစီးသည့် အတွက် ဒေသခံများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပိုမိုအထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

အောင်ဌေး(မလှိုင်)

မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူ

မကွေး ဇွန် ၃၀

ဇူလိုင်၃ ရက်နေ့တွင်ကျ ရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းပြည်သူ့ဆေးရုံကြီးတွင် မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုစုပေါင်းသွေးလှူပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စမ်းစမ်းမြင့်တို့က တက်ရောက်အားပေးစကားပြောကြားခဲ့သည်။

ထိုစုပေါင်း သွေးလှူဒါန်းပွဲတွင် သွေးလှူရှင် ၇၃ ဦးမှ သွေးလှူဒါန်းခဲ့ကြပြီး သွေးလှူဒါန်းပွဲသို့ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၀၀ ကျော် တက်ရောက်ခဲ့သည်။

(မကွေး ပြန်/ဆက်)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ကျေးရွာချင်းဆက် ဆည်ကြီးတံတား အမြန်ဆုံးပြီးစီးရေးဆောင်ရွက်

ကလေးဝ ဇွန် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် ဆည်ကြီး၊ ဂဇက်၊ ယုဇလယ် ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ ဆည်ကြီးတံတားကြီး တည်ဆောက်နေမှု အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများသည် ဇွန်၂၈ ရက်က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တံတားတည်ဆောက်မှုအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဆည်ကြီးသံကူကွန်ကရစ်တံတားကို ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၆၀ သန်းဖြင့် အကုန်ကျခံ တည်ဆောက်ခြင်းဖြစ်ကာ အရှည် ၂၄၀ ပေ၊ အကျယ် ၁၄ ပေ ရှိကြောင်း သိရသည်။

တံတားဆောက်လုပ်ပြီးစီးပါက ကျေးရွာ အုပ်စု ၁၄ အုပ်စုမှ ကျေးရွာပေါင်း ၅၀ ကျော်တွင် နေထိုင်ကြသော ကျေးလက်ဒေသနေ ပြည်သူ ၂၂၀၀၀ ကျော်တို့အတွက် အလွန်အထောက်အကူပြုမည်ဖြစ်ပြီး ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရောင်းဝယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

တံတားကြီးတည်ဆောက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က စီစဉ်မှုဖြင့် Royal Great ကုမ္ပဏီမှ တာဝန်ယူလျက် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

နန်းစောင်းပုကျေးရွာကမ်းပြိုမှု ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ကလေး ဇွန် ၃၀

ကလေးမြို့နယ်၏ အနောက်မြောက်ဘက်တွင်ရှိ နန်းစောင်းပုကျေးရွာသည် မိုးတွင်းကာလတွင် နေရဥ္စရာမြစ်ရေကြီးပြီး မြစ်ရေတိုက်စားခြင်းကြောင့် ကျေးရွာကမ်းပါးကမ်းပြိုမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိရာ ယခုနှစ်တွင် ကမ်းပြိုမှုကာကွယ်ရေးအတွက် အရှည် ၈၀၀ ပေရှိ မျောတိုင်ရိုက် ကျောက်ဖြည့်ရေကာတန်းပြုလုပ်ခြင်းလုပ်ငန်းနှင့် ရေလွှဲတူးမြောင်း အရှည် ၂၅၀၀ ပေ ဆောက်လုပ်ခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ရေကာတန်းနှင့် ရေလွှဲတူးမြောင်းဖောက်လုပ်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ပေးမှုဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှကျပ်သန်းပေါင်း ၅၁ ဒသမ ၂၈ သန်း အကုန်ကျခံကာ ဖေဖော်ဝါရီလအတွင်းက ထူးမြတ်ဇိမ်ဆောက်ရေးကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ဇွန် ၂၈ ရက်က ရာနှုန်းပြည့်ပြီးစီးခဲ့ခြင်းဖြစ်သည်။ တည်ဆောက်ပြီးစီးသော ရေကာတန်းနှင့် ရေလွှဲတူးမြောင်းကို ကလေးခရိုင်စီမံခန့် ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်ကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဇွန် ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဂျူနိုင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ထားဝယ်ခရိုင်တရားမရုံးတော်၌

၂၀၁၄ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၂၈

ဦးအောင်မြို့ နှင့် ဦးသက်လွင်

တရားလို **တရားပြိုင်**

ထားဝယ်မြို့၊ အမှတ် ၆၈၊ ဦးဇေယျလမ်း၊ အိုးလုပ်ရပ်နေ ဦးသက်လွင် (ဘ) ဦးကျော်ဟုန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်မြို့က ၁၄-၁-၂၀၁၄ရက်စွဲပါ အိမ်ခြံမြေနှင့် ရော်ဘာခြံ အရောင်းအဝယ်ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် ပေးအပ်ထားသည့် စရန်ငွေ ၅၉၄၅၈၀၀၀ နှင့် စရန်ငွေ၏ နှစ်ဆလျော်ကြေးငွေ ၁၁၈၉၁၆၀၀၀ စုစုပေါင်းငွေ ၁၇၈၃၇၄၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁၅ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက် ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်တင်အေး)

ခရိုင်တရားသူကြီး၊ ထားဝယ်ခရိုင်တရားရုံး

ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့စီးပွားရေးဘဏ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် အောက်ဖော်ပြပါအတိုင်း အဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါများကို တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

(က) ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မယ်စဲ့ဘဏ်ငွေတိုက်ခွဲအဆောက်အအုံသစ်ပေ (၆၀×၃၀) တစ်ထပ်ဆောက်လုပ်ခြင်းနှင့် အုတ်ခြံစည်းရိုးကာရံ၍ သံပန်းတံခါးမကြီးတပ်ဆင်ခြင်း၊

(ခ) မယ်စဲ့ဘဏ်ငွေသိုလှောင်ခန်း ပေ(၂၀×၁၅)တစ်ထပ်အဆောက်အအုံဆောက်လုပ်ခြင်း၊ ခြံစည်းရိုး ချိန်းလင့်ဖြင့် နှစ်ထပ်ကာရံခြင်း၊

၂။ **တင်ဒါပုံစံများရရှိနိုင်သောနေရာ** - မြန်မာ့စီးပွားရေးဘဏ်၊ ကယားပြည်နယ်ရုံး

တင်ဒါပုံစံများတင်သွင်းရမည့်နေရာ - မြန်မာ့စီးပွားရေးဘဏ်၊ ကယားပြည်နယ်ရုံး

နောက်ဆုံးပေးသွင်းရမည့်ရက်စွဲနှင့်အချိန် - ၁၅-၇-၂၀၁၄ ရက်၊ ၁၆:၀၀ နာရီ

ဖွင့်လှစ်မည့်နေရာ၊ ရက်စွဲ၊ အချိန် - ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ၂၅-၇-၂၀၁၄ရက်၊ နံနက် ၁၀နာရီ

၃။ တင်ဒါပုံစံနှင့်ပတ်သက်သော လိုအပ်သည့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို မြန်မာ့စီးပွားရေးဘဏ်၊ ကယားပြည်နယ်ရုံးတွင် ၁-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်၊ ကယားပြည်နယ်ရုံး

လွိုင်ကော်မြို့

ဖုန်း-၀၈၃-၂၁၀၂၆၊ ၂၂၉၈၁

ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက (၃) နဝမတန်း(ဃ)မှ မပွင့်ဖြူအေး၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်အေး ၉/ပမန(နိုင်)၁၃၇၀၂၇ ဖြစ်ပါကြောင်း။

ဦးမျိုးမြင့်အေး

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(D)တွင် ပညာသင်ကြားနေသော မပွင့်ဖြူအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးတင်ဝင်းအောင် ဖြစ်ပါကြောင်း။

ဦးတင်ဝင်းအောင် ၁၀/ပမန(နိုင်)၀၃၂၁၉၉

ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ဇောင်ချမ်းကုန်းအုပ်စု၊ ညောင်ကုန်းကျေးရွာနေ ဒေါ်စန်းမြင့် ၉/မထလ(နိုင်)၀၅၅၃၆၃ ပိုင် မြေကွက်အမှတ် ၄၆၉၏ မြေပေးမိန့်စလစ်(မိတ္တူမှန်)ပျောက်ဆုံးသွားပါ၍ ပြန်လည်လျှောက်ထားမည်ကို ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်စန်းမြင့် ၉/မထလ(နိုင်)၀၅၅၃၆၃

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းမြို့၊ အမှတ်(၂)ရပ်ကွက်မှ ဦးကျော်သန်းဦး၏သမီး မခင်သဲစုအား မရွှေကြည်သွန်းဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏မိခင်အမည်အား ဒေါ်အေးအေးနွယ်မှ ဒေါ်အေးမြတ်သွယ်သို့ ပြောင်းလဲခေါ်ပါရန်။

မရွှေကြည်သွန်း၊ ဒေါ်အေးမြတ်သွယ်

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၇ဃ/၅၄၆၃၉၊ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်းရွှေ ၂/လကန(နိုင်)၀၅၀၄၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)

ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ မူလပြည်သာယာအကွက်အမှတ် ၁၉/က၊ ပြည်သာယာ၊ မြေကွက်အမှတ် ၅၀၊ ဧရိယာ ၀ဒသမ ၀၈၀ဧကရှိမြေကွက်သည် အရာခံဗိုလ်ညွှန့်မောင်အမည်ဖြင့် ၃၀-၁-၁၉၉၁ မှ ၂၉-၁-၂၀၂၁ အထိ နှစ် ၃၀ ဂရန်ရရှိပြီးနောက် ဦးဟန်ဌေး ၉/မထလ(နိုင်)၀၂၉၈၇၅ အမည်ဖြင့် ခရိုင်ရုံးအမှုတွဲအမှတ် ၃၃/၁၉၉၆-၉၇ အရ ၇-၆-၁၉၉၆ရက်တွင် အမည်ပြောင်းဂရန်ရရှိထားပြီး ဖြစ်ပါသည်။ ယခုအခါ ဦးဟန်ဌေးမှ ဂရန်မူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အမှတ်(၃)ရဲစခန်းတို့၏ ဂရန်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်နှင့်အတူ မြေငှားဂရန်မိတ္တူလျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိက ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့

မိဘအမည်မှန်

တောင်သာမြို့နယ်၊ အထက သံမဏိမှ မောင်ကျော်မျိုးထက်နှင့် ဘုရားလှ(ဘက)မှ မထက်ထက်ဝေတို့၏ မိဘအမည်မှန်မှာ ဦးဘိုတင်-ဒေါ်ဝင်းဝင်းအေး ဖြစ်ပါကြောင်း။

အမည်ပြောင်း

တောင်သာမြို့နယ်၊ တဲကြီးကုန်း မူလတန်းလွန်ကျောင်း ဆဋ္ဌမတန်းမှ ဦးသောင်းဘဏ်-ဒေါ်ဌေးဌေးလှိုင်တို့၏သား မောင်သောင်လှိုင်ဦးအား မောင်ဟိန်းသီဟဟု ခေါ်ဆိုပါရန်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြင်ဦးလွင်တွင် မြေဝယ်သူများ ဥယျာဉ်ခြံမြေများကို ပိုမိုစိတ်ဝင်စားလာ

ပြင်ဦးလွင် ဇွန် ၃၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် မြေဈေးနှုန်းများ မြင့်တက်မှုကြောင့် မြေဝယ်သူများအနေဖြင့် အချက်အချာကျသောနေရာကောင်းများအစား ဈေးနှုန်းသက်သာသည့် မြို့အနီးဝန်းကျင်မှ ဥယျာဉ်မြေများကို ပိုမိုစိတ်ဝင်စားဝယ်ယူလာကြကြောင်း သိရသည်။

"ကျေးရွာတွေမှာရှိတဲ့ ဥယျာဉ်ခြံမြေတွေက ဧကကျယ်ပြီး သီးပင်စားပင်တွေလည်းပါတယ်၊ တိတ်ဆိတ်အေးချမ်းတဲ့ နေရာတွေလည်းဖြစ်တယ်၊ တောင်သူတွေဘိုးစဉ်ဘောင်ဆက်ပိုင်လာတဲ့ မြေတွေဆိုတော့ ပိုင်ဆိုင်မှု အရှုပ်အရှင်းတွေလည်းကင်းတယ်၊ ဒါကြောင့် ဥယျာဉ်ခြံမြေတွေကို စိတ်ဝင်စားလာကြတာပါ"ဟု အိမ်ခြံမြေအရောင်းအဝယ်လုပ်သူတစ်ဦးက ပြောသည်။

ဥယျာဉ်ခြံမြေများမှာ ပြင်ဦးလွင်မြို့ပေါ်နှင့် အနည်းငယ် အလှမ်းဝေးသော်လည်း ကားဆိုင်ကယ်များဖြင့် သွားပါက နာရီဝက်မှ တစ်နာရီအတွင်း သွားလာနိုင်သော ကျောက်ချောလမ်းများရှိနေခြင်း၊ မြို့ပေါ် ရပ်ကွက်များရှိ မြေဈေးနှုန်းထက် များစွာသက်သာခြင်းတို့ကြောင့် လူကြိုက်များလာခြင်းဖြစ်ကြောင်းနှင့် ဝယ်ယူသူများအနေဖြင့် ရှုခင်းကောင်းပြီး အေးချမ်းဆိတ်ငြိမ်သော မြေကွက်များကို ပို၍ ကြိုက်နှစ်သက်ကြကြောင်းသိရသည်။ ပြင်ဦးလွင်မြို့သို့ မြန်မာနိုင်ငံအရပ်ရပ်မှ လာရောက်လည်ပတ်ရှုသာမက အိမ်ခြံမြေများကိုပါ ဝယ်ယူပိုင်ဆိုင်ထားမှုများကြောင့် မြို့ပေါ်ရှိမြေကွက်များမှာ ယခုနှစ်များအတွင်း ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥယျာဉ်ခြံမြေများကို ရောင်းချသူများအနေဖြင့်လည်း ဥယျာဉ်ခြံထွက် သီးနှံဈေးကွက်တွင် ပြည်ပမှတင်သွင်းသော သီးနှံများက ဈေးကွက်ယှဉ်ပြိုင်လာခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်မည့် လူငယ်လုပ်သားများ ရှားပါးလာခြင်းတို့ကြောင့် မိမိတို့ပိုင် ဥယျာဉ်ခြံမြေများကို ရောင်းချလာကြခြင်းဖြစ်ကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ညောင်ဦး၌ လွှဲပြောင်းပေးအပ်ပြီးစီး

ညောင်ဦး ဇွန် ၃၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရင်းမပျောက် မြစိမ်းရောင် စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပခဲ့သည်။

စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ညောင်ဦးမြို့နယ်မှ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများဖြစ်သည့် တက်မကျေးရွာအုပ်စု ဂုဏ်တောကျေးရွာ၊ ညောင်နီကျင်း ကျေးရွာအုပ်စု ခြေပူးကန်ကျေးရွာ၊ တောင်းဇင်ကျေးရွာအုပ်စု ညောင်လှကျေးရွာ၊ ဆင်သားမွေးကျေးရွာအုပ်စု ဖျောက်ဆိပ်ပင်ကျေးရွာနှင့် ကူတောကျေးရွာအုပ်စု ထောက်ဝကျေးရွာတို့အား ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ စီကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲသူရအောင် (ညောင်ဦး)

နောက်ကျမိုးရွာသွန်းမှုကြောင့် သာစည်မြို့နယ်တွင် မိုးဦးနှမ်းများအောင်မြင်

သာစည် ဇွန် ၃၀

သာစည်မြို့နယ်တွင် ဇွန်လနှောင်းပိုင်း နောက်ကျမိုးရွာသွန်းမှု စဉ်ဆက်မပြတ်ခဲ့သောကြောင့် မြို့နယ်အတွင်းရှိကျေးရွာများတွင် စိုက်ပျိုးထားသော မိုးဦးနှမ်းများ အောင်မြင်ဖြစ်ထွန်းလာကြောင်း သိရသည်။

သာစည်မြို့နယ်တွင် မိုးဦးနှမ်းကို တန်ခူး၊ ကဆုန်လတို့၌ အပြီးကြဲပက်စိုက်ပျိုးကြရာ ယခုနှစ်၌ နွေအပူရှိန်ပြင်းပြမှုကြောင့် အပင်များ ပျက်စီးခဲ့သဖြင့် နှမ်းစိုက်တောင်သူများအနေဖြင့် ၃ကြိမ်မြောက်အထိ မျိုးနှမ်းများဝယ်ယူစိုက်ပျိုးခဲ့ကြရသည်ဟု သိရသည်။ " နှမ်းရိတ်သိမ်းချိန်နဲ့ နှမ်းခါချိန်မှာ မိုးရွာမှာကိုစိုးရိမ်နေရပါတယ်၊ မိုးလေဝသရဲ့ ကြေငြာချက်သတင်း တွေမှာလည်း နောက်ပိုင်းမိုးကောင်းမယ်လို့ ကြေငြာထားတယ်လေ၊ နှမ်းထွက်ကောင်းမှ မိုးစပါးစိုက်ချိန်မှာ ရင်းနှီးငွေအနေနဲ့ ထည့်သုံးလို့ရမှာပါ၊ အစိုးရကပေးတဲ့ စိုက်ပျိုးစရိတ်ချေးငွေဆိုတာကလည်း တောင်သူတွေအဖို့စိုက်ပျိုးချိန်မှာမလုံလောက်ပါဘူး"ဟု နွားထိုးကျေးရွာမှ တောင်သူဦးမြင့်သိန်းက ပြောပြသည်။ မိုးဦးနှမ်းစိုက်ပျိုးမှုတွင် တောင်သူများအနေဖြင့် နှမ်းတစ်ပြည်ကို ငွေကျပ် ၃၅၀၀ ဈေးအထိပေးရကြောင်း၊ တစ်ဧကကို နှမ်းလေးပြည်ကြဲပက်စိုက်ပျိုးရကြောင်း၊ လယ်မြေပြုပြင်မှုအတွက် နွားသုံးရှဉ်း ငှားရကြောင်း၊ နွားတစ်ရှဉ်းကို ငွေကျပ် ၄၀၀၀ အထိပေး၍ငှားရကြောင်း၊ နှမ်းကြဲပက်ရန် လုပ်သားနှစ်ဦး ငှားရပြီး တဦးလျှင် လုပ်အားခ ငွေကျပ် ၁၅၀၀ ပေးရကြောင်း၊ နှမ်းတစ်ဧကအတွက်စိုက်ပျိုးစရိတ်ကုန်ကျငွေမှာ ကျပ်ငွေ ၄၀၀၀၀ အထိကုန်ကျကြောင်း နှမ်းစိုက်တောင်သူများထံမှ သိရသည်။

ယမန်နှစ်နှမ်းပေါ်ချိန်က နှမ်းတစ်တင်းကို ငွေကျပ် ၁၂၀၀၀ခန့်ဖြင့်သာ ပွဲရုံများက ဝယ်ယူကြပြီး ယခုနှစ်နှမ်းစိုက်ချိန်တွင် တောင်သူများက နှမ်းတစ်တင်းကို ငွေကျပ် ၄၅၀၀၀ အထိ ပေးဝယ်ကြရသဖြင့် အရှုံးပေါ်ခဲ့ကြောင်းလည်း တောင်သူများက ပြောကြသည်။

ဦးမောင်ကို

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

သတင်းတိုများ

မကွေးတိုင်းပြည်သူ့ဆေးရုံသို့ သွေးရည်ကြည်လှည့်စက်လှူဒါန်း

မကွေးမြို့၊ ရွာသစ်ပွဲကြိုရပ်ကွက်ရှိ မကွေးတိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီးတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက သွေးရည်ကြည်လှည့်စက်နှင့်ဆက်စပ်ပစ္စည်းများလှူဒါန်းပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေက သွေးရည်ကြည်လှည့်စက်နှင့် ဆက်စပ်ပစ္စည်းများအား ပေးအပ်လှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဦးကြည်က လက်ခံရယူခဲ့ပြီး ပေးအပ်လှူဒါန်းပွဲသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်း ခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးရုံကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

(မကွေး ပြန်/ဆက်)

မကွေးမြို့တွင် မိုးရာသီစိုက်ပျိုးပွဲတော်ကျင်းပ

မကွေးတိုင်းဒေသကြီး၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာနတို့ပူးပေါင်းမှုဖြင့် မိုးရာသီစိုက်ပျိုးပွဲတော်အား မကွေးမြို့၊ အထက(၃)ကျောင်းဝန်းအတွင်း ဇွန် ၂၄ ရက်က ကျင်းပခဲ့သည်။ စိုက်ပျိုးပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများအား ပျိုးပင်များပေးအပ်ခဲ့ပြီးနောက် စုပေါင်းစိုက်ပျိုးပွဲတော်ကျင်းပခဲ့ကြကာ အခမ်းအနားသို့ အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ သူနာပြုဆရာမများ၊ ကျောင်းဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်စိုက်ပျိုးခဲ့ကြသည်။ ထိုစိုက်ပျိုးပွဲတော်တွင် ပိတောက်ပင် ၁၇ ပင်၊ ရေတမာပင် ၃၇ ပင်၊ မယ်ဇယ်ပင် ၂၀ ပင်၊ သပြေပင် ၁၇ပင်၊ ယင်းမာပင် ၁၇ ပင်၊ ခရေပင် ၁၇ ပင်၊မယ်ဇလီပင် ၂၅၀ ပင်၊ ကျွန်းပင် ၁၅၀ ပင်၊ ယူကလစ်ပင် ၂၅၀ ပင်၊ စုစုပေါင်းသစ်ပင် ၇၇၅ ပင်စိုက်ပျိုးခဲ့ကြသည်။

(မကွေး ပြန်/ဆက်)

အုတ်ဖိုကျွန်းကျေးရွာတွင် အလက(ခွဲ)ကျောင်းဖွင့်

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် စမ်းအိုင့်ကျေးရွာအုပ်စု အုတ်ဖိုကျွန်းကျေးရွာတွင် အမှတ်(၁၃)အလက(ခွဲ)ကျောင်း ဖွင့်ပွဲအခမ်းအနားအား ဇွန် ၂၄ ရက်က အဆိုပါကျောင်းရှေ့တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လက်ထောက် ပညာရေးမှူးဦးချမ်းသာ၊ သရက်မြို့၊ အလက(၃)ကျောင်းအုပ်ဆရာကြီး ဦးအေးဝင်း၊ မြို့နယ်ပြည်ခိုင်ဖြိုးပါတီအလုပ်အမှုဆောင် ဦးမြင့်မောင်၊ စမ်းအိုင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က ကျောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထိုအခမ်းအနားသို့ စမ်းအိုင်ကျေးရွာအုပ်စုအတွင်းရှိ မူလတန်းကျောင်းများမှ ဆရာဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀ ကျော်တက်ရောက်ခဲ့ကြသည်။

(မကွေး ပြန်/ဆက်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ကာလိမြို့နယ်ခွဲရုံး
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းအမည်	လုပ်ငန်းတည်နေရာ
၁။	(၄၄×၂၄×၁၁)ပေ + (၃၂×၂၀×၁၁)ပေ အုတ်ညှပ်သွပ်မိုး တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း	ကာလိမြို့နယ်ခွဲ ပြန်/ဆက်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၆-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၅-၇-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဒုတိယညွှန်ကြားရေးမှူးရုံးခန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့။

၅။ အသေးစိတ်သိရှိလိုသည့်အချက်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၁၁၃၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၃၄၆၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/7052 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)
ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)တွင် (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁၃၂'×၄၅') တစ်လုံး (RC) ဆောက်လုပ်ခြင်း၊ အလုပ်ရုံတစ်ထပ် (၁၂၅'×၆၀') ဆောက်လုပ်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း (၂၀၂၁')အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ ရက် ညနေ ၄း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဥက္ကဋ္ဌ၊ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)၊ ဂန့်ဂေါမြို့ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ) ဖုန်း-၀၆၂-၅၀၄၆၁၊ ၀၉-၄၀၁၅၃၂၇၉၅ နှင့် ၀၉-၄၇၂၁၂၂၈၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစိုးရစက်မှုလက်မှုသိပ္ပံ (ဂန့်ဂေါ)

ပျောက်ဆုံးကြောင်း

ဦးအောင်ဟင် ၁၂/မဂတ(နိုင်)၀၆၉၆၃၆ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၆၄၁၁၉၂

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအား ဆင်းကတ်များထုတ်ပေး

လယ်ဝေး ဇွန် ၃၀

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ကျေးလက်ဈေးများရှိ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအား GSM ဖုန်းဆင်းကတ် ၅၀ ကို ဇွန် ၂၇ရက်က မဲစနစ်ဖြင့် ထုတ်ပေးခဲ့ကြောင်း သိရသည်။

လယ်ဝေးမြို့နယ်အတွင်းရှိ သဲကောကြီး၊ ဝက္ကမူ၊ ညိုပင်၊ ကူသပိတ် ကျေးရွာများရှိ ကျေးလက်ဈေးများမှ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးလှရှောင်နှင့် ဈေးဝန်ထမ်းများပါဝင်သော အဖွဲ့များက တန်ဖိုးနည်းဆင်းကတ်များအား မဲစနစ်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

တံတားဦးမြို့နယ်အတွင်း ပြန်လည်စွန့်လွှတ်မြေများ မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်

တံတားဦး ဇွန် ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းရှိ ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ပွဲအခမ်းအနားကို တံတားဦးမြို့နယ် (၃)ရပ်ကွက်ရှိ အင်းဝခန်းမတွင် ဇွန် ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားသည်။ ထို့နောက်ပြန်လည် စွန့်လွှတ်သည့်မြေများအား မူလပိုင်ရှင်များထံသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဦးမြင့်သန်းက ပေးအပ်သည်။

တံတားဦးမြို့နယ်အတွင်း မန္တလေးအပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းမြေအတွင်းရှိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အရှေ့ဘက်ခြမ်းတွင်ပါဝင်သည့် ပင်းယျကျေးရွာ အုပ်စုအတွင်းမှ ဧရိယာ ၄၁၄ ဒသမ၄၆ ဧက၊ စကားအင်းကျေးရွာအုပ်စုအတွင်းရှိ ဧရိယာ ၁၇၅၅ ဒသမ ၉၈ ဧက၊ သဲမောင်ကန်ကျေးရွာရှိ ၁၇၅၃ ဒသမ ၀၃ ဧက၊ ကန်ချောကျေးရွာအုပ်စုရှိ ဧရိယာ ၁၁၆၁ ဒသမ ၀၈ ဧက၊ သားများဘကျေးရွာရှိ ဧရိယာ ၈၃၅ ဒသမ ၀၈ ဧကတို့အား ယာယီလုပ်ကိုင်ခွင့်ပုံစံ(၃) များ ပေးအပ်သည်။ ယခုယာယီလုပ်ပိုင်ခွင့် ပုံစံ(၃) ထုတ်ပေးပြီး ၂ လ အကြာတွင် မြေပိုင်ဆိုင်ခွင့်ပုံစံ(၇) ကို ထုတ်ပေးမည်ဖြစ်ကြောင်းသိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင်နှင့် တံတားဦးမြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မူလမြေပိုင်ရှင်များ တတ်ရောက်ခဲ့ကြသည်။ **ရဲတင့်**

မြန်မာနိုင်ငံဓာတ်ပုံအသင်း (၁၄)ကြိမ်မြောက် မိုးရာသီအရောင်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံဓာတ်ပုံအသင်းက (၁၄)ကြိမ်မြောက် မိုးရာသီ ဒစ်ဂျစ်တယ်ကင်မရာနှင့် အပိုပစ္စည်းဈေးရောင်းပွဲတော်ကို ဇူလိုင် ၁၁ရက်မှ ၁၃ရက်အထိကျင်းပမည်ဟု သိရသည်။

"ဒီပွဲတော်ကျင်းပရတာက မြန်မာနိုင်ငံဓာတ်ပုံအသင်းဝင် အသင်းသားတွေရော ဓာတ်ပုံပညာကို လေ့လာဆည်းပူးနေတဲ့ သူတွေအတွက်ပါ ကင်မရာနဲ့ ဆက်စပ်ပစ္စည်းတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်လို့ရအောင် စီစဉ်တာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဓာတ်ပုံအသင်း အတွင်းရေးမှူးဦးသန်းထွန်းဦးက ပြောသည်။

ဈေးရောင်းပွဲကို အမှတ်(၂၇-၂၉)၊ ပထမထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်းရုံးခန်းတွင် ကျင်းပသွားမည်ဖြစ်သည်။ **ကိုဗလ**

ကျောင်းသားကျောင်းသူများအား ဗလာစာအုပ်များ လှူဒါန်း

မကွေး ဇွန် ၃၀

မကွေးမြို့နယ် ကြည်တစ်လုံးကျေးရွာရှိ မူလတန်းကျောင်းသားကျောင်းသူ ၉၀ အား တစ်ဦးလျှင် ဗလာစာအုပ် ၁ ဒါဇင်စီကိုလည်းကောင်း၊ မကွေးမြို့နယ် ကန်သာကျေးရွာရှိ မူလတန်းကျောင်းသား၊ ကျောင်းသူ ၄၅ ဦးအားတစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်စီကိုလည်းကောင်း မကွေးမြို့နယ် ပြည်ခိုင်ဖြိုးပါတီနှင့်အလှူရှင်များက ဇွန် ၂၃ ရက်က သွားရောက်ထောက်ပံ့ လှူဒါန်းခဲ့ကြပြီး မကွေးမြို့နယ်အတွင်းရှိအခြားသော ကျေးရွာများမှ ဆင်းရဲချို့တဲ့သည့် မူလတန်းကျောင်းများကိုလည်းသွားရောက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သတင်းတိုများ

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

၂၀၁၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက်က သထုံမြို့နယ်၊ ထောင်မှူးကျေးရွာအုပ်စု တံတားဦးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်ကျင်းပခဲ့ပြီး သထုံခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခွေမိုးအေးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ပျိုးပင်များကို ဖြန့်ဝေပေးအပ်ကြကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၅၀ တို့က ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ စိန်ပန်း၊ အာသောက စသည့်ပျိုးပင်ပေါင်း ၄၅၀ ကို သတ်မှတ်နေရာအသီးသီးတွင် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများအဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ သာစည်မြို့နယ်အတွင်းရှိ ဘွဲ့ခြားကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ်၊ ထနောင်းကန်မြောက်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် ဇွန် ၂၈ ရက်က အဆင့်မြှင့်တင်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**

လွှတ်တော်ဘတ်ဂျက်ရန်ပုံငွေအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေး

မြင်းခြံ ဇွန် ၃၀

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လွှတ်တော်ဘတ်ဂျက် သိန်း ၁၀၀၀ အတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မြင်းခြံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇွန် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ယခုဘဏ္ဍာရေးနှစ်အတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဖွဲ့စည်းခြင်းကို ဆောင်ရွက်ပြီး မြင်းခြံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ယခင်နှစ် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် လုပ်ငန်းများဆောင်ရွက်ထားရှိမှုများနှင့်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေအမှတ်(၉)ထုတ်ပြန်ထားရှိမှုကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့အတွင်းရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က ရပ်ကွက်ကျေးရွာများမှ တင်ပြထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြဆွေးနွေးပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့က ရေရရှိရေးလုပ်ငန်း၊ လမ်းနှင့်တံတားများ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြည်သူ့ဆန္ဒဖြင့်ဆောင်ရွက်လိုသော အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအား ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ လွှတ်တော်ကိုယ်စားလှယ်ရုံးတာဝန်ခံ ဦးတင်အောင်ညွန့်၊ မြို့နယ်ပြည်ခိုင်ဖြိုးအတွင်းရေးမှူး ဦးမိုးဇော်နှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

နှိုးဆော်လွှာ

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်တောက်ထိန်လမ်းတွင် ရဟန်းသံဃာတော်များကို ကျန်းမာရေးပြုစုစောင့်ရှောက်နိုင်ရန်အတွက် သံဃဘေသဇ္ဇဌာနဝိဟာရ (သံဃာ့ဆေးရုံ)ကို တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ရဟန်းသံဃာများ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးလျက်ရှိပါသည်။ ယခုအခါ ရဟန်းသံဃာတော်များနှင့် သီလရှင်များအား ပိုမိုထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် **ရွှေ**ဖောင်ဒေးရှင်း၏ မတည်လှူဒါန်းမှုနှင့်အတူ အများပြည်သူများ၊ ပျဉ်းမနားမြို့သူ မြို့သားများ၏ လှူဒါန်းမှုဖြင့် သံဃဘေသဇ္ဇဌာနဝိဟာရ (သံဃာ့ဆေးရုံ)ကို ခြောက်ထပ်အဆောက်အအုံဆေးရုံကြီးအဖြစ် တိုးချဲ့ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များအနေဖြင့် သံဃဘေသဇ္ဇဌာနဝိဟာရ (သံဃာ့ဆေးရုံ)တွင် လိုအပ်သော ဆွမ်း၊ ကွမ်း၊ ဆေးဝါး၊ ဝေယျာဝစ္စ၊ အလှူငွေများကို ထည့်ဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ရန်- ဦးမြင့်စိုး(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၃၂၁၂၉၊ ဦးမြင့်အောင် (ဒု-ဥက္ကဋ္ဌ-၁) ဖုန်း-၀၉-၈၃၀၁၃၆၅၊ ဒေါက်တာပေါ်မြင့်ဦး (ဒု-ဥက္ကဋ္ဌ-၂) ဖုန်း-၀၉-၈၃၀၀၈၇၂၊ ဦးအောင်ချို (အတွင်းရေးမှူး) ဖုန်း-၀၉-၈၃၀၃၀၈၉၊ ဦးအောင်ဆန်းဦး (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၈၃၀၀၄၃၄၊ ဦးလှမြင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၈၃၀၀၇၂၄၊ ဦးညီညီစိ(အဖွဲ့ဝင်) ဖုန်း-၀၉-၄၃၀၁၇၄၁၅၊ သံဃာ့ဆေးရုံ ဖုန်း-၀၆၇-၂၁၁၃၄၊ (CB ဘဏ် ပျဉ်းမနားAccount No 0334010096)သို့လည်း တိုက်ရိုက် ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ပူတူးမ(ခ)ဒေါ်နီလာ၏သမီး မအေးအေးမော် ၁၂/ပဘတ(နိုင်)၀၀၀၀၃၀ သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ငွေနှင့်ပတ်သက်သမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဖခင်အမည်မှန်

မိုးကုတ်မြို့အနောက်ပိုင်း၊ အထက ကျပ်ပြင်၊ အဋ္ဌမတန်း (E)မှ မအေးသီရိကျော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့် ၉/၀တန(နိုင်)၁၃၄၀၇၉ ဖြစ်ပါသည်။ **ဦးမျိုးမြင့်**

ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ အထက ကဗျူ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်သိန်းဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းနိုင် ၉/ကပတ(နိုင်)၀၇၄၈၃၄ ဖြစ်ပါကြောင်း။ **ဦးကျော်ဝင်းနိုင်**

ပျောက်ဆုံးခြင်း

ကျွန်တော် မောင်တင်ကိုဦး ၉/ရမသ(နိုင်)၁၁၁၅၆၈ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၂၆၇၃၈

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၄ယ/၅၆၇၀၈ ကမ်ဘိုယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ချို ၁၃/တကန(နိုင်)၀၃၆၁၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (တောင်ကြီး)**

အမည်ပြောင်း

ဦးစန်းယု ၁၃/ညရန(နိုင်)၀၀၄၈၀၀ ၏သား ညောင်ရွှေမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်သဲမောင်အား ယနေ့မှစ၍ မောင်ဟိန်းလင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းလင်းထက်**

ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီး၊ အထက၊ တက္ကသိုလ်ဝင်တန်း(င)မှ မမေသူထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆန်း ၉/ပသက(နိုင်)၀၇၈၅၁၃ ဖြစ်ပါကြောင်း။ **ဦးဝင်းဆန်း**

ဖခင်အမည်မှန်

ကျောက်ဆည်မြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(F)မှ မငွေးနန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၉/စကတ(နိုင်)၀၅၄၆၂၁ ဖြစ်ပါကြောင်း။ **ဦးနိုင်ဦး**

တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ နန္ဒင်းတောအုပ်စု၊ စည်းသာကျေးရွာနေ မောင်မျိုးမြင့်ဝင်း ၅/တဆန(နိုင်)၁၀၄၀၀၃ ၏ဖခင်အမည်မှာ ဦးကံချွန် ၅/တဆန(နိုင်)၀၃၄၇၉၁ နှင့် ဦးမောင်မြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၄၁၅၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

ရန်ကုန်တိုင်းဒေသကြီး ပအိုဝ်း(PA-OH)အမျိုးသားမွှာရုံ (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

ရန်ကုန်မြို့၊ တောင်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမ (အဂ္ဂမဟာပဏ္ဍိတ)အား ဦးထိပ်ပန်ဆင်၍ အမှတ် ၃၈၊ ဗဟန်း ၁လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ ပအိုဝ်း(PA-OH)အမျိုးသားမွှာရုံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်) ၆-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှစ၍ ကျင်းပမည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးခွန်မြင့်လွင် ဖုန်း-၀၁-၃၈၀၈၉၇၊ ပအိုဝ်း(PA-OH)အမျိုးသားမွှာရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပအိုဝ်း(PA-OH)အမျိုးသားမွှာရုံ
ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့
ဖုန်း-၀၁-၃၈၀၈၉၇

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးထွန်းဝင်း၊ ကျွန်မ ဒေါ်ဦးတို့၏သမီး မဇင်မာဦး ၁၃/ပလန(နိုင်)၀၆၉၄၂၉ သည် မိဘများအပေါ်တွင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိဘများတားမြစ်ထားသည့်ကိစ္စအား လုပ်ဆောင်၍ ၂၀-၆-၂၀၁၄ ရက်တွင် မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးထွန်းဝင်း-ဒေါ်ဦး
ရုံးဝင်းရပ်ကွက်၊ ပင်လောင်းမြို့
ရှမ်းပြည်နယ်(တောင်ပိုင်း)

ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း၊ အခန်း(B)နေ မောင်ဝင်းမင်းထွန်း၏ဖခင်အမည်မှန်မှာ ဦးဇေယျာမင်း ၉/ကပတ(နိုင်)၁၄၇၄၄၅ ဖြစ်ပါကြောင်း။ **ဦးဇေယျာမင်း ၉/ကပတ(နိုင်)၁၄၇၄၄၅**

ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (၉၉၀၀၀ိ-၁၀၀၀ိ-၁၀၄၀၀၀ိ) နေရာအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဂ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
- (ဃ) ၃၁-၇-၂၀၁၄ရက်တွင် အသက် (၂၈)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (င) ဝန်ထမ်းဖြစ်ပါက ၃၁-၇-၂၀၁၄ရက်တွင် အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
- (စ) မိမိတာဝန်ထမ်းဆောင်လိုသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး တည်ရှိရာဒေသတွင် အမြဲတမ်းနေထိုင်သူဖြစ်ရမည်။
- (ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဇ) လျှောက်လွှာကို ၃၁-၇-၂၀၁၄ရက်အရောက် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ ပေးပို့လျှောက်ထားရမည်။
- (ဈ) မိမိတို့လျှောက်ထားသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများရှိ စာစစ်ဌာနများတွင် ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများကို ခံယူရမည်။
- (ည) စာစစ်ဌာနများအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင်(မြိတ်)၊ ရှမ်းပြည်နယ်တွင်(တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး)၊ နေပြည်တော်တွင် (ဥတ္တရသီရိ)၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများက သတ်မှတ်သည့်စာစစ်ဌာနများတွင် ဖြေဆိုရမည်။
- (ဋ) ၂၃-၈-၂၀၁၄ရက် ရေးဖြေစာမေးပွဲဖြေဆိုရန်အတွက် ဗဟုသုတနှင့် အင်္ဂလိပ်စာ မေးခွန်းလွှာများကို နံနက် ၀၉း၀၀မှ ၁၂း၀၀နာရီထိလည်းကောင်း၊ မွန်းလွဲ ၁း၀၀နာရီမှစ၍ လူတွေ့စစ်ဆေးမေးမြန်းခြင်းကိုလည်းကောင်း ဖြေဆိုရမည်။
- (ဌ) စာမေးပွဲလာရောက်ဖြေဆိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်အား တစ်ပါတည်း ယူဆောင်လာရမည်။
- (ဍ) အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားနှင့် ခုံနံပါတ်များကို ၁၃-၈-၂၀၁၄ရက်မှ ၂၂-၈-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပေးမည်။

၃။ လျှောက်လွှာလျှောက်ထားရာတွင် အောက်ပါအချက်များပါဝင်ရမည်-
- (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးသက္ကရာဇ်နှင့်အသက်
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့် တက်ရောက်ခဲ့ဖူးသည့်သင်တန်း(အောင်မြင်သည့်ခုနှစ်)
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
- (စ) ဝန်ထမ်းဖြစ်လျှင် (လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန)
- (ဆ) ဆက်သွယ်ရန်လိပ်စာ၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ဖော်ပြရမည်။
- (ဇ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲတင်ပြရမည်-
  - တစ်လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
  - ဘွဲ့လက်မှတ်မိတ္တူမှန်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူမှန်
  - ပြင်ပပုဂ္ဂိုလ်ဖြစ်က အလုပ်သမားမှတ်ပုံတင်လက်မှတ်မိတ္တူမှန်၊ သုံးလအတွင်း ရရှိထားသော သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း

၄။ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ စီမံနှင့်ဝန်ထမ်းရေးရာဌာန၊ ရုံးအမှတ် (၂၂)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားနိုင်သည်။ အခြားဒေသရှိ ဝန်ထမ်းများသည် သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် မိမိ တာဝန်ထမ်းဆောင်လိုသည့် နေရာဒေသရှိ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ပေးပို့လျှောက်ထားရမည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသောလျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ စီမံနှင့် ဝန်ထမ်းရေးရာဌာန၊ ဖုန်း-၀၆၇-၄၀၄၂၃၄၊ ၄၀၄၂၀၈တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ရုံးအမှတ်(၂၂)၊ နေပြည်တော်

အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၅)၊နယ်မြေ(၄)၊ ၅၀၇ တပ်လမ်းနေ ဦးထွန်းရွှေ ၉/ပသက(နိုင်) ၀၁၃၁၁၃၏ သမီး မသင်းသင်းစမ်းခိုင်(ခ)မသူသူချို ၁၃/လရန(နိုင်)၁၅၄၇၁၄ အား မသူသူချိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသူသူချို ၁၃/လရန(နိုင်)၁၅၄၇၁၄

ဖခင်အမည်မှန်

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ဟိုပန်မြို့ (အထက)စတုတ္ထတန်းနေ စိုင်းကွမ်းဆိုင်နှင့် သတ္တမတန်းနေ နန်းခမ်းစိန်တို့၏ ဖခင်အမည်မှန်မှာ ဦးအိုက်စိုင်း ၁၃/ဟပတ(နိုင်) ၀၀၁၇၆၃ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၄၅၇၃၇ HONDA C 90 Custom CMV, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအေး ၅/ဝလန(နိုင်)၀၀၂၉၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ဃ/၄၆၅၂၂ V Anbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြည် ၉/မရတ(နိုင်)၀၇၀၂၂၉က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၃ဃ/၇၉၆၉၇၊ Yamaha Fino 125 ယာဉ်လက်ဝယ် ရှိသူ ဒေါ်ကျော့ကျော့ ၉/ကဆန(နိုင်) ၁၁၆၂၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၇)၊ ဦးပိုင်အမှတ် ၁၀၄၊ ၅၃×၅၄ ကြား၊ အနော်ရထာနှင့် ဘုရင့်နောင်ကြားရှိ ဒေါ်စက်မေအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်စက်မေထံမှ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၂၀၈၆/၂၀၁၃)ဖြင့်ဝယ်ယူခဲ့သူ ဦးမြထွေး ၉/ခမစ(နိုင်) ၀၀၁၃၃၅ မှ မြေချစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ ဂရန်သစ်/အမည်ပြောင်း(အခွန်)ဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်။

(က)		**Fax Machine နှင့် Automatic Strapping Machine**	**2-Items**
	(၁)	Fax Machine	48-Nos
	(၂)	Automatic Strapping Machine	3-Nos
(ခ)		125W HF Transceiver	7-Nos
(ဂ)		Fax Paper Roll	2000-Rolls
(ဃ)		Kaspersky Internet Security CD 3 User For 1 Year (2013)	120-Nos
(င)		Calculator(16 Digit)	100-Nos
(စ)		**Marker Board, Smart Board Colour Printer**	**3-Items**
	(၁)	Roll Around Marker Board	1-No
	(၂)	Smart Board 885 i x 2	2-Nos
	(၃)	Inject Colour Printer	1-No
(ဆ)		(2+0) Gbe IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	88-Hops
(ဇ)		Solar System	2-Sets
(ဈ)		**ရုံးသုံးပရိဘောဂ**	**9-Items**
	(၁)	စားပွဲ(T-1001) (ကျွန်း/သုံးထပ်သား) (6'x4'x2'.6")	10-Nos
	(၂)	စားပွဲ(T-1002) (ကျွန်း/သုံးထပ်သား) (5'x3'x2'.6")	10-Nos
	(၃)	စားပွဲ(T-1003) (ကျွန်း/သုံးထပ်သား) (5'x3'x2'.6")	20-Nos
	(၄)	စားပွဲ(T-1004) (ကျွန်း/သုံးထပ်သား) (4'8"x2'6"x2'.6")	40-Nos
	(၅)	လက်တင်မဲ့ကုလားထိုင်(C-1156) (ကျွန်း/ကြိမ်ထိုး) (1'5"x1'6"x1'.6")	40-Nos
	(၆)	လက်တင်ပါကုလားထိုင်(C-1076) (ကျွန်း/ကြိမ်ထိုး) (1'10"x2'.1½"x1'.6")	40-Nos
	(၇)	ဖိုင်တင်စင်(လေးဆင့်/ကျွန်း) (3"x1'.2"x2'.3"x4")	30-Nos
	(၈)	ကောင်တာကုလားထိုင်(ကျွန်း) (19"x18¼"x54")	8-Nos
	(၉)	File Rack [914 (W)x457(D)x940(H)]	10-Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၈-၇-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန **www.mict.gov.mm Website** နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁/ ၀၁-၃၈၄၇၂၂

ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(၈)၊ အဋ္ဌမတန်း (က)တွင် ပညာသင်ကြားနေသော မောင်ဇော်မင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးရန်ဝင်းချော် ဖြစ်ပါသည်။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (C)မှ မသက်နိုးလွင်(ခ)နိုးနိုး၏ ဖခင်အမည်မှန်မှာ ဦးလွင်(ခ)ဦးကိုကိုလွင် ၁၂/တကန(နိုင်)၀၇၅၉၁၂ဖြစ်ပါကြောင်း။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၄)၊ ဦးပိုင်အမှတ် (၁၇၂)၊ ၆၄×၆၅ကြား၊ အောင်မင်္ဂလာလမ်းရှိ ဦးဘိုအမည်ဖြင့် ချထားပေးသော မြေကွက်၏အရှေ့ဘက်ခြမ်းအား ဦးမျိုးဝင်း ၉/မတလ(နိုင်)၀၆၇၀၆၄မှ မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်/အမည်ပြောင်း(အခွန်)ဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဘီ၊ မြေကွက်အမှတ် ၂၃၉၊ မြေကွက်တည်နေရာအမှတ် ၃၆၊ ၆လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်ခင်မြင့်ကြူ အမည်ပေါက် နှစ် ၆၀ဂရန်မြေအားအမည်ပေါက်ဒေါ်ခင်မြင့်ကြူ ၁၃/တယန(နိုင်)၀၁၆၂၈၉က ဂရန်တင်ပြ၍ အဆောက်အဆုံဆောက်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ် ၁၂၉/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၉/ခ၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးအေးမောင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအေးမောင် ကွယ်လွန်သဖြင့် ဒေါ်စန်းရီ ၁၂/ဥကတ(နိုင်)၁၂၁၃၀၀က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၅၂၂၇(၂၀-၂-၂၀၁၄)ဖြင့်လွှဲအပ်ခံရသူ အထွေထွေ ကိုယ်စားလှယ် ဒေါ်နီနီသိန်း ၁၂/ကတတ(နိုင်) ၀၁၄၈၉၄မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃၀၀၅(၂၇-၂-၂၀၁၄)ကို တင်ပြ၍ ခိုင်လုံသောအထောက်အထား များဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်ခိုင်(ခ)ဦးတင်မြင့် ပါ မောင်နှမရှစ်ဦး၏ ဖခင်ဖြစ်သူ ဦးကြည်အမည်ပေါက် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ (၁၈)ကွက်၊ ကျောက်တောင်ရပ်တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၂၀/၁၂၆)၊ မြေကွက်အမှတ်(၁၈)၊ အကျယ်အဝန်းဧရိယာ ၀ ဒသမ ၁၀၂ ဧကရှိ ဂရန်မြေ၊ ဖခင် ဦးကြည်အမည်ပေါက် ဂရန်စာရွက်စာတမ်းမူရင်း ပျောက်ဆုံးနေပါသဖြင့် အဆိုပါဂရန်မိတ္တူမှန် လျှောက်ထားမည်ဖြစ်ပါသောကြောင့် အထက်ပါ ဦးကြည်အမည်ပေါက်ဂရန်မိတ္တူမှန်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နော်ဆာဝါးထူး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၀၅၉၆)
တ-အ-လ(၁)၊ သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၄၀၂၅၁၀၈၁၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန
ရေပုပ်စုပ်ယာဉ်ငှားရမ်းအသုံးပြုဝန်ဆောင်မှုလုပ်ငန်းအား
ပုဂ္ဂလိကလုပ်ငန်းအဖြစ်လွှဲပြောင်းဆောင်ရွက်ရန်
တင်ဒါခေါ်ယူခြင်း

၂။ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် လူစီးရထားများ၏ လက်မှတ်များအား ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ် (Computerized Ticketing System)ဖြင့် ကနဦးအဓိကဘူတာကြီး ၁၅ ဘူတာတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို သုံးနှစ်ခွင့်ပြုစာချုပ် ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်ပါသည်။တင်ဒါစာအိတ်များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ စီးပွားရေးဌာန မြန်မာ့မီးရထားရုံးချုပ်(နေပြည်တော်ဘူတာကြီး)သို့ ၁၄-၇-၂၀၁၄ ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ ပေးပို့သွားကြရန်နှင့် နောက်ကျပေးပို့လာသည့် တင်ဒါစာအိတ်များကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၃၀၀၀၀ိ/-ဖြင့် ၃၀-၆-၂၀၁၄ ရက်မှစ၍ မြန်မာ့မီးရထား၊ စီးပွားရေးဌာန (နေပြည်တော်ဘူတာကြီး)နှင့် မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ်(၇) တိုင်း-ရန်ကုန်ရုံး၊ ရန်ကုန်ဘူတာကြီးတို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၈၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ ကော့စတစ်ဆိုဒါစက်ရုံစီမံကိန်း(သထုံ)အတွက် Motor Cycle (3) Nos ကို စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုပါက စီမံရေးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၉၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ် ရက်မှာ ၂၈-၇-၂၀၁၄ရက် ညနေ ၄း၀၀နာရီဖြစ်ပါသည်။

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

ဖခင်အမည်မှန်

မိုးကုတ်မြို့၊ အနောက်ပိုင်း၊ အထကကျပ်ပြင်၊ ကျောင်းဝင်အမှတ်(က-၇၄၇၇) တက္ကသိုလ်ဝင်တန်း(D)မှ မဇင်နှင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဘိုဝင်း ၉/မကန(နိုင်)၁၂၈၀၂၄ ဖြစ်ပါသည်။ **ဦးဘိုဝင်း**

ဖခင်အမည်မှန်

မိုးကုတ်မြို့၊ အနောက်ပိုင်း၊ အထကကျပ်ပြင်၊ ကျောင်းဝင်အမှတ်(က-၇၄၇၄) တက္ကသိုလ်ဝင်တန်း(B)မှ မဖြူဖြူသော်၏ ဖခင်အမည်မှန်မှာ ဦးမင်းအေး ၉/မကန(နိုင်)၀၇၄၉၀၀ဖြစ်ပါကြောင်း။ **ဦးမင်းအေး ၉/မကန(နိုင်)၀၇၄၉၀၀**

ရေဦးမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ် သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားလွှာ

ရေဦးမြို့နယ်အသင်း(ရန်ကုန်)မှ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ သက်ကြီးပူဇော်ပွဲကျင်းပခြင်းနှင့် နှစ်ပတ်လည် အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇူလိုင် ၅ရက်(စနေနေ့)နံနက် ၉နာရီတွင် ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ မိုးညှင်းဝိပဿနာတိုက်သစ်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ရေဦးမြို့နယ်သူ မြို့နယ်သားများတက်ရောက်ကြပါရန်နှင့် တက်ရောက်မည့် အသက်(၈၀)နှင့်အထက် အသင်းဝင် အဘိုးအဘွားများ၏ အမည်စာရင်းများကို ၃-၇-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ပါအမှုဆောင်များထံစာရင်းပေးပို့ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လှူဒါန်းလိုသော ပစ္စည်းများနှင့် အလှူငွေများကိုလည်း အောက်ဖော်ပြပါ အမှုဆောင်များထံ ပေးပို့လှူဒါန်းနိုင်ပါသည်။

ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)	ဖုန်း-၂၄၆၅၅၁
ဦးသန်းနွဲ့	ဖုန်း-၆၆၁၇၂၆
ဦးဘအုပ်	ဖုန်း-၇၀၃၃၄၁
ဦးမြ	ဖုန်း-၀၉-၂၅၄၄၁၀၈၄
ဦးသိန်းထွန်း	ဖုန်း-၀၉-၅၀၄၃၇၆၅

အမှုဆောင်အဖွဲ့

U Win Min Tun
B.A Korean (Y.U.F.L)
ကိုရီးယားဘာသာ
(၁၀-၇-၂၀၁၄)ရက်နေ့စတင်မည်။

PIONEER
ပိုင်ဘိုင်းဖုန်းသင်တန်းကျောင်း
SPECIAL PROMOTION 50% OFF
-HARDWARE 30000 KS → 15000 -SOFTWARE 30000 KS → 15000
All DATA 1000GB FREE • SPECIAL JOB TRAINING
09 31452059 / 09 5121467

"အခဆောင်ကောင်း"
14-7-2014 ည 11:23 မိနစ်တွင် စိမ့်ရှုလိုက်ပါ။
Ph- 09-513-0974, 09-73205028, 573600 Ext-115,
01-705070, www.mgktm.com
Hypermark Ph-09-8631222

umg college
HND
HIGHER NATIONAL DIPLOMA
edexcel
Approved Centre
IGCSE / GCE O-Level
Foundation Course
UMG COLLEGE မှ ဖွင့်လှစ်မည့် HND အင်ဂျင်နီယာ သင်တန်းများ
- Mechanical Engineering
- Electrical and Electronic Engineering
- Civil Engineering
(Construction and the Built Environment)
UK, Australia, Singapore
Top-up Course
B.E
B.Sc (Hons) Engineering
www.facebook.com/umgcollege
website : www.umgroups.com

UMG College - ဖုန်း- 09 8631823, 09 73036488, 09 450054311, 01 215678-9, 01-2301580-1 (Ext.216, 219)

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ဝါဆိုသင်္ကန်း အလှူတော်မင်္ဂလာများနှင့် သံဃာတော်များအတွက် ဝိနည်းတော်နှင့်ညီသည့် လှူဖွယ်ပစ္စည်းမျိုးစုံ တစ်နေရာတည်းပြီးပြည့်စုံစွာ ဝယ်ယူရရှိနိုင်သည့် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးက

အလှူရှင်များအတွက် တစ်ခုတည်းသော ဈေးဝယ်စင်တာ (One-Stop Donor Mart)

မြန်မာဘစ်ရှော့စင်တာ အရောင်းဆိုင်များ

"မြန်မာဘစ်ရှော့ ဈေးဝယ်စင်တာ"

နေ့စဉ် နံနက်(၉)နာရီမှ ည(၁၀)နာရီထိ ပိတ်ရက်မရှိ

ဇောတိကသင်္ကန်း ပင်ရင်းဆိုင်ခွဲ အမှတ်(၁၀)

ဝါဆို အထူးဈေးရောင်းပွဲတော်

အခုကြောင်းကြား... (လုံး၀) မရှောင်းပါ

၂။ Myanmar Handicraft Shop ✧ ကျောက် ကြေး သစ်သား ဒုဋ္ဌင်းတုတော်အမျိုးမျိုး ...

၃။ Big Shops Supermart ✧ ...

၄။ Tha Aung Bookstore ✧ ...

၅။ Beauty All - Fashion Corner ✧ ... (Men & Ladies) ၆။ Healthy All Pharmacy ✧ ...

အမှတ်(၇၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၇၄၇၀၊ ၃၇၇၄၇၃၊ ၅၅၂၀၂၂၊ ၅၅၉၂၂၃ E-mail : mbssmart@gmail.com

---

ပေး၍မကုန်လှူ၍မခန်း ဇောတိကသင်္ကန်း

ဇောတိက

REG 14/96

ထိန်း၊ ၀ရိတ္တရာတိုတ်

"ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု" ဝိနည်းတော်သည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ပါသည်။

သွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကို စီမံ ထုတ်လုပ် ဆောင်ရွက်ရာတွင်လည်းကောင်း၊ လှူဒါန်းရာတွင်လည်းကောင်း ဗုဒ္ဓ၏ လမ်းညွှန်ကား အတိုင်း အတိအကျ လိုက်နာဆောင်ရမည်မှာ ဗုဒ္ဓဘာသာဝင် ဒါယကာဒါယိကာတို့၏ အဓိကတာဝန်တစ်ရပ် ဖြစ်ပါသည်။ သင်္ကန်းမရိုက္ခရာ လှူဒါန်းခြင်းသည် ဝိနည်းဒေသနာတော်အရ လှူဒါန်းခြင်း ဖြစ်ပါသည်။ သင်္ကန်းလျာဝိတ်၊ ရွေးချယ်ခြင်း၊ ဆေးဆိုးခြင်း၊ သင်္ကန်းလျာဝိတ်၊ ဖြတ်တောက်ခြင်း၊ သင်္ကန်းချုပ်လုပ်ခြင်း၊ လှူဒါန်းခြင်း၊ သင်္ကန်းဝတ်ခြင်းစသည့် ကိစ္စရပ်အားလုံးတို့သည် ဝိနည်းကိစ္စများပင် ဖြစ်ပါသည်။ Email: contact@zawtika.com Website: zawtika.com

၂၀၁၄ ခုနှစ် ဇောတိက ပင်ရင်းဆိုင်ခွဲသစ်များ

ဆက်သွယ်စုံစမ်းမေးမြန်းရန် - ၃၇၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်း။ ဖုန်း - ၀၁ ၃၈၀၅၇၁၊ ၃၈၀၅၇၇၊ ၃၇၀၇၉၂၊ ၃၈၀၅၄၁၊ ၈၆၀၃၁၂၉

- **ဇောတိက (မ / ဥက္ကလာ)** ဒေဝသီလမ်း၊ မ/ဥက္ကလာ(ဈ)ဈေးအနီး၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၉
- **ဇောတိက (အင်းစိန်)** အမှတ်(၉)၊ လှိုင်မြစ်ကမ်းလမ်း၊ အင်းစိန်ဈေးကြီးရှေ့၊ အင်းစိန်မြို့နယ်။ ဖုန်း ၀၉ ၃၃၅၇၅၂၀၂
- **ဇောတိက (ဘုရင့်နောင်)** သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ်။ (သမိုင်းခုံကျော်တံတား နှင့် ဘုရင့်နောင်တံတားကြား)။ ဖုန်း ၀၉ ၃၂၂၀၂၂၀၂၈
- **ဇောတိက (သိမ်ကြီးဈေး)** ၅၇၊ ကုန်ဈေးတန်းလမ်း၊ သိမ်ကြီးဈေးအနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၉၃၅၃
- **ဇောတိက (မြေနီကုန်း)** တိုက် (၁၇-အေ)၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၇
- **ဇောတိက (တ / ဥက္ကလာ)** (၁၄၅/က)၊ ပါရမီလမ်း၊ ပါရမီအဝေးပြေးရှေ့၊ တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၆၃၂၆၇
- **ဇောတိက (အောင်မင်္ဂလာ)** အဆောင်(တ)၊ အခန်း(၄)၊ အောင်မင်္ဂလာ အဝေးပြေးဝင်း၊ မ/ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉ ၃၃၁၆၆၄၂၃

၂၀၁၄ ခုနှစ် ဇောတိကအမှတ်တံဆိပ် ဝါဆိုသင်္ကန်းဈေးနှုန်းများ

[illegible] L ဆိုဒ် (မိုးမိုး)	၉၅၀၀	[illegible] L ဆိုဒ် (ကြွက်ခဲ)	၁၈၀၀၀	[illegible] (ဘီ) L ဆိုဒ် (ကြွက်ခဲ)	၃၀၀၀၀	"အဆင့်မြင့် အထူးပေါ်ပြူလာ ဝါဆိုသင်္ကန်းများ"	
[illegible] L ဆိုဒ် (မိုးမိုး)	၁၁၀၀၀	[illegible] L ဆိုဒ် (ကြွက်ခဲ)	၂၀၀၀၀	[illegible] L ဆိုဒ် (ကြွက်ခဲ)	၃၅၀၀၀	ဒုမ်ပင်း 999 [illegible] L ဆိုဒ် (ကြွက်ခဲ)	၄၅၀၀၀
[illegible] L ဆိုဒ် (ကြွက်ခဲ)	၁၃၀၀၀	[illegible] L ဆိုဒ် (ကြွက်ခဲ)	၂၀၀၀၀	[illegible] L ဆိုဒ် (ကြွက်ခဲ)	၃၅၀၀၀	ဒုမ်ပင်း CCC [illegible] L ဆိုဒ် (ကြွက်ခဲ)	၆၀၀၀၀
[illegible] L ဆိုဒ် (ကြွက်ခဲ)	၁၅၀၀၀	[illegible] L ဆိုဒ် (ကြွက်ခဲ)	၂၂၀၀၀	[illegible] L ဆိုဒ် (ကြွက်ခဲ)	၃၅၀၀၀	ဒုမ်ပင်း GGG [illegible] L ဆိုဒ် (ကြွက်ခဲ)	၉၀၀၀၀
[illegible] L ဆိုဒ် (ကြွက်ခဲ)	၁၈၀၀၀	[illegible] (ဘီ) L ဆိုဒ် (ကြွက်ခဲ)	၂၂၀၀၀	[illegible] (ဘီ) L ဆိုဒ် (ကြွက်ခဲ)	၃၅၀၀၀	ဒုမ်ပင်း AAA [illegible] L ဆိုဒ် (ကြွက်ခဲ)	၉၀၀၀၀
[illegible] L ဆိုဒ် (ကြွက်ခဲ)	၁၈၀၀၀	[illegible] (ဘီ) LL ဆိုဒ် (ကြွက်ခဲ)	၃၀၀၀၀	[illegible] (ဘီ) LL ဆိုဒ် (ကြွက်ခဲ)	၃၀၀၀၀	[illegible]	၁,၀၀၀,၀၀၀

ဇောတိက သင်္ကန်းများကို မြတ်ဗုဒ္ဓ၏လမ်းညွှန်ချက် ဝိနည်းတော်လာအတိုင်း အတိအကျ ချုပ်လုပ်ထားပါသည်။

ပစ္စည်းအမျိုးအစား၊ အလျား၊ အနံ၊ ဝိနည်းတော်နှင့် ညီညွတ်ခြင်းမရှိပါက ဝယ်ယူသည့်တန်ဖိုး (၃) ဆပြန်ပေးပါမည်။

ဇောတိက (၁) ... **ဇောတိက (၂)** ... **ဇောတိက (၃)** ... **ဇောတိက (၄)** ... **ဇောတိက (၅)** ... **ဇောတိက (၆)** ... **ဇောတိက (၇)** ... **ဇောတိက (၈)** ... **ဇောတိက (၉)** ... **ဇောတိက (၁၀)** ...

အကောင်းဆုံးအရည်အသွေး၊ ညီမျှတဲ့ဈေးနှုန်း၊ နာမည်ကြီးတဲ့အမှတ်တံဆိပ်၊ အနှစ်သာရရှိတဲ့အလှူ ၊ ထို(၄)မျိုး ပြည့်စုံကြသူအလှူရှင်များ... အဓိကထား။

ကမ္ဘာ့အဆိုးတန်းသစ်မွေး

ရိုတ်နည်း၊ မျိုးနည်း

ဝင်းသော်ဇော်မျိုး 09-5117226

ဟိုးဟိုးကျော်

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ် ၁၁၁၊ ၇၀×၇၁လမ်းကြား၊ ငုရွှေဝါ ဇလပ်ဝါလမ်းကြားရှိ ဒုအရာခံဗိုလ်မောင်ငြိမ်းအမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးမောင်တိုး၊မိခင်ဒေါ်မိနှင့် သားဖြစ်သူ ဦးမောင်ငြိမ်း(လူပျိုကြီးဘ၀) တို့ အသီးသီး ကွယ်လွန်ပြီး (ဦးမောင်တိုး)၏ညီဖြစ်သူ ဦးမောင်ခိုး (ခ) ဦးခိုသည် ဒေါ်လှ၀င်းနှင့် အိမ်ထောင်ပြု၍ သမီး မနန်းရွှေကြည်ကို မွေးဖွားခဲ့ပါသည်။ ဖခင်ဦးမောင်ခိုး(ခ)ဦးခို၊ မိခင်ဒေါ်လှ၀င်းတို့လည်း အသီးသီး ကွယ်လွန်၍ (သမီး/ညီမ)ဖြစ်သူ ဒေါ်နန်းရွှေကြည် ၉/မရမ(နိုင်)၀၀၆၀၀၈က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇ၀င်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

သွာနုတ္တသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ နယ်မြေ(၄)နေ ကျွန်မ ဒေါ်ခင်ကြည်(ဘ)ဦးပုကြီး ၉/တကန(နိုင်)၀၈၉၀၄၄၏ သား/သမီးများအနက် သမီးဖြစ်သူ တပ်ကုန်းမြို့နယ်၊ခရမ်းစပ်ကုန်းရွာနေ မသက်သက်ဝင်း ၉/တကန(နိုင်)၀၀၁၈၆၂သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သည့် ကိစ္စမျိုးပြုလုပ်သည့်အပြင် မိခင်ကို ရန်သူ သဖွယ်ပြုမူခြင်း၊ ရိုင်းပျစွာ ပြောဆိုဆက်ဆံခြင်း၊ မိခင်အားစိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်ခြင်း၊ မိခင်ကြီးနှင့် မိသားစုအပေါ် မမှန်မကန် စွပ်စွဲတိုင်ကြားခြင်းများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ မသက်သက်ဝင်းအား အမွေစားအမွေခံ ထိုက်သူမဟုတ်သော သွာနုတ္တသမီးအဖြစ် သတ်မှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍မည်သည့်ကိစ္စအ၀၀ကိုမျှ တာ၀န်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ခင်ကြည်
၉/တကန(နိုင်)၀၈၉၀၄၄

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၄၇၄၅၊ ISUZU Troper S/W ယာဉ်လက်ဝယ်ရှိသူ ဦးသီဟသူရ ၁၂/မရက(နိုင်)၀၀၁၁၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ကြော်ငြာများ ကြော်ငြာများ ကြော်ငြာများ

ရွှေပြည်ဟိန်း ... ဇူလိုင်လ၊ ၁၉-၂၀၊ (၁၇)ကြိမ်မြောက် ...

... KBZBank(AccountNo.00730200701690301) ...

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Z/၊ မြေကွက်အမှတ်V၁၅၄၊ မြေကွက်တည်နေရာအမှတ် ၁၀၄၊ ၁၄လမ်း၊ လမ်းမတော်မြို့နယ်၊ Chin Ngwan Peng အမည်ပေါက်နှစ် ၃၀ဂရန်သက်ကုန်မြေအား မြေအမည်ပေါက်သည် ၂၄-၇-၁၉၉၇တွင် COMMON WEALTH OF PENNSYLAVANIA ၌ ကွယ်လွန်သည့် သေစာရင်း၊ ၎င်း၏ ခင်ပွန်းလီစစ်ဟောင်၏ ၁၅-၈-၁၉၇၅ သေစာရင်း၊ ၎င်းတို့၏သမီး ဒေါ်လီလီခင်၏ ၉-၁၁-၁၉၈၈ သေစာရင်း၊ ဒေါ်လီလီခင်၏ ခင်ပွန်း ဦးမျိုးခင်၏ ၁၈-၁-၂၀၀၈ သေစာရင်း၊ ကျမ်းကျိန်လွှာများ၊ UCC (နိုင်ငံသားပြုလက်မှတ်)များ၊ ဂရန်မူရင်းတို့နှင့်အတူ ဦးနေဝင်းခင် ၁၂/အစန(နိုင်)၁၅၉၀၂၄၊ ဒေါ်တင်မေခင်(ခ)လင်ဒါခင် ၁၂/လမတ(နိုင်)၀၁၅၅၆၉၊ ဦး တင်အေးခင်(ခ) ချာလီခင် ၁၂/ဗတထ(နိုင်)၀၂၈၉၇၂၊ ဒေါ်မိုမို့ခင် ၁၂/အလန(နိုင်)၀၀၃၀၈၃၊ ဦးတင်ဝင်းခင် ၁၂/မရက(နိုင်)၁၂၁၉၂၉တို့ ကိုယ်စား၎င်းတို့မှ အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးနေဝင်းခင်က မြေအမည်ပေါက်၏ မြေးများတော်စပ်ကြောင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အခန်းကျယ်အမြန်ရောင်းမည်

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

Private ကျောင်း၊ ဘဏ်၊ Show Room၊

ရုံးခန်းဖွင့်ရန် အထူးသင့်လျော်

မော်လမြိုင်မြို့၏ အချက်အချာနေရာကောင်း

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၃၅၆၇၈

ရွှေပြည်တံခွန်တယ်လီကွန်းအများပိုင်ကုမ္ပဏီလီမိတက်နှင့် ဆက်သွယ်ဆောင်ရွက်နေသူများသို့ အသိပေးကြေညာခြင်း

ရွှေပြည်တံခွန်တယ်လီကွန်း အများပိုင်ကုမ္ပဏီလီမိတက်၏ မင်းဓမ္မအိမ်ရာရှိ ရုံးချုပ်တွင် ကုမ္ပဏီဆိုင်ရာငွေသွင်း/ငွေထုတ်ခြင်းလုပ်ငန်းများကိုပါ လက်ခံဆောင် ရွက်နေရာမှ ယခုအခါ အောက်ဖော်ပြပါရုံးခွဲ၌-

(က) ဘဏ္ဍာရေးဆိုင်ရာကိစ္စအရပ်ရပ်အတွက် ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း၊

(ခ) ငွေထုတ်ယူခြင်းကိစ္စအတွက် ဗုဒ္ဓဟူးနေ့တိုင်း (ရုံးပိတ်ရက်နှင့် တိုက်ဆိုင်ပါကကပ်လျက်ရုံးဖွင့်ရက်) ရုံးချိန်အတွင်း ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေး ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်

အမှတ် ၁၄၊ လောကနတ်အိမ်ရာ၊ ပါရမီလမ်း၊ ၁၂ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၅၄၇၉၇

ဘဏ္ဍာရေးဌာန
ရွှေပြည်တံခွန်တယ်လီကွန်းအများပိုင်ကုမ္ပဏီလီမိတက်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ ခရေလမ်း၊ မြေကွက်အမှတ် ခ/၂၄၊ အကျယ်အဝန်း (၄၀' × ၆၀')၊ ဧရိယာ ဝဒသမ၀၅၅ ဧကရှိ ၂၅နှစ် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ထားသူ မရူပါဇော်ဝင်း[အုပ်ထိန်းသူမိခင် ဒေါ်သန်းသန်းဦး ၁၂/ဒဂတ(နိုင်)၀၃၆၅၄၅]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကိုပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုတစ်စုံ တစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

(သန်လျင်)ဦးထွန်း — LL.B, C.B.L, D.B.L, D.M.L, D.I.L, D.A.Psy — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၃)**

ဦးအောင်ကျော်ဟိန်း — LL.B, LL.M, M.Res, Ph.D(Thesis) — **ဥပဒေအကြံပေးနှင့် ဥပဒေအကျိုးဆောင်**

အမှတ် ၉/၁၁၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၄၃၀၉၆၊ ၀၉-၅၀၁၈၅၀၄

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်(ပွဲစားမလို)

ကွန်ဒိုတိုက်ခန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်သပြေလမ်း၊ (လေးလွှာ)ပါကေး+ကြွေပြားခင်းပြီး၊ 1 MBR, 2 BR, 3 AC ကိုယ်ပိုင်မော်တာ၊ ရေပူရေအေး၊ ရေစင်နှစ်လုံး၊ 1300 Sqft၊ အဆင့်မြင့် ပြင်ဆင်ပြီး။

(ယုဇနပလာဇာတွင် ဈေးရောင်းသူများ အထူးသင့်လျော်သည်။)

ဆက်သွယ်ရန် ဖုန်း - ၀၉-၄၃၁၂၅၃၅၁
၀၉-၄၂၀၇၀၅၉၈၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၆၊ မြေကွက်အမှတ် ၅၀၀၊ ဧရိယာပေ(၄၀×၆၀) ရှိ ဦးဘဝင်းအမည်ပေါက် မြေကွက်ကို ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလကျော်လွန်ပါက တရားဝင်အရောင်းအဝယ် ဆက်လက်အတည်ပြုဆောင်ရွက်ပါမည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းညွန့် (စဉ်-၃၄၁၉/၈၅) — **တရားလွှတ်တော်ရှေ့နေ**

ဒေါ်အေးမြတ်သူ (စဉ်-၄၂၁၂၃) — **အထက်တန်းရှေ့နေ**

အမှတ် ၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၃၅၄၂၂၊ ၀၉-၄၂၁၁၃၀၅၂၀

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ စန္ဒယော်ကျေးရွာအုပ်စု၊ ရေစိုကျေးရွာအရှေ့ဘက်ကမ်း၊ အမှတ် ၁၁၀နေ ဦးမျိုးသန့် ၁၂/ထတပ(နိုင်)၀၄၅၇၃၇၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ စန္ဒယော်ကျေးရွာအုပ်စု၊ စန္ဒယော်ကွင်း၊ ကွင်းအမှတ် ၃၅၅၊ ဦးပိုင်အမှတ် ၁၉/က၊ ဧရိယာ ၇ဒသမ၈၃ဧကခန့်ကို ၂၄-၁၀-၂၀၁၃ ရက်စွဲပါ ဦးမျိုးသန့် အမည်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုသည့်စာအမှတ် ၀၆၇/လယ-ရ/၂၀၁၃ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားသော လယ်ယာမြေများ၊ စန္ဒယော်ကျေးရွာရှိ ရေကန်နှင့် ထန်းတပင်မြို့နယ်၊ စန္ဒယော်ကျေးရွာအုပ်စု၊ ရေစိုကျေးရွာအရှေ့ဘက်ကမ်း၊ အမှတ် ၁၁၀ရှိ နေအိမ်ခြံမြေမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးသန့် တစ်ဦးတည်းပိုင်ဆိုင်သော ပစ္စည်းများဖြစ်၍ အဆိုပါပစ္စည်းများနှင့် ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း အစရှိသော ကိစ္စရပ်များကို ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဦးမျိုးသန့်မှ ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးသန့်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြတ်ထွန်း (တရားလွှတ်တော်ရှေ့နေ) စဉ်-၃၃၀၁

ဒေါ်လှသက်ထွေး (အထက်တန်းရှေ့နေ) စဉ်-၃၁၆၁၀

ရုံး-ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံးဝင်းအတွင်း၊ မင်္ဂလာဒုံမြို့နယ်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ တကောင်းလမ်း၊ မြေကွက်အမှတ် ၇၁၀/ဘီ၊ အကျယ်အဝန်းပေ ၁၃½×၅၇ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်နှင့် ရေ၊ မီး၊ မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဦးကျင်လှိုင် ၁၂/အစန(နိုင်)၀၃၀၇၅၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လုထွယ် ၁၂/လမန(နိုင်)၁၀၃၆၇၄က ဥပဒေနှင့်အညီ အပြီးအပိုင်လွှဲပြောင်းဝယ်ယူပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လုထွယ်သာလျှင် အထက်ဖော်ပြပါ မြေနှင့်အိမ်အား တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နွယ်နီအေး(LL.B)
အထက်တန်းရှေ့နေ
အမှတ် ၃/၂၀၆၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၇၃၁၈၈၀၇၂

EAGLE GUEST HOUSE

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုခိုခန်းသော

၁၃၂၊ အဘယာရာမလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာပ

မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀ ၄၃၆၇၃

၁၀၀၀၀ ကျပ်
၂၀၀၀၀ ကျပ်

အများသိစေရန်ကြေညာခြင်း

(LL.B, C.B.L, D.E.P.L, Legal Consultant & Lawyer)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစီအစဉ်ဖြင့် ဌာနမှယာယီမြေရှင်အဖြစ် ဆောင်ရွက်ခဲ့သော တိုက်ခန်းအား ကန်ထရိုက်တာထံမှ တစ်ဆင့်ဝယ်ယူထားသူက တိုက်ခန်းအမည် ပြောင်းလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ အမှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ အမှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ်
၁။	ဒေါ်မီမီစိန်(ဒါရိုက်တာများကိုယ်စား) Asia Express (Ygn) Co., Ltd ၁၂/ကတတ(နိုင်)၀၂၄၀၆၈(မှ) ဦးအောင်ချို ၁၂/မဂတ(နိုင်)၀၄၇၅၆၄(မှ) ဦးချမ်းမြေ့အောင် ၁၂/လသန(နိုင်)၀၂၁၂၃၀(မှ) ဦးအင်အင်ရှော့ ၁၂/လသန(ပြု)၀၀၀၉၁၆(မှ) ဦးဇော်ဝင်းနိုင် ၁၂/ပဘတ(နိုင်)၀၁၈၀၀၃(မှ)	ဦးဇော်ဝင်းသန်း(ခ)ယိုကင်ဗုက် ၁၂/လသန(နိုင်)၀၁၆၄၃၂ ဒေါ်ခိုင်သီတာမင်း ၁၂/လမတ(နိုင်)၀၃၂၂၈၇	အမှတ် (၉၁/၉၃)၊ အခန်း ၀၆-၀၁၊ စဉ်းအိုးတန်းလမ်း၊ လသာမြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက် လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၂၀၁၄	ဦးခင်ဦး+၁	၁၂/ပဇတ(နိုင်)၀၁၀၁၀၆	အမှတ် (၁၂၄)၊ ရွှေဝါလမ်း၊ ၁၀ရပ်ကွက်၊ ၂၉ရပ်ကွက်၊ သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၂၉ ၁၀ရပ်ကွက်(လုံးချင်း)	၂၄	ဒေါ်မြမြမြင့်	အမည်ပြောင်း

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

မြန်မာ့အလင်း
Brasil 2014
ကမ္ဘာ့ဖလားအထူးကဏ္ဍ
၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ အင်္ဂါနေ့။

AIR KBZ

အာဂျင်တီးနားနှင့် ဆက်စပ်နေသော တောင်အမေရိက၏ ဂုဏ်သိက္ခာ

ဝေမိုးဆက်

တောင်အမေရိကအသင်းများနဲ့ ၂၀၁၄ ကမ္ဘာ့ဖလား။ နည်းနည်းမက စိတ်ဝင်စားဖို့ကောင်းတယ်။ အထူးသဖြင့် ကမ္ဘာ့ဖလားမှာ ဖြစ်တည်မှုကနေ အစဉ်အလာဖြစ်လာတဲ့ ဖြစ်စဉ်တစ်ရပ်ရှိတယ်။ အဲ့ဒါက တောင်အမေရိကတိုက်မှာ ကျင်းပတဲ့အကြိမ်တိုင်း တောင်အမေရိကအသင်းတွေသာ ဗိုလ်စွဲခဲ့တဲ့ အစဉ်အလာ။ အရှင်းဆုံးပြောရရင် ၁၉၃၀ ကမ္ဘာ့ဖလားကို ဥရုဂွေးမှာ ကျင်းပတယ်။ အဲ့ဒီပွဲမှာ တောင်အမေရိကနှစ်သင်းဖြစ်တဲ့ ဥရုဂွေးနဲ့ အာဂျင်တီးနားတို့ ဗိုလ်လုပွဲရောက်ပြီး ဥရုဂွေးဗိုလ်စွဲတယ်။ ၁၉၅၀ ပြိုင်ပွဲကို ဘရာဇီးမှာ ကျင်းပတော့ ဘရာဇီးက ဒုတိယရပြီး ဥရုဂွေးကဗိုလ်စွဲတယ်။ ၁၉၆၂ ပြိုင်ပွဲကို ချီလီမှာကျင်းပတော့လည်း ဘရာဇီးက ချက်ကိုအနိုင်ရပြီးဗိုလ်စွဲတယ်။ ၁၉၇၈ ပြိုင်ပွဲကို အာဂျင်တီးနားမှာ ကျင်းပတဲ့အခါမှာလည်း အာဂျင်တီးနားက ဟော်လန်ကို အချိန်ပိုသွင်းဂိုးတွေနဲ့ အနိုင်ရဗိုလ်စွဲတယ်။ ဒီတော့ တောင်အမေရိကမှာ (၅)ကြိမ်မြောက် အဖြစ်ကျင်းပတဲ့ ဒီတစ်ကြိမ်ကမ္ဘာ့ဖလားမှာရော အစဉ်အလာအတိုင်း တောင်အမေရိကအသင်းတွေပဲ ဗိုလ်စွဲနိုင်မလား။ အားလုံးက စောင့်ကြည့်ကြတယ်။

အထူးသဖြင့် ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာ တောင်အမေရိက စုစုပေါင်းခြောက်သင်း ပြိုင်ပွဲဝင်တယ်။ အာဂျင်တီးနား၊ ဘရာဇီး၊ ချီလီ၊ ကိုလံဘီယာ၊ ဥရုဂွေးနဲ့ အီကွေဒေါ။ ဒီအထဲမှာ အီကွေဒေါတစ်သင်းသာ အုပ်စုကပြုတ်ပြီး ကျန်ငါးသင်းက ရှုံးထွက်တက်တယ်။ ဒီတော့ ဒီတစ်ကြိမ်မှာလည်း တောင်အမေရိကအသင်းတွေကသာ ပြိုင်ပွဲကိုလွှမ်းမိုးသွားလေမလား။ အားလုံးက စိတ်ဝင်စားစောင့်ကြည့်ကြပါတယ်။ အထူးသဖြင့် ဒီတစ်ကြိမ်ကမ္ဘာ့ဖလားမှာ ဒီလို တောင်အမေရိကက ငါးသင်းတိတိ ရှုံးထွက်အဆင့်ရောက်လာပေမယ့်လည်း ပွဲစဉ်ဇယားအရလေးသင်းက အချင်းချင်းပြန်တွေ့တယ်။ ဘရာဇီးနဲ့ ချီလီ၊ ကိုလံဘီယာနဲ့ ဥရုဂွေး။ အဲ့ဒီအတွက် တောင်အမေရိကနှစ်သင်းရှုံးထွက်မှာတင် ကျန်တယ်။ ဘရာဇီးနဲ့ ကိုလံဘီယာက နောက်တစ်ဆင့်တက်နိုင်ပေမယ့် ချီလီနဲ့ ဥရုဂွေးက ပြိုင်ပွဲကထွက်ရတယ်။ ဒါ့အပြင် အဲ့ဒီကွာတားတက်တဲ့ တောင်အမေရိကနှစ်သင်းကလည်း ကွာတားမှာ အချင်းချင်းပြန်တွေ့ရမယ်ဆိုတော့။ ပြောချင်တာက ဆီမီးကို အဲ့ဒီ တောင်အမေရိကလေးသင်းထဲက တစ်သင်းပဲရောက်မယ်။ ဘရာဇီးလား၊ ကိုလံဘီယာလား။ စဉ်းစားရခက်ပေမယ့် တစ်သင်းတည်းရဲ့အားနဲ့ အစဉ်အလာအတိုင်း တောင်အမေရိကမှာကျင်းပတဲ့အခါ တောင်အမေရိကတစ်သင်းသာ ဗိုလ်စွဲနိုင်တဲ့ဖြစ်စဉ်ကို ဆက်ထိန်းဖို့ဆိုတာ မလွယ်ဘူးလို့ တွက်ကြတယ်။

ဒီလိုတွက်ကြတာနဲ့အမျှ တစ်ဖက်ကကျန်တစ်သင်းဖြစ်တဲ့ အာဂျင်တီးနားကို စောင့်ကြည့်မှုတွေပိုလာတယ်။ အထူးသဖြင့် အာဂျင်တီးနားဟာ ပွဲစဉ်ဇယားအရ အထက်ကလေးသင်းနဲ့ ပြိုင်ပွဲလမ်းကြောင်းချင်းမတူဘူး။ သူက ရှုံးထွက်မှာ ဆွစ်ဇာလန်နဲ့တွေ့ရမယ်။ နိုင်ရင် ဘယ်လ်ဂျီယံနဲ့ အမေရိကန်တို့ပွဲက နိုင်တဲ့အသင်းနဲ့ ကွာတားမှာဆုံမယ်။ အဲ့ဒီကွာတားမှာနိုင်ပါမှ တောင်အမေရိကနှစ်သင်း ဆီမီးရောက်မယ်။ ဒီလို တောင်အမေရိကနှစ်သင်း ဆီမီးရောက်ပါမှ အစဉ်အလာဖြစ်တဲ့ တောင်အမေရိကမှာ တောင်အမေရိကအသင်းသာ ဗိုလ်စွဲနိုင်ပါတယ်ဆိုတာကို ဆက်ထိန်းနိုင်ဖို့ အခွင့်ပိုသာမယ်လို့ မြင်ကြတယ်။ ဒါကြောင့် ဒီတစ်ကြိမ်ကမ္ဘာ့ဖလားမှာ တောင်အမေရိကအသင်းတွေအပေါ် စောင့်ကြည့်မှုပိုသလို အာဂျင်တီးနားအပေါ် လေ့လာအကဲဖြတ်မှုတွေလည်းပိုတယ်။ တစ်ဖက်က တောင်အမေရိကအသင်းတစ်သင်း ဆီမီးရောက်ဖို့သေချာနေချိန်မှာ အာဂျင်တီးနားအနေနဲ့ တောင်အမေရိကရဲ့ ဂုဏ်သိက္ခာအတွက် အခြားလမ်းကြောင်းကနေ ဆီမီးအထိ အရောက်လှမ်းလာနိုင်ပါ့မလားဆိုတာကို စိတ်ဝင်စားကြတယ်။

နေမာ

ပြောရရင် အာဂျင်တီးနားဟာ ဒီတစ်ကြိမ်ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲဖို့အထိ ရေပန်းစားနေတဲ့အသင်း။ ဘရာဇီးပြီးရင် သူတို့ဟာ ဗိုလ်စွဲနိုင်မယ်လို့အထင်ခံရဆုံးအသင်း။ သူတို့မှာ တောင့်တင်းကျစ်လျစ်တဲ့ လူစာရင်းရှိတယ်။ သူတို့ဟာ ဘရာဇီးနဲ့ အိမ်နီးချင်းနိုင်ငံ။ အဲ့ဒီအတွက် ရာသီဥတုအရရော သူတို့ဟာ အားလုံးထက် ပိုပြီးလိုက်လျောညီထွေရှိတယ်။ ဒါ့အပြင် သူတို့ဟာ အိမ်ရှင် ဘရာဇီးထက်တောင် ကစားသမားအင်အားပိုင်းအရ တောင့်တင်းမှုပိုရှိတယ်။ မက်ဆီ၊ ဟီဂွာယင်၊ အဂူရို၊ လာဗက်ဇီ၊ ပလာစီယို့စ်အားလုံးက ထိပ်တန်းအဆင့်ကစားသမားတွေ။ အရှင်းပြောရရင် သူတို့ဟာ လက်ရှိစုဖွဲ့မှုအရ အပြည့်စုံဆုံးအသင်းလို့ မြင်ကြတယ်။

အရှင်းဆုံးပြောရရင် လက်ရှိ သူတို့ရဲ့ ၂၃ ဦးစာရင်းကိုကြည့်၊ အများစုက ကစားသမားတစ်ဦးတစ်ယောက်အနေနဲ့ ခြေစွမ်းရော အတွေ့အကြုံအပြင် အသက်အပိုင်းအခြားအရပါ အကောင်းဆုံးအချိန်ကို ရောက်နေတဲ့သူတွေ။ မက်ဆီ၊ လာဗက်ဇီ၊ မာရှေယာနို၊ ပီရက်ဇ်၊ ဂါဂို၊ ဇာဘလက်တာ၊ ဂါရေး၊ ရိုမီယိုတို့က ၂၇နှစ်ကနေ ၃၀နှစ်ကြား အကောင်းဆုံးအရွယ်တွေ။ ဒါကို ပလာစီယို့စ်၊ မက်ဆီ၊ ရိုဒရီဂွေးဇ်၊ ဒီမစ်ချယ်လီ၊ ကန်ပါနာရိုတို့လို၃၀ကျော်သက်တမ်းရင့်ကစားသမားတွေနဲ့ ထိန်းကွပ်ထားတဲ့အပြင် ကစားအားကောင်းတဲ့ အဂူရို၊ ဟီဂွာယင်၊ အဲဘာရက်စ်၊ ဒီမာရီယာ၊ ရိုဂျို၊ ဖာနန်ဒက်ဇ်တို့လို ၂၅နှစ်ဝန်းကျင် ကစားသမားတွေနဲ့လည်း ပေါင်းဖက်ဖွဲ့စည်းထားတယ်။ အကောင်းဆုံးအချိန်၊ လူငယ်၊ သက်တမ်းအရာအားလုံးပြည့်စုံတဲ့အသင်း။ ဒီတော့ သူတို့ကို ပြိုင်ပွဲမတိုင်ခင်မှာကတည်းက ထူးထူးထွေထွေ စောင့်ကြည့်မှုရှိတယ်။ အထင်ကြီးပြီး ဗိုလ်စွဲနိုင်တဲ့အထိ မျှော်လင့်စိတ်ထားကြတယ်။ ဒါပေမယ့် သူတို့ဟာ လက်တွေ့ပွဲထွက်လာတဲ့အခါမှာ ထင်သလို ဖြစ်မလာဘူး။

အရှင်းဆုံးပြောရရင် ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာ တိုက်စစ်အားအကောင်းဆုံးအသင်းအဖြစ် ယူဆခံရတဲ့ကြားက လက်တွေ့မှာ မက်ဆီတစ်ယောက်ပဲ အသုံးဝင်တယ်။ ကျန်အဂူရို၊ လာဗက်ဇီ၊ ပလာစီယို့စ်၊ ဒီမာရီယာ၊ ဟီဂွာယင်တို့လို တိုက်စစ်မှူးတွေအားလုံးက အခုအချိန်အထိ ဂိုးပေါက်မတွေ့ကြသေးဘူး။ ပြိုင်ပွဲတစ်လျှောက်မှာ ခြောက်ဂိုးသာသွင်းနိုင်ပြီး

စာမျက်နှာ ၂ သို့

ခွန်အားဖြည့်ပြီး ပွဲအပြီးကြည့်မယ်
အာဟာရပြည့် သက်သတ်လွတ်
SUPER
ရှူပါကွေကာ
09 5178737

မက်ဆီရဲ့တိုက်စစ်နဲ့ပတ်သက်ပြီး ထူးထူးထွေထွေကာကွယ်မှုတွေ ပြုလုပ်သွားဖို့မရှိဘူးလို့ဆိုတဲ့ ဟစ်ဖဲလ်

ဆွစ်ဇာလန်အသင်း နည်းပြဖြစ်တဲ့ ဟစ်ဖဲလ်ကတော့ အာဂျင်တီးနားအသင်းနဲ့တွေ့ဆုံကစားရမယ့် ရှုံးထွက်ပွဲစဉ်မှာ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီရဲ့ တိုက်စစ်ပိုင်းနဲ့ပတ်သက်ပြီး ထူးထူးထွေထွေကာကွယ်မှုများပြုလုပ်သွားဖို့မရှိဘူးလို့ ပြောဆိုလိုက်ပါတယ်။

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီဟာ ယခင်နှစ်တွေက ကစားခဲ့တဲ့ နိုင်ငံအသင်းပွဲတွေမှာ ခြေစွမ်းပြကစားနိုင်ခြင်းမရှိတာကြောင့် ကမ္ဘာ့ဖလားမတိုင်ခင်က သူ့ရဲ့ ခြေစွမ်းပိုင်းနဲ့ပတ်သက်ပြီး သံသယဖြစ်စရာများရှိနေခဲ့ပေမယ့် အုပ်စုသုံးပွဲမှာ လေးဂိုးသွင်းယူပေးခဲ့ပြီးနောက်မှာတော့ လူတိုင်းရဲ့ ဝေဖန်မှုတွေဟာ တိတ်ဆိတ်သွားခဲ့ရပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ အုပ်စုပွဲစဉ်တွေဖြစ်တဲ့ ဘော့စနီးယားအသင်းနဲ့စတင်ကစားခဲ့တဲ့ပွဲမှာ ပထမဦးဆုံးဂိုး ကိုသွင်းယူနိုင်ခဲ့သလို အီရန်နဲ့ပွဲမှာတော့ နာကျင်အချိန်ပိုရောက်မှသာ အသင်းအတွက် တန်ဖိုးကြီးတဲ့ အနိုင်ဂိုးကို သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ နိုင်ဂျီရီးယားကို ၃-၂နဲ့ နိုင်ခဲ့တဲ့ပွဲမှာတော့ နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။

ဟစ်ဖဲလ်

ဒါကြောင့် ပြိုင်ဘက်အသင်းတိုင်းအတွက်ကတော့ မက်ဆီဟာ ကောင်းကောင်းဒုက္ခပေးနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးအဖြစ်ရှိနေပါတယ်။

ဒါပေမယ့် ဆွစ်ဇာလန်အသင်းနည်းပြ ဟစ်ဖဲလ်က“မက်ဆီကို စုပြုံပြီး ကပ်ကစားသွားဖို့တော့ လုံးဝကို မရှိပါဘူး။ တစ်သင်းလုံးအနေနဲ့ အကောင်းဆုံးကစားပြီး သူ့ရဲ့ကစားအားကို ထိန်းချုပ်သွားမှာပါ။ ကစားသမားတိုင်းဟာ ကိုယ်ကစားရမယ့် အပိုင်းကို အကောင်းဆုံးအာရုံစိုက်ပြီး ကစားသွားဖို့တော့ လိုအပ်ပါတယ်။ ကျွန်တော်တို့ဟာ အဲဒီပွဲမှာ အမှားမရှိဘဲအကောင်းဆုံးကစားနိုင်ဖို့ကို အာရုံစိုက်နေပါတယ်။ အဲဒီလိုသာဆိုရင် မက်ဆီကို ကောင်းကောင်း ထိန်းချုပ်နိုင်မှာ သေချာပါတယ်။ သူဘောလုံးကစားတာကို မြင်ရတဲ့အတွက် ကျေနပ်မိပါတယ်။ ကျွန်တော်ဟာ သူ့ရဲ့ပရိသတ်တစ်ဦးပါ။ လူတိုင်းကလည်း သူ့ရဲ့ဘောလုံးစွမ်းရည်ကို နှစ်သက်မယ်ဆိုတာ သေချာပါတယ်။ ဒါပေမယ့် ဒီပွဲမှာသူ့အနေနဲ့ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ဖို့ကတော့ မလွယ်ကူပါဘူး” လို့ ပြောဆိုခဲ့ပါတယ်။

ဒါတင်မကပါဘူး။ အာဂျင်တီးနားပွဲနဲ့ပတ်သက်ပြီးလည်း နည်းပြ ဟစ်ဖဲလ်က “ကျွန်တော်တို့အသင်းဟာ ကိုယ်ပိုင်အယူအဆနဲ့ပဲ ဆက်လက်ကစားသွားမှာပါ။ ကျွန်တော်တို့မှာ အခွင့်အရေး ရှိနေတယ်လို့လည်း ယုံကြည်မိနေပါတယ်။ အဲဒီပွဲဟာ ကျွန်တော်တို့အတွက် သမိုင်းဝင်မယ့်ပွဲလည်းဖြစ်ပါတယ်။ ဒါကြောင့် ဘာမဆို ဖြစ်သွားနိုင်ပါတယ်”လို့လည်း ထပ်မံပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ဆွစ်ဇာလန်တိုက်စစ်မှူး ဂါရာနိုဇစ်ဟာ လေ့ကျင့်ရေးကွင်းမှာ ရရှိခဲ့တဲ့ ပြင်းထန်တဲ့ဒူးဒဏ်ရာ ခံစားနေရတာကြောင့် အာဂျင်တီးနားအသင်းနဲ့ကစားရမယ့်ပွဲမှာ ပါဝင်နိုင်ရေးဟာ သေချာမှုမရှိသေးဘူးလို့ ဆိုပါတယ်။

အောင်က

ကိုလံဘီယာနှင့်ကစားမည့် ဘရာဇီးအသင်းတွင် နေမာ ပါဝင်ရန်မသေချာ

ဘရာဇီးအသင်း၏ အဓိက တိုက်စစ်မှူး နေမာသည် ပေါင်ဒဏ်ရာရရှိထားသည့်အတွက် ကိုလံဘီယာနှင့်ကစားရမည့် ကွာတားဖိုင်နယ်ပွဲစဉ်ကို လွဲချော်ရဖွယ်ရှိနေသည်။

ဘရာဇီးအသင်းသည် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် ချီလီအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ကွာတားဖိုင်နယ်အဆင့်တွင် တောင်အမေရိကပြိုင်ဘက် ကိုလံဘီယာအသင်းနှင့် ကစားရမည်ဖြစ်သည်။

စကိုလာရီက “နေမာရဲ့ဒဏ်ရာ ကောင်းမွန်လာနိုင်ဖို့အတွက် အချိန်အနည်းငယ်တော့ ကျန်ပါသေးတယ်။ သူဒဏ်ရာရသွားတာကတော့ အသင်းအတွက်ကြီးမားတဲ့ ပြဿနာတစ်ခုပါ။ သူ့ပေါင်ဟာ ရောင်ရမ်းနေပါတယ်။ ကျွန်တော် ပေါ်တူဂီအသင်းကို နည်းပြလုပ်ခဲ့စဉ်ကအချိန်ကို သတိရမိပါတယ်။ ဟော်လန်နဲ့ကစားခဲ့တဲ့ပွဲချိန် ၁၅ မိနစ်မှာ ဟော်လန်နောက်တန်းကစားသမား ဘိုလာရုက ရော်နယ်ဒိုကို ကြမ်းကြမ်းတမ်းတမ်းဖျက်ထုတ်ခဲ့တဲ့အတွက် ရော်နယ်ဒိုဟာ နောက်ထပ် ၁၀ မိနစ်အကြာမှ ကွင်းထဲကနေ ထွက်ခဲ့ရပါတယ်။ ချီလီနဲ့ပွဲမှာလည်း နေမာကို မြင်တွေ့ရတော့ အဲဒီအကြောင်းအရာကို ပြန်ပြီးသတိရမိပါတယ်။ လူတွေကတော့ နေမာဟာ အလွယ်တကူလှဲချနေတယ်လို့ ဆိုပါတယ်။ သူဟာ သုံးကြိမ်တောင်လဲကျခဲ့ပါတယ်”ဟု ပြောသွားသည်။

ထို့အပြင် အသင်း၏အဓိက ကွင်းလယ်ကစားသမား ဂူစတာဗိုမှာလည်း ချီလီနှင့်ပွဲတွင် ဒုတိယအကြိမ်မြောက် အဝါကတ်ပြသခံခဲ့ရသည့်အတွက် ကိုလံဘီယာနှင့်ပွဲတွင် ပါဝင်ခွင့်ရရှိမည်မဟုတ်သော်လည်း နေမာသာ အဆိုပါပွဲတွင် ပါဝင်နိုင်မည်မဟုတ်ပါက ဘရာဇီးအသင်းအတွက် အဓိကထိုးနှက်ချက်ဖြစ်လာမည်ဖြစ်သည်။

ဖြိုးဒေါ်လာ

အာဂျင်တီးနားနှင့်ဘယ်လ်ဂျီယံအသင်းတို့မှ

အာဂျင်တီးနား၏ အုပ်စုပွဲများအတွင်း စွမ်းဆောင်နိုင်မှု

အာဂျင်တီးနား-ဘော့စနီးယား

အာဂျင်	ရလဒ်(၂-၁)	ဘော့စနီး
၂	ထောင့်ကန်ဘော	၆
၄	ဂိုးပေါက်တည့်မှု	၇
၆	ဂိုးပေါက်လွဲမှု	၅
၅၅	ဘောလုံးပိုင်ဆိုင်မှု	၄၅

အာဂျင်တီးနား-အီရန်

အာဂျင်	ရလဒ်(၁-၀)	အီရန်
၁၀	ထောင့်ကန်ဘော	၆
၅	ဂိုးပေါက်တည့်မှု	၃
၁၂	ဂိုးပေါက်လွဲမှု	၄
၇၂	ဘောလုံးပိုင်ဆိုင်မှု	၂၈

နိုင်ဂျီးရီးယား-အာဂျင်တီးနား

နိုင်ဂျီး	ရလဒ်(၂-၃)	အာဂျင်
၄	ထောင့်ကန်ဘော	၁၂
၂	ဂိုးပေါက်တည့်မှု	၁၀
၄	ဂိုးပေါက်လွဲမှု	၇
၄၄	ဘောလုံးပိုင်ဆိုင်မှု	၅၆

ဘယ်ဂျီယံ၏ အုပ်စုပွဲများအတွင်း စွမ်းဆောင်နိုင်မှု

ဘယ်လ်ဂျီယံ-အယ်ဂျီးရီးယား

ဘယ်လ်ဂျီယံ	ရလဒ်(၂-၁)	အယ်ဂျီး
၇	ထောင့်ကန်ဘော	၂
၆	ဂိုးပေါက်တည့်မှု	၀
၇	ဂိုးပေါက်လွဲမှု	၂
၆၇	ဘောလုံးပိုင်ဆိုင်မှု	၃၃

ဘယ်လ်ဂျီယံ-ရုရှား

ဘယ်လ်ဂျီယံ	ရလဒ်(၁-၀)	ရုရှား
၅	ထောင့်ကန်ဘော	၈
၃	ဂိုးပေါက်တည့်မှု	၃
၃	ဂိုးပေါက်လွဲမှု	၆
၅၄	ဘောလုံးပိုင်ဆိုင်မှု	၄၆

တ/ကိုရီးယား-ဘယ်လ်ဂျီယံ

ကိုရီးယား	ရလဒ်(၀-၁)	ဘယ်လ်ဂျီယံ
၇	ထောင့်ကန်ဘော	၄
၆	ဂိုးပေါက်တည့်မှု	၇
၉	ဂိုးပေါက်လွဲမှု	၅
၅၁	ဘောလုံးပိုင်ဆိုင်မှု	၄၉

ဆွစ်ဇာလန်၏ အုပ်စုပွဲများအတွင်း စွမ်းဆောင်နိုင်မှု

ဆွစ်ဇာလန်-အီကွေဒေါ်

ဆွစ်ဇာလန်	ရလဒ်(၂-၁)	အီကွေဒေါ်
၈	ထောင့်ကန်ဘော	၅
၅	ဂိုးပေါက်တည့်မှု	၄
၇	ဂိုးပေါက်လွဲမှု	၅
၅၅	ဘောလုံးပိုင်ဆိုင်မှု	၄၅

ဆွစ်ဇာလန်-ပြင်သစ်

ဆွစ်ဇာလန်	ရလဒ်(၂-၅)	ပြင်သစ်
၅	ထောင့်ကန်ဘော	၃
၃	ဂိုးပေါက်တည့်မှု	၆
၁၁	ဂိုးပေါက်လွဲမှု	၈
၅၇	ဘောလုံးပိုင်ဆိုင်မှု	၄၃

ဟွန်ဒူးရပ်စ်-ဆွစ်ဇာလန်

ဟွန်ဒူးရပ်စ်	ရလဒ်(၀-၃)	ဆွစ်ဇာလန်
၈	ထောင့်ကန်ဘော	၁
၈	ဂိုးပေါက်တည့်မှု	၈
၉	ဂိုးပေါက်လွဲမှု	၄
၆၂	ဘောလုံးပိုင်ဆိုင်မှု	၃၈

အမေရိကန်၏ အုပ်စုပွဲများအတွင်း စွမ်းဆောင်နိုင်မှု

ဂါနာ-အမေရိကန်

ဂါနာ	ရလဒ်(၁-၂)	အမေရိကန်
၇	ထောင့်ကန်ဘော	၃
၆	ဂိုးပေါက်တည့်မှု	၅
၁၂	ဂိုးပေါက်လွဲမှု	၂
၆၁	ဘောလုံးပိုင်ဆိုင်မှု	၃၉

အမေရိကန်-ပေါ်တူဂီ

အမေရိကန်	ရလဒ်(၂-၂)	ပေါ်တူဂီ
၆	ထောင့်ကန်ဘော	၄
၆	ဂိုးပေါက်တည့်မှု	၅
၅	ဂိုးပေါက်လွဲမှု	၁၁
၄၆	ဘောလုံးပိုင်ဆိုင်မှု	၅၄

အမေရိကန်-ဂျာမနီ

အမေရိကန်	ရလဒ်(၀-၁)	ဂျာမနီ
၂	ထောင့်ကန်ဘော	၃
၁	ဂိုးပေါက်တည့်မှု	၅
၃	ဂိုးပေါက်လွဲမှု	၄
၃၄	ဘောလုံးပိုင်ဆိုင်မှု	၆၆

အမေရိကန်ကို အနိုင်ရနိုင်မည်ဟု မာတင် ယုံကြည်

ဘယ်လ်ဂျီယံကစားသမား မာတင်က အမေရိကန်အသင်းသည် အုပ်စုအဆင့်တွင် အံ့အားသင့်ဖွယ်ရာ စွမ်းဆောင်ထားခဲ့သည့်အသင်း ဖြစ်သည့်အတွက် ၁၆ သင်းအဆင့်တွင်လည်း ခက်ခက်ခဲခဲကစားသွားရမည်ဖြစ်သည်ဟု ပြောဆိုသွားသည်။

အမေရိကန်အသင်းသည် အုပ်စု (G)တွင် ဂျာမနီအသင်းနှင့်အတူ ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။

မာတင်က “အမေရိကန်အသင်းဟာ အကောင်းဆုံးကစားထားခဲ့တဲ့ အသင်းလို့ ထင်မိပါတယ်။ ကျွန်တော် သူတို့ကစားခဲ့တဲ့ပွဲတွေကို ကြည့်ဖြစ်ခဲ့တော့ အနည်းငယ်အံ့အားသင့်မိပါတယ်။ သူတို့ဟာ တကယ်ကောင်းတဲ့ အသင်းပါ။

အမေရိကန်မှာ တိုက်စစ်မှူးကောင်းတစ်ယောက်ကို ပိုင်ဆိုင်ထားသလို ခံစစ်ကလည်း ကောင်းပါတယ်။ ဒီလို တိုက်စစ်၊ ခံစစ်ကောင်းတာတွေ့ရတာမို့ ကျွန်တော်တို့အတွက် ခက်ခဲမယ့်ပွဲဖြစ်လာမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ ဒီပွဲကိုအနိုင်ရဖို့အတွက် ယုံကြည်မှုရှိပါတယ်”ဟု ပြောသွားသည်။

ဘယ်လ်ဂျီယံအသင်းသည် အုပ်စုတွင်း သုံးပွဲကစားခဲ့စဉ်က ရဂိုး လေးဂိုးသာ ရရှိခဲ့သော်လည်း ခံစစ်ပိုင်းတွင် ပေးဂိုး တစ်ဂိုးသာရှိခဲ့သည်။

ဖြိုးဒေါ်လာ

■ **တောင်အမေရိက၏ ဂုဏ်သိက္ခာမှအဆက်**

အဲ့ဒီခြောက်ဂိုးမှာ မက်ဆီက လေးဂိုး။ ပြိုင်ဘက်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမှုက တစ်ဂိုးနဲ့ ရိုဂျိုက တစ်ဂိုးဆိုတော့။ မက်ဆီကလွဲလို့ အားကိုးရနိုင်သူမရှိဘူးလို့ တွက်ကြတယ်။ မက်ဆီကို ထိန်းနိုင်ရင် အာဂျင်တီးနားကို အနိုင်ယူဖို့မခက်ဘူးလို့ မြင်ကြတယ်။ အရှင်းဆုံးပြောရရင် ဒီလိုလိုအပ်ချက်တွေရှိနေတဲ့ကြားကနေ အာဂျင်တီးနားဟာ တောင်အမေရိကရဲ့သိက္ခာအတွက် ဆီမီးဖိုင်နယ်အထိ အရောက်လှမ်းလာနိုင်ပါ့မလားဆိုတာ အားလုံးက စိတ်ဝင်စားကြတယ်။

ပြောရရင် သူတို့ရဲ့ပြိုင်ပွဲလမ်းကြောင်းက ထင်သလောက်မခက်ဘူး။ ရှုံးထွက်မှာတွေ့ရမယ့် ဆွစ်ဇာလန်က သူတို့လို ကစားသမားအင်အားမရှိဘူး။ အတွေ့အကြုံမရှိဘူး။ အဲ့ဒီကတစ်ဆင့် တက်လာမယ်ဆိုရင်လည်း တွေ့ရနိုင်တဲ့ ဘယ်လ်ဂျီယံနဲ့ အမေရိကန်ကလည်း သူတို့အတွက် အကြီးမားဆုံးအဟန့်အတားဖြစ်စေနိုင်တဲ့ ပြိုင်ဘက်မျိုးမဟုတ်ဘူး။ ဒါကိုမှ သူတို့ ဆီမီးအထိရောက်မလာရင် သူတို့အတွက်ရော တောင်အမေရိကအသင်းတွေအတွက်ပါ မကောင်းဘူးလို့ ယူဆကြတယ်။

တကယ်တော့ ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲနိုင်ပါတယ်ဆိုတဲ့ တောင်အမေရိကရဲ့ အသင်းကြီးနှစ်သင်းစလုံးကအစ အလုံးစုံမပြည့်စုံဘူး။ ဘရာဇီးဆိုရင်လည်း သူတို့နည်းတူ တိုက်စစ်မှာလိုအပ်ချက်ရှိတယ်။ နေမာတစ်ဦးတည်းအပေါ် အမှီသဟဲပြုနေရတယ်။ ကျန်တိုက်စစ်မှူးတွေဖြစ်တဲ့ ဟတ်ခ်၊ ဖရက်ဒ်၊ ဂျိုတို့ အားလုံးက ခြေစွမ်းမပြနိုင်ဘူး။ အလုပ်မဖြစ်ဘူး။ ဒီတော့ တောင်အမေရိကမှာ ကျင်းပတဲ့ပြိုင်ပွဲတိုင်း တောင်အမေရိကအသင်းတွေ ဗိုလ်စွဲနိုင်ခဲ့တဲ့အစဉ်အလာဟာ ဒီတစ်ကြိမ်မှာ ပျက်ပြယ်ရတော့မလား။ ကိုလံဘီယာက မဆိုးဘူးဆိုပေမယ့် သူတို့ဟာ အစဉ်အလာပိုင်းအရ အားနည်းတယ်။

လက်ရှိအချိန်မှာ ဂျိမ်းရိုဒရီဂွေးဇ် ခြေစွမ်းပြနေပေမယ့် သူ့ရဲ့အသက်အရွယ်နဲ့ အတွေ့အကြုံအရ အဆင့်မြင့်လာလေလေ ပိုပိုများလာနိုင်တဲ့ ဖိအားတွေအောက်မှာ သူရော အခုလိုခြေစွမ်းမျိုး တောက်လျှောက်ပြသနိုင်ပါ့မလား။ အားလုံးက တောင်အမေရိကအတွက် စိုးရိမ်ကြတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တောင်အမေရိကမှာ ကျင်းပတဲ့ပြိုင်ပွဲမှာ တောင်အမေရိကဒေသက အသင်းတစ်သင်း ဗိုလ်မစွဲရင်တောင် ဆီမီးတက်မယ့် လေးသင်းမှာ နှစ်သင်းပါဝင်နိုင်မယ်ဆိုရင် တောင်အမေရိကဒေသရဲ့သိက္ခာကို ထိန်းနိုင်မယ်ဆိုတော့။ သေချာတယ်။ တစ်ဖက်က တောင်အမေရိကအသင်းတစ်သင်း ဆီမီးတက်ဖို့ သေချာနေချိန်မှာ ကျန်တစ်နေရာအတွက် တောင်အမေရိကဒေသရဲ့ ဂုဏ်သိက္ခာအတွက် အာဂျင်တီးနားမှာ တာဝန်အပြည့်ရှိနေတယ်လို့ပဲ ဆိုချင်မိပါတယ်။

ဘယ်လ်ဂျီယံအသင်းနဲ့ပွဲကို အနိုင်ကစားဖို့ ယုံကြည်မှုအပြည့်ရှိနေတယ်လို့ဆိုတဲ့ ကလင်းစမန်း

အမေရိကန်အသင်းကို အုပ်စုအဆင့်ကနေ ဖြတ်ကျော်ဖို့အတွက် အကောင်းဆုံးကိုင်တွယ်ထားနိုင်ခဲ့တဲ့ နည်းပြ ကလင်းစမန်းကတော့ ၁၆သင်းအဆင့်မှာတွေ့ဆုံကစားရမယ့် ဘယ်လ်ဂျီယံအသင်းနဲ့ပွဲမှာ အနိုင်ကစားဖို့အတွက် ယုံကြည်ချက်တွေအပြည့်ရှိနေတယ်လို့လည်း ပြောဆိုလိုက်ပါတယ်။ အမေရိကန်အသင်းဟာ ယခုနှစ် ကမ္ဘာ့ဖလားမှာ အုပ်စုအဖွင့်ပွဲစဉ်ကတည်းက ၂၀၁၀ ကမ္ဘာ့ဖလား ရှုံးထွက်အဆင့်မှာ ရှုံးနိမ့်ခဲ့ရတဲ့ ဂါနာအသင်းကို ၂-၁ နဲ့ အနိုင်ကစားနိုင်ခဲ့သလို ပေါ်တူဂီအသင်းကိုတော့ ၂-၂နဲ့ သရေကစားပြီး ဂျာမနီကိုတော့ ၁-၀နဲ့ ရှုံးနိမ့်ခဲ့ကာ အုပ်စုအဆင့်ကိုတက်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ကလင်းစမန်းဟာ ကမ္ဘာ့ဖလားမကစားခင်ကတော့ အမေရိကန်အသင်းအနေနဲ့ ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲဖို့ဆိုတာဟာ ယုတ္တိမဆန်တဲ့ ပြောဆိုမှုလို့တော့ ပြောဆိုခဲ့ပေမယ့် အခု ဘယ်လ်ဂျီယံအသင်းနဲ့ကစားရမယ့်ပွဲကိုတော့ အနိုင်ကစားဖို့ကို ထုတ်ဖော်ပြောဆိုထားပါတယ်။

အဲဒါနဲ့ပတ်သက်ပြီးလည်း အသက် ၄၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကလင်းစမန်းက “ဒီပွဲကို အကောင်းဆုံးအနိုင်ကစားသွားဖို့အတွက် ယုံကြည်မှုတွေ ရှိနေပါတယ်။ ကျွန်တော်တို့ဟာ ဘယ်လ်ဂျီယံအသင်းကို နိုင်မှာသေချာပါတယ်။ ဘယ်လ်ဂျီယံအသင်းဟာ တစ်ကိုယ်တော် ကစားသမားကောင်းတွေရှိနေတဲ့ အသင်းဖြစ်တာကြောင့် ဒီနှစ်ကမ္ဘာ့ဖလားမှာတော့ ဆုဖလားရရှိဖို့အတွက် ရေပန်းစားနေတဲ့ အသင်းလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်လ်ဂျီယံအသင်းနဲ့ ကစားဖို့ ကျွန်တော်တို့အသင်းအနေနဲ့ လုံးဝကြောက်ရွံ့မှုမရှိပါဘူး။ အခုအချိန်မှာ ကျွန်တော်တို့အသင်းဟာ ဘယ်အသင်းကိုမဆို စိန်ခေါ်နိုင်တဲ့အရည်အချင်း ရှိနေတယ်လို့လည်း ခံစားမိပါတယ်။ ဂျာမနီအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲမှာ ကျွန်တော်တို့အသင်းရဲ့ စွမ်းဆောင်မှုဟာ ယခင်နှစ်ပွဲလောက် မကောင်းဘူးဆိုတာကို သိပါတယ်။ ဒါပေမယ့် အခုကစားရမယ့် ရှုံးထွက်ပွဲစဉ်မှာတော့ ကစားသမားတွေကို ရာခိုင်နှုန်းအပြည့် အကောင်းဆုံးကစားသွားဖို့ကိုလည်း တိုက်တွန်းတောင်းဆိုထားပါတယ်။အဲဒီပွဲကိုအကောင်းဆုံးအနိုင်ကစားပြီး ကျွန်တော်တို့အသင်းရဲ့ အရည်အချင်းကို အကောင်းဆုံး ပြသသွားမှာပါ”လို့လည်း ပြောဆိုခဲ့ပါတယ်။ အမေရိကန်အသင်းဟာ ကမ္ဘာ့ဖလားမှာ ၁၀ ကြိမ်တိုင် ပါဝင်ကစားခွင့်ရရှိထားခဲ့တဲ့အသင်းဖြစ်ပါတယ်။ အဲဒီ ၁၀ ကြိမ်မှာ အမြင့်ဆုံးအနေနဲ့ ကမ္ဘာ့ဖလား စတင်ကျင်းပခဲ့သည့် ၁၉၃၀ ခုနှစ်က ဆီမီးဖိုင်နယ်အထိ ရောက်ရှိခဲ့တာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ တောင်ကိုရီးယား ကမ္ဘာ့ဖလားမှာတော့ ရှုံးထွက်အဆင့်ကနေပဲ ထွက်ခွာခဲ့ရတဲ့အသင်းလည်းဖြစ်ပါတယ်။

အောင်က

ကလင်းစမန်း

တစ်သင်းလုံးကောင်းမှုဖြစ်မယ်ဟုဆိုလိုက်တဲ့ နည်းပြ ဗန်ဟားလ်

လူးဝစ္စဗန်ဟားလ်၊ နယ်သာလန် အသင်းကို ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာ ကွာတားဖိုင်နယ်အထိတွန်းပို့ပေးနိုင်ခဲ့ပြီ။ နယ်သာလန်အသင်းရဲ့ကစားဟန်ကို ပြောင်းလဲပြီး ခံစစ်ဦးစားပေး တိုက်စစ်ဆင်ကစားစေခဲ့တဲ့အတွက် ဗန်ဟားလ်ကို ထူးချွန်တဲ့နည်းပြတစ်ဦးအဖြစ် ပေါ်လွင်စေခဲ့ပြီဖြစ်ပါတယ်။

ဗန်ဟားလ်

“ကျွန်တော့်ရဲ့ နယ်သာလန်အသင်းဟာ တိုးတက်မှုတွေရှိနေပြီး ပြုပြင်ပြောင်းလဲမှုတွေကို ရဲရဲတင်းတင်း လုပ်နိုင်ခဲ့တာလည်းပါဝင်တယ်။ ရှုံးထွက်အဆင့်မှာ မက္ကဆီကိုအသင်းကို အနိုင်ရအောင်ကစားနိုင်ခဲ့တာကလည်း ပွဲနောက်ဆုံးအချိန်အထိ အသင်းအပေါ် အာရုံစိုက်နေလို့ဖြစ်ပါတယ်”လို့ နည်းပြ ဗန်ဟားလ်က ပြောပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလား ရှုံးထွက်အဆင့်မှာ မက္ကဆီကိုအသင်းနဲ့ကစားတဲ့အခါ အခက်အခဲနဲ့ကြုံတွေ့ခဲ့ရပေမယ့် နည်းပြ ဗန်ဟားလ်ရဲ့အသင်းအပေါ် ကိုင်တွယ်မှု မှန်ကန်ကောင်းမွန်ခဲ့လို့သာ နောက်ဆုံးမှာတော့ အောင်ပွဲရပြီး ကွာတားဖိုင်နယ်တက်ရောက်ခဲ့တာဖြစ်ပါတယ်။

အသက် ၆၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နည်းပြ ဗန်ဟားလ်ဟာ အရင်က နယ်သာလန်အသင်းရဲ့ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ခဲ့ပြီး အခုအချိန်မှာတော့ နယ်သာလန်အသင်းရဲ့ နည်းပြဖြစ်သလို မန်ယူအသင်းရဲ့ နည်းပြလည်းဖြစ်နေပါတယ်။

အိုင်းယက်စ်အသင်း၊ ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူနစ်အသင်းတွေမှာ နည်းပြအဖြစ် တာဝန်ယူခဲ့သလို ဆုဖလားများစွာကိုလည်း ရယူနိုင်ခဲ့သူဖြစ်ပါတယ်။ နယ်သာလန်နည်းပြအဖြစ် ၂၀၀၀-၂၀၀၂ ခုနှစ်အထိ ပထမအကြိမ် ကိုင်တွယ်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ နယ်သာလန်အသင်းကို ဒုတိယအကြိမ် ပြန်လည်ကိုင်တွယ်ခဲ့တာဖြစ်ပါတယ်။ ပထမအကြိမ် နယ်သာလန်အသင်းကို ကိုင်တွယ်ခဲ့စဉ်က ကမ္ဘာ့ဖလားခြေစစ်ပွဲမအောင်မြင်ခဲ့ပေမယ့် အခုကမ္ဘာ့ဖလားပွဲမှာတော့ နယ်သာလန်အသင်းကို ကွာတားဖိုင်နယ်အထိ ပို့ဆောင်ထားပြီဖြစ်ပါတယ်။

“ကျွန်တော့်အတွက်တော့ လောလောဆယ်မှာ နယ်သာလန်အသင်း အောင်မြင်မှုရဖို့အတွက် စိတ်နှစ်ထားပါတယ်။ ကွာတားဖိုင်နယ်မှာ ကျွန်တော့်လူတွေ အကောင်းဆုံး လုပ်ပြနိုင်ဖို့နေရာချထားမှုကို အသေးစိတ်ပြန်စီစဉ်နေပါပြီ။ တစ်သင်းလုံး ကောင်းမှ အောင်ပွဲရမှာဖြစ်တာမို့ ကျွန်တော်တို့ အလေးအနက်ထားပြင်ဆင်နေရပြီဖြစ်ပါတယ်”ဟု နည်းပြ ဗန်ဟားလ်က ပြောသွားပါတယ်။

═ ကိုဝ ═

ဇာဘလက်တာကို ဖြတ်ကျော်နိုင်မည်ဟု မက်မီဒီ ပြောဆို

■ **ဖြိုးဒေါ်လာ**

ဆွစ်ဇာလန်တိုက်စစ်မှူး မက်မီဒီက သူသည် အာဂျင်တီးနား ညာနောက်တန်းကစားသမား ဇာဘလက်တာကို အကောင်းဆုံးဖြတ်ကျော်သွားနိုင်သည်ဟု ပြောဆိုလိုက်သည်။

အုပ်စုတွင်းပွဲစဉ်များ၌ တောင်ပံတိုက်စစ်နေရာတွင် အထူးခြေစွမ်းပြကစားထားသည့် အသက် ၂၃ နှစ်အရွယ် မက်မီဒီသည် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းနှင့်ကစားမည့်ပွဲတွင် အာဂျင်တီးနား နောက်တန်းကစားသမား ဇာဘလက်တာနှင့်ဆုံတွေ့ရမည့် အခြေအနေတွင် ရှိနေသည်။

မက်မီဒီက “ဇာဘလက်တာဟာ တိုက်စစ်အားသန်တဲ့ နောက်တန်းကစားသမားဖြစ်သလို ဘောလုံးလုယူရာမှာ အထူးကျွမ်းကျင်တဲ့ ကစားသမားပါ။ ဒီအတွက်ကြောင့် ကျွန်တော်လည်း ခံစစ်အထိ လိုက်ပါကစားရဖို့ရှိနေပါတယ်။ ဒါပေမယ့် သူဒီလိုတိုက်စစ်အထိ လိုက်ပါကစားတဲ့အခါ ကျွန်တော့်အတွက် နေရာလွတ်တွေရသွားမှာပါ။ ကျွန်တော် သူ့ကိုရှောင်နေစရာ မလိုပါဘူး”ဟု ပြောသွားသည်။

မက်မီဒီ

အာဂျင်တီးနားနဲ့ ဘယ်လ်ဂျီယံအသင်းတို့ ဂိုးမပြတ်ဘဲ အနိုင်ရရှိသွားမှာပါ

ထက်အောင်

ဒီဘရူနီ

အာဂျင်တီးနားအသင်းဟာ ကစားသမားကောင်းတွေ ပါဝင်နေပြီး စုစည်းမှုမဆိုးတဲ့ ဆွစ်ဇာလန်နဲ့ ရင်ဆိုင်ရမှာမို့ ရုန်းကန်ရမှာဖြစ်ပေမယ့် နိုင်ပွဲရရှိသွားဖို့ အလားအလာများတယ်။ ဘယ်လ်ဂျီယံအသင်းကတော့ အကောင်းဆုံးကစားပုံမရသေးတဲ့ အမေရိကန်အသင်းကို ရင်ဆိုင်ရမှာမို့ ဂိုးနည်းနည်းနဲ့ အနိုင်ရသွားနိုင်တယ်။

အာဂျင်တီးနား Vs ဆွစ်ဇာလန်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁-၇-၂၀၁၄၊ ည ၁၀း၃၀ Arena de Sao Paulo
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဆွစ်ဇာလန် ၁-၃ အာဂျင်တီးနား (၁-၃-၂၀၁၂)

အာဂျင်တီးနားဟာ ဆွစ်ဇာလန်နဲ့ လေးကြိမ်ဆုံတွေ့ခဲ့မှုမှာ ရှုံးပွဲမရှိခဲ့ဘဲ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေရတဲ့ထိ ရလဒ်ကောင်းခဲ့တဲ့အသင်းဖြစ်တယ်။ ဒါပေမယ့် အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောက်အသင်းလို့ သတ်မှတ်ကြတဲ့အသင်းတွေ ရုန်းအားကောင်းပြီး အသင်းကြီးတွေကို အခက်တွေ့အောင် ဖန်တီးနေနိုင်တာမို့ အခုပွဲမှာလည်း ဆွစ်ဇာလန်ရဲ့ရုန်းအားကြောင့် အာဂျင်တီးနား အခက်တွေ့နိုင်တယ်။ အာဂျင်တီးနားက အသင်းလိုက်စုဖွဲ့မှု ကောင်းတယ်။ ဘော့စနီးယား၊ နိုင်ဂျီးရီးယားတို့လို ရုန်းအားကောင်းတဲ့အသင်းတွေကို အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့တာမို့ ဆွစ်ဇာလန်ကိုလည်း ဖိအားပေးနိုင်မှာပါ။ ဒါပေမယ့် ဇာဘာလက်တာ၊ ဂါရေး၊ ရိုဂျိုတို့ဦးဆောင်တဲ့ အာဂျင်တီးနားခံစစ်ဟာ အားနည်းမှုအနည်းငယ် ရှိနေတယ်။ ဒ့ါအပြင် အာဂျင်တီးနားတိုက်စစ်ပိုင်းက ဂိုးဖန်တီးမှုကောင်းပေမယ့် ဂိုးရရှိရေးအတွက်တော့ မက်ဆီတစ်ဦးတည်းအပေါ် အမှီပြုနေရတာကို သတိပြုရမယ်။ အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုကလည်း ဒဏ်ရာပြဿနာကြောင့် အခုပွဲမှာ ပါဝင်နိုင်မှာမဟုတ်လို့ အာဂျင်တီးနားတိုက်စစ်ပိုင်း အနည်းငယ် အားနည်းသွားနိုင်တယ်။ ဆွစ်ဇာလန်က အီကွေဒေါ၊ ပြင်သစ်တို့နဲ့ ကစားခဲ့တဲ့ ပွဲတွေမှာ ကစားပုံကောင်းမွန်ခဲ့ပေမယ့် အုပ်စုနောက်ဆုံးပွဲအဖြစ် ဟွန်ဒူးရပ်စ်နဲ့ ပွဲမှာ ပြိုင်ဘက်ရဲ့ဖိအားပေးမှုခံခဲ့ရတယ်။ ဆွစ်ဇာလန်ရဲ့ ခံစစ်ကလည်း ကစားပုံ အကောင်းဆုံးပုံစံ မရှိသေးတာမို့ အာဂျင်တီးနားတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ ခက်တယ်။ ဒါပေမယ့် ဆွစ်ဇာလန်ရဲ့ ကွင်းလယ်နဲ့ တိုက်စစ်ပိုင်း အတွဲအဖက် မိနေတာကြောင့် ပြိုင်ဘက်ခံစစ်မှူးတွေကို ဖိအားပေးနိုင်မှု အားကောင်းနေတယ်။ ဆွစ်ဇာလန်အသင်းရဲ့ တိုက်စစ်ကစားသမားတွေကလည်း ဂိုးသွင်းခြေရှိတာမို့ အားနည်းမှုတွေရှိနေတဲ့ အာဂျင်တီးနားခံစစ် ဂိုးမပေးရဖို့ ရုန်းကန်ရမှာပါ။ ဒါပေမယ့် ဆွစ်ဇာလန်ဟာ အာဂျင်တီးနားနဲ့ ဆုံတွေ့တဲ့ပွဲတွေမှာ ရလဒ်ကောင်းရရှိဖို့ ရုန်းကန်ရတဲ့ အစဉ်အလာအတိုင်း အခုပွဲမှာလည်း အဂူရိုမှအပ အဓိကကစားသမား အစုံအလင် ပါဝင်လာမယ့် အာဂျင်တီးနားကို ခက်ခက်ခဲခဲ ရင်ဆိုင်ရနိုင်တယ်။ နှစ်သင်းစလုံး အသင်းလိုက်စုဖွဲ့မှုကောင်းမွန်နေပေမယ့် အဆုံးသတ်ပိုင်း ပိုမိုထက်မြက်တဲ့ အာဂျင်တီးနားအသင်းကသာ တစ်ဂိုးအသာနဲ့ အနိုင်ရရှိသွားလိမ့်မယ်လို့ သုံးသပ်မိတယ်။ **ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁**

အမေရိကန်ကစားသမားများ

ဘယ်လ်ဂျီယံ Vs အမေရိကန်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂-၇-၂၀၁၄၊ နံနက် ၂း၃၀ Arena Fonte Nova
နောက်ဆုံးဆုံတွေ့မှုရလဒ်	အမေရိကန် ၂-၄ ဘယ်ဂျီယံ (၃၀-၅-၂၀၁၃)

ဥရောပအခြေစိုက် ကစားသမားကောင်းများစွာပါဝင်နေတဲ့ ဘယ်လ်ဂျီယံရဲ့ အသင်းလိုက်ခြေစွမ်းက အကောင်းဆုံးအနေအထားမှာ မရှိသေးဘူး။ ဒါပေမယ့် နိုင်ပွဲရလိုစိတ်အတွက် အားစိုက်ရုန်းကန်တတ်တဲ့ ဘယ်လ်ဂျီယံအသင်းက အုပ်စုပွဲတွေမှာ ပြိုင်ဘက်အသင်းတွေကို အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့တဲ့အသင်းမို့ အမေရိကန်အသင်းကိုလည်း အခက်တွေ့စေနိုင်မှာပါ။ အုပ်စုအဖွင့်ပွဲမှာ အယ်လ်ဂျီးရီးယားကို ဂိုးပေးခဲ့ရပေမယ့် ရုရှား၊ တောင်ကိုရီးယားတို့နဲ့ပွဲတွေမှာတော့ ဘယ်လ်ဂျီယံခံစစ်ကစားပုံကောင်းမွန်ခဲ့တယ်။ ဒါပေမယ့် အခုပွဲမှာ အသင်းအဓိကခံစစ်ကစားသမားတွေဖြစ်တဲ့ ကွန်ပါနေးနဲ့ ဗာမာလန်တို့ ဒဏ်ရာပြဿနာတွေကြောင့် ခံစစ်ပိုင်းအနည်းငယ်အားနည်းနိုင်တာကို သတိပြုရမယ်။ ဘယ်လ်ဂျီယံအသင်းရဲ့ အဓိကတိုက်စစ်မှူး လူကာကူဟာ အုပ်စုပွဲတွေမှာ ဂိုးသွင်းယူနိုင်မှု မရှိခဲ့ဘူး။ ဘယ်လ်ဂျီယံရဲ့ကွင်းလယ်မှာ ခြေစွမ်းပိုင်းထက်မြက်တဲ့ ကစားသမားတွေ ပါဝင်နေပေမယ့် တွဲဖက်ကစားမှုမှာတော့ အနည်းငယ်အားနည်းနေတာမို့ တိုက်စစ်ကို ပံ့ပိုးပေးနိုင်မှု အားပျော့နေတာကိုသတိပြုရမယ်။ အမေရိကန်အသင်းက ဘယ်လ်ဂျီယံနဲ့ ဆုံတွေ့မှုတွေမှာ အသာစီးမရခဲ့တဲ့ အစဉ်အလာရှိတယ်။ လက်ရှိအမေရိကန်အသင်းရဲ့ အသင်းလိုက်ကစားပုံကလည်း တည်ငြိမ်မှုအားနည်းနေတာကြောင့် အုပ်စုပွဲတွေမှာ ပြိုင်ဘက်အသင်းတွေရဲ့ ဖိအားပေးမှုကိုခံခဲ့ရတယ်။ ဘရက်ဒလေ၊ ဘီဒိုရာ၊ ဘက်ကာမန်၊ ဂျုံးစ်တို့ရဲ့ အမေရိကန်ကွင်းလယ်ကလည်း ဘယ်လ်ဂျီယံကွင်းလယ်ကို စိုးမိုးကစားနိုင်ဖို့ အလားအလာ နည်းတာကြောင့် ဂိုးသွင်းခွင့်တွေ ဖန်တီးနိုင်မှုလည်း အားနည်းနိုင်တာကို သတိပြုရမယ်။ ဒ့ါအပြင် အမေရိကန်အသင်းဟာ ဂိုးရရှိရေးအတွက် ဝါရင့်တိုက်စစ်မှူး ဒမ်ဆေးအပေါ် အဓိကအားပြုနေရလို့ ဘယ်လ်ဂျီယံခံစစ်က ဒမ်ဆေးကို ထိန်းချုပ်ကစားသွားခဲ့ရင် အမေရိကန်အသင်း ဂိုးရဖို့အခက်တွေ့နိုင်တယ်။ အမေရိကန်အသင်းတိုက်စစ်ရဲ့ အဆုံးသတ်ပိုင်းကလည်း အားနည်းနေတာကြောင့် ဘယ်လ်ဂျီယံခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရမှာပါ။ ဒ့ါအပြင် အမေရိကန်အသင်းရဲ့ ခံစစ်ကစားပုံကလည်း အကောင်းဆုံးပုံစံမှာမရှိသေးဘူး။ ဘယ်လ်ဂျီယံအသင်း အနိုင်ရရှိဖို့ ရုန်းကန်ရမှာဖြစ်ပေမယ့် သာမန်ပွဲချိန် မိနစ် ၉၀အတွင်း ဂိုးနည်းနည်းနဲ့ကပ်နိုင်သွားလိမ့်မယ်လို့ မြင်မိတယ်။ **ဖြစ်နိုင်ဖွယ်ရလဒ် ၁-၀** *စာ-၂၁သို့*

ကွန်ပါနေး

မက်ဆီ